# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် စတင် တည်ထောင်သည်။ Established in 1957


**ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှု မရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိဟူသော အစာကို စားသုံး၍ နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)


၁၃၇၉ ခုနှစ် နတ်တော်လဆန်း ၁၃ ရက်၊ သောကြာနေ့။ Friday, 1 December 2017 ၉၁၂၅


# ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ



**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ယနေ့မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည်။ **(ယာပုံ)**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဗာတီကန်မြို့ပြနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစံလွင်၊ ဘန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဗာတီကန်မြို့ပြသံအမတ်ကြီး ဆရာတော် ပေါလ်ချန်းအင်နမ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ မြန်မာနိုင်ငံ ကက်သလစ်အသင်းတော်၏ ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ လက်ထောက်ဆရာတော် ဂျွန်စောယောဟန်၊ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဖဲလစ်လျန်းခင်းထန်နှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ရန်ကုန်မြို့မှ ပြန်လည်မထွက်ခွာမီ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ စိန့်မေရီကာသီဒြယ်ဘုရားကျောင်း၌ ခရစ်ယာန်လူငယ်များနှင့်အတူ ပူဇော်ဆုတောင်းခြင်း ပြုလုပ်သည်။

ထိုသို့ ပူဇော်ဆုတောင်းခြင်းပြုလုပ်ရာတွင် ငြိမ်းချမ်းသာယာရေးအတွက် အထွေထွေဆုတောင်းခန်းပြုလုပ်ပြီး ပူဇော်သက္ကာရအစီအစဉ်အရ မစ္ဆားပူဇော်ခြင်း၊ ကိုယ်တော်မြတ်ပင့်ခြင်း၊ ဆုတောင်းမေတ္တာပို့ခြင်းနှင့် ကောင်းချီးတော်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေကျင်းလေဆိပ်သို့ ရောက်ရှိရာ တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာန ဒုတိယဝန်ကြီး မစ္စတာ ကောရဲ့ကျိုးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။**

**ပေကျင်း နိုဝင်ဘာ ၃၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် အထွေထွေအတွင်းရေးမှူး Mr. Liu Huiyan၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်၊ မြန်မာသံရုံးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မော်တော်ယာဉ်များဖြင့် ခေတ္တနားနေမည့် ကူမင်းမြို့ Hai Geng Garden Hotel သို့ ရောက်ရှိရာ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး


**စာမျက်နှာ ၃ ကော်လံ ၃ သို့ ❂**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ ကျိုတိုမြို့နှင့် ဟီရိုရှီးမားမြို့များတွင် ကြည့်ရှုလေ့လာ

စာမျက်နှာ - ၅

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Lee Nak-yeon တို့ တွေ့ဆုံ

စာမျက်နှာ - ၅

မြန်မာနိုင်ငံမှာ ပြန်လည်နေထိုင်မယ်ဆိုရင် တည်ဆဲဥပဒေနဲ့အညီ နေထိုင်မယ်ဆိုတဲ့ ဝန်ခံချက်ကို ရေးထိုးရမှာဖြစ်

စာမျက်နှာ - ၁၀





ကြေးမုံ

# ဗလငါးတန်ဖွံ့ဖြိုးရေး မြှင့်တင်အားပေး

"ယနေ့ဖြစ်သော ကျောင်းသားလူငယ်များသည် နက်ဖြန် ပြည်ကြီးသားများ ဖြစ်ကြ၏ဟု ဆိုရိုးစကားရှိ၏။ သို့ဖြစ်ရာ ပြည်ကြီးသားတို့၏ အင်္ဂါလက္ခဏာတို့နှင့်ညီအောင် အုပ်ချုပ်နည်း၊ မိမိအခွင့်အရေးအတွက် ထိုးဖောက်နည်း၊ စကားပြောနည်း၊ စည်းကမ်းသေဝပ်နည်း၊ ကိုယ်လက်ကျန်းမာရေး စသည်ဖြင့် နည်းမျိုးစုံအောင် အသင်းအပင်း ကစားနည်းများကို ထွင်ကြရ၏"ဟု ဗိုလ်ချုပ်အောင်ဆန်း ကျောင်းသားဘဝက ရေးသားခဲ့သည့် ဆောင်းပါးတစ်ပုဒ်တွင် မှတ်သားဖူးသည်။

လူငယ်လူရွယ်များသည် တိုင်းပြည်အတွက် အားထားရသည့် မျိုးဆက်သစ်များဖြစ်၍ ခေတ်အဆက်ဆက် ခေါင်းဆောင်များ၊ ပညာရှိများ၊ ဆရာသမားများက အခါအခွင့်သင့်လျှင် သင့်သလို စိတ်ဓာတ်ခွန်အား မြှင့်တင်အားပေးမှုများ၊ ကူညီဖြည့်ဆည်းပေးမှုများ ပြုလုပ်ပေးခဲ့ကြသည်။ မကြာသေးမီရက်ပိုင်းက မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့သော ဗာတီကန်မြို့ပြနိုင်ငံမှ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က မြန်မာနိုင်ငံမှ လူငယ်လူရွယ်များအတွက် အကြံပြုအားပေးစကား ပြောကြားခဲ့သေးသည်။

အနာဂတ်သည် နိုင်ငံ၏ လူငယ်များလက်ထဲတွင် ရှိနေကြောင်း၊ လူငယ်များဟူသည်မှာ အမြတ်တနိုးထားပြီး မြေတောင်မြှောက်ပေးရမည့် လက်ဆောင်မွန်တစ်ခု၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် အရည်အသွေးရှိသော ပညာရေးကို မှန်ကန်စွာ ဖန်တီးပေးလျှင် ကြီးမားစွာအကျိုးဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း၊ ၎င်းသည် သားစဉ်မြေးဆက်များအကြား တရားမျှတမှုအတွက် အရေးပေါ် လိုအပ်ချက်တစ်ခုဖြစ်ပါကြောင်း၊ ရုတ်ခြည်းပြောင်းလဲနေပြီး ချိတ်ဆက်မှု အားကောင်းလျက်ရှိသော ကမ္ဘာကြီးရှိ မြန်မာနိုင်ငံ၏ အနာဂတ်သည် လူငယ်များအား လေ့ကျင့်ပျိုးထောင်ပေးမှုအပေါ်တွင် မူတည်ပါကြောင်း ပြောကြားခဲ့သည်။

ယနေ့ လူငယ်လူရွယ်များသည် ဒီမိုကရေစီနှုန်းစံများနှင့် ညီညွတ်သည့် နိုင်ငံတည်ဆောက်ရေး၊ လူ့ဘောင်လောက သာယာဖြောင့်ဖြူးရေး၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးကြီးသော မျိုးဆက်သစ်များ ဖြစ်သည်။ ထို့ကြောင့် လူငယ်လူရွယ်များ ဖွံ့ဖြိုးတိုးတက်လာရေးကို ခေါင်းဆောင်များက အလေးထား တိုက်တွန်းပြောကြားပေးနေခြင်းဖြစ်သည်။ လက်ရှိတွင် လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ယနေ့ စတင်ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်သည် လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသည့် ဗလငါးတန် မြှင့်တင်ပေးနိုင်ရေးနှင့် လူငယ်ရေးရာ မူဝါဒပြဋ္ဌာန်းရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်သည့်အပြင် လူငယ်အချင်းချင်း အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ မျှဝေပေးရေး၊ အနာဂတ် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို လူငယ်များ၏ အတွေးအမြင်ကောင်းများ၊ အရည်အသွေးကောင်းများဖြင့် အကောင်အထည်ဖော် တည်ဆောက်ရေးအတွက်ဖြစ်၍ ရည်ရွယ်ချက် ကောင်းမွန်သော ပွဲတော်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများကို ကြည့်မည်ဆိုလျှင် ၎င်းတို့နိုင်ငံရှိ လူငယ်လူရွယ်များ၏ စွမ်းပကားမြင့်မားစေရေးအတွက် ဘက်ပေါင်းစုံမှ မြှင့်တင်ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ နိုင်ငံ၏ အနာဂတ် ကောင်းမွန်ခြင်း၊ မကောင်းမွန်ခြင်းသည် လူငယ်လူရွယ်များအပေါ်တွင်သာ မူတည်သဖြင့် ယနေ့ လူငယ်လူရွယ်များအား အလေးထား မြှင့်တင် ပျိုးထောင်ပေးနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အနာဂတ် နိုင်ငံတော်အတွက် လူငယ်များစွမ်းပကားကို သိမြင်နားလည်ပြီးဖြစ်၍ လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို နည်းအမျိုးမျိုးဖြင့် ဆောင်ရွက် ပေးနေသည်။

သို့ဖြစ်ရာ ယနေ့ လူငယ်အင်အားစုများသည် အနာဂတ်နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော လူသား အရင်းအမြစ်များ၊ အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားများဖြစ်သောကြောင့် လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ လူငယ်လူရွယ်များအနေဖြင့်လည်း နိုင်ငံတော်က ဤသို့ မြှင့်တင် အားပေး ကူညီဆောင်ရွက်ပေးနေချိန်တွင် အလွန်တန်ဖိုးကြီးမားသော မိမိတို့၏ဘဝများကို အချည်းနှီး အချိန်မကုန်စေဘဲ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် အားတက်သရော ပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းချင်ပါသည်။ ။




၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၊ ၂၊ ၃)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ)

နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## စိုက်ပျိုးရေးပညာပေး လက်တွေ့သင်တန်းဖွင့်

**ဒိုက်ဦး နိုဝင်ဘာ ၃၀**

စိုက်ပျိုးရေးပညာပေး လက်တွေ့သင်တန်းကို နိုဝင်ဘာ နောက်ဆုံးပတ်က ဒိုက်ဦးမြို့နယ် ကျွန်းသုံးပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

MJT ထွန်စက်နှင့် လယ်ယာသုံးစက်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲထွန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြကာ သင်တန်းနည်းပြ ဦးဇော်နိုင်ဝင်းက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဒိုက်ဦးမြို့နယ်ရှိ ကျေးရွာအုပ်စု ၅၃ အုပ်စုမှ သင်တန်းသား သင်တန်းသူ ၁၀၀ ခန့် တက်ရောက်ကြပြီး နိုဝင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(IPRD)**



**နေပြည်တော် လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာရှိ အမှန်မြင်စာကြည့်တိုက်၌ ကျေးရွာနေပြည်သူ ၆၀ ကျော်အား ရာဇဝတ်မှုနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရန် နိုဝင်ဘာ ၂၈ ရက်က မှုခင်းကျဆင်းရေး သစ်ပုပ်ပင်နယ်မြေစခန်းမှူး ရဲအုပ်ထွန်းထွန်း ဟောပြောဆောင်ရွက်စဉ်။** မြို့နယ်(ပြန်/ဆက်)

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၃၀**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၃၅၀၀ | - | ၉၃၃၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၃၅၀၀ | - | ၉၃၃၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၆၅/၇၇၅ ကျပ်၊ | ၈၁၀/၈၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၁၅/၈၂၅ ကျပ်၊ | ၉၃၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၇၈၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၈၅/၇၉၅ ကျပ်၊ | ၈၃၀/၈၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၃/၇၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၅၅/၇၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၄/၇၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၄.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၄.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၆.၁၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၈၇၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၄.၁၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၀၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၁၇.၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၁၇ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၀.၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၂.၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## သွားစို့နွှဲပျော်
## လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

**လာ သူငယ်ချင်း သွားကြစို့ တူပျော်ပျော်**
**လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်**
**ပျော်စရာ ရွှင်စရာ**
**လေ့လာစရာ စုံအလင်နဲ့**
**ခြိမ့်ခြိမ့်သဲ ဒီပွဲတော် သုံးရက်တာနော်။**
**နွှဲပျော်စရာ ဒီပွဲတော်**
**အသိအမြင် ဗဟုသုတ**
**မျှဝေဖို့ လူငယ်ချင်း**
**တို့အတွေးအမြင် အရည်ချင်းတွေနဲ့**
**နိုင်ငံတည်ဖို့ ရည်ရွယ်ရင်း**
**ကျင်းပတဲ့ ဒီပွဲတော် သွားကြစို့နော်။**
**လှုပ်ရှားမှု စုံအလင်**
**စာပေရယ် အားကစား**
**အိုင်တီနဲ့ နည်းပညာ**
**အနုပညာ သိပ္ပံဆန်းတွေနဲ့**
**ကဏ္ဍစုံပြခန်းတွေလည်း**
**ပေါင်းစပ်ကာ ထည့်သွင်းထားတယ်**
**ဆင်နွှဲစို့ တူပျော်ပျော် ရန်ကုန်တက္ကသိုလ်မှာနော်။**
**ပွဲတော်မှာ နွှဲပျော်ရင်းဖြင့်**
**ပရဟိတ စိတ်ထားတွေ**
**ပေါင်းစပ်မှု အရည်အသွေးတွေနဲ့**
**ဆန်းသစ်တဲ့ အတွေးအမြင်**
**ထူးခြားတဲ့ အသိအမြင်တွေ**
**တိုးပွားကာ စိတ်ရွှင်လန်းမှာမို့**
**လာ. . . သွားစို့ သူငယ်ချင်း။ ။**

**နွေအင်ကြင်း**

ဒီဇင်ဘာ ၁၊ ၂၊ ၃ ရက်တို့တွင် ရန်ကုန်တက္ကသိုလ်ပရဝဏ်အတွင်း ကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်အား ဂုဏ်ပြုရေးသားပါသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲသင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ



**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အလုပ်သဘော ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

### မိန့်ခွန်းပြောကြားမည်

အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ရန်နှင့် ပေကျင်းမြို့၌ ကျင်းပမည့် တရုတ်ကွန်မြူနစ်ပါတီနှင့် ပြည်ပနိုင်ငံရေးပါတီများ၏ အဆင့်မြင့်ခေါင်းဆောင်များဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အထူးဧည့်သည်တော်အဖြစ် တက်ရောက်မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

### ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr.Yu Bianjiang နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်မြင့်မောင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့်တာဝန်ရှိသူများ လိုက်ပါသွားသည်။ **သတင်းစဉ်**

---

## သံအမတ်ကြီး ဦးမျိုးမြင့်သန်း ထိုင်းနိုင်ငံဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁**

ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးမြင့်သန်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဘန်ကောက်မြို့၌ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် မဟာ ဗာဂျီရာလောင်ကွန်း ဗုဒင်ဒရာဒီဘာရာ ဗာရန်ကူးရ်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

---

**✻ ကျောဖုံးမှ**

ယခုကျင်းပသည့် စားပွဲဝိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည့် ခေါင်းစဉ်များနှင့် အကြောင်းအရာများကို သက်ဆိုင်ရာ အစုအဖွဲ့များအတွင်း ပြန်လည်ဆွေးနွေးပြီး နောက်တစ်ကြိမ် စားပွဲဝိုင်းဆွေးနွေးပွဲတစ်ရပ် ကျင်းပသွားမည်ဖြစ်သည်။

စားပွဲဝိုင်း ဆွေးနွေးပွဲသို့ အစိုးရအစုအဖွဲ့မှ ဦးခင်ဇော်ဦး၊ ဦးဇော်ငွေး၊ ဦးကျော်ကျော်ဟန်၊ ဦးဗရတ်ဆင်း၊ ဦးနိုင်ဆွေဦး၊ ဦးသက်နိုင်ဦး၊ ဒေါက်တာဝါဝါမောင်၊ ဦးအောင်လွင်ဦး၊ ဒေါက်တာဒေါ်သီတာထွန်း၊ ရဲမှူးကြီးခင်ဇော်၊ ဒုတိယရဲမှူးကြီးအေးနိုင်၊ ဒေါက်တာသပြေညို၊ ဦးမင်းသိမ်း၊ ဦးလှမောင်ရွှေ၊ ဒေါက်တာဒေါ်စန်းစန်းအေး၊ ဦးဇော်ဝင်း၊ ဒေါက်တာဆန်းဦး၊ ဦးမျိုးမင်းစိုး၊ တပ်မတော်အစုအဖွဲ့မှ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဗိုလ်ချုပ်ဆန်းမြင့်၊ ဗိုလ်ချုပ်တင်မောင်ဝင်း၊ ဗိုလ်ချုပ်နေလင်း၊ ဗိုလ်မှူးချုပ်စိန်ထွန်းလှ၊ ဗိုလ်မှူးချုပ်ဝင်းမိုး၊ ဗိုလ်မှူးချုပ်မြင့်မောင်ဦး၊ ဗိုလ်မှူးချုပ်နေဝင်းအောင်၊ ဗိုလ်မှူးကြီးကျော်ကျော်ဦး၊ ဗိုလ်မှူးကြီးကျော်စိုးဦး၊ ဗိုလ်မှူးကြီးကျော်စိုးဝင်း၊ ဗိုလ်မှူးကြီးအောင်ခင်သိန်း၊ ဗိုလ်မှူးကြီးစန်းလွင်၊ ဗိုလ်မှူးကြီးထွန်းအေး၊ ဗိုလ်မှူးကြီးကျော်ဝင်းဇင်၊ ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဝင်း၊ ဦးစောဗိုလ်နီ၊ လွှတ်တော်အစုအဖွဲ့မှ ဦးအောင်စိုး၊ နော်ခရစ္စထွန်း၊ ဦးစိုးဝင်း၊ ဦးလွင်ကိုလတ်၊ ဦးငွေးဝင်းအောင်(ခ) ဦးပြုံးချို၊ ဒေါ်မိကွန်ချမ်း၊ ဒေါ်နန်းထွေးသူ၊ ဒေါ်နီရွှေလျန်း၊ ဦးမင်းဦး၊ ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့မှ ဦးကျော်ဝင်း၊ ဦးဇေယျာသူ၊ ဦးသန်းအေး၊ ဦးသန်းအောင်၊ ဦးမြင့်သိန်း၊ ပါမောက္ခ ဒေါက်တာမောင်မောင်အေး၊ ဦးမင်းဇော်ဦး၊ ဦးကိုကိုလှိုင်၊ ဦးအောင်နိုင်ဦး၊ ငွန်ကျုံးလျန်၊ မစုမွန်သဇင်အောင်နှင့် တိုင်းရင်းသားအစုအဖွဲ့မှ ကိုယ်စားလှယ်များဖြစ်သည့် ဦးလှဘော်အောင်၊ ဦးထုံဖူးဒဂုဏ်၊ ဦးစထွန်းအောင်၊ ဦးနိုင်စိုးသိန်း၊ ဦးသန်းမြင့်၊ ဦးနိုင်မောင်မြင့်၊ မန်းထောင်စိန်၊ ဦးကျော်မြင့်၊ ဦးဘောမ်လန်း၊ စိုင်းအောင်သာ၊ စိုင်းထွန်းရင်၊ စိုင်းကျော်ခိုင်၊ စိုင်းအောင်တင်၊ ဦးခီးရယ်၊ ဦးစောဘမိုး၊ ဦးစောကျော်မိုးတို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

စာအုပ်စာပေ လှူမိတ်ဆွေ

---

**❂ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

Mr. Chen Hao နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး Mr. Chen Hao တို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး Mr. Chen Hao က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ ကူမင်းမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာပြီး ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာန ဒုတိယဝန်ကြီး မစ္စတာ ကောရဲ့ကျိုး၊ စစ်သံမှူး ဗိုလ်မှူးချုပ်တင့်ဆန်း၊ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ပေကျင်းမြို့ရှိ ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိသည်။

ယင်းနောက် ဒေသစံတော်ချိန် ည ၇ နာရီတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး Mr. Song Tao က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။ **သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး Mr. Chen Hao တို့ ကူမင်းဟိုတယ်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**



**ညစာစားပွဲတက်ရောက်ရန် ရောက်ရှိလာသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး Mr. Song Tao က ကြိုဆိုနှုတ်ဆက်စဉ်။**

# တတိယ စီးပွားရေးအင်အားကြီးနိုင်ငံ အိန္ဒိယဖြစ်လာရန် တာစူနေဟုဆို

**နယူးဒေလီ နိုဝင်ဘာ ၃၀**

အိန္ဒိယနိုင်ငံသည် လာမည့်နှစ်အနည်းငယ်အတွင်းမှာပင် ကမ္ဘာပေါ်၌ စီးပွားရေးအရ တတိယအင်အားကြီးနိုင်ငံ ဖြစ်လာရန် တာစူလျက်ရှိသည်ဟု ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ဆူရက်ပရာဘူက ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြသည်။

အိန္ဒိယနိုင်ငံ၌ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၏ ၂၀ ရာခိုင်နှုန်းအထိ ထုတ်လုပ်မှုရှိလာစေရန် အစိုးရအဖွဲ့က လိုလားကြောင်း ဝန်ကြီး ပရာဘူက ပြောကြားသည်။

လာမည့်နှစ်အနည်းငယ်အတွင်းမှာပင် ဂျီဒီပီ၏ ၂၀ ရာခိုင်နှုန်းထက်မနည်းကို ထုတ်လုပ်မှုကဏ္ဍမှ ထောက်ပံ့ပေးရန် မိမိတို့မဟာဗျူဟာ ရေးဆွဲချမှတ်ထားကြောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပရာဘူက ပြောကြားသည်။

မိမိတို့ အစိုးရအဖွဲ့သည် ကမ္ဘာ့ကုန်စည်ထောက်ပံ့ပေးမှုစနစ်များအတွင်းသို့ ဝင်ရောက်နိုင်ရန် ကြိုးပမ်းနေသဖြင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းသစ်များကို ဖန်တီးပေးသွားမည်ဖြစ်ကြောင်း၊ အာဖရိက အပါအဝင် ကမ္ဘာ့အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပရာဘူက ဆက်လက်ပြောကြားသည်။

မြို့တော် နယူးဒေလီ၌ နိုဝင်ဘာ ၃၀ ရက်က ကျင်းပသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲတွင် မိန့်ခွန်းပြောကြားရာတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် ကမ္ဘာ့စီးပွားရေး၏ ပင်မကျောရိုးအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ၏ ပြည်ပပို့ကုန် တိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ရပ်တည်နေကြောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် အလုပ်အကိုင်နေရာများကိုလည်း ဖန်တီးပေးနိုင်ကြောင်း ပရာဘူက ပြောကြားသည်။

**ပီတီအိုင်**






# မြောက်ကိုရီးယားသို့ ရေနံတင်ပို့မှု ဖြတ်တောက်ရန် တရုတ်နိုင်ငံကို အမေရိကန်တိုက်တွန်း

**ကုလသမဂ္ဂ နိုဝင်ဘာ ၃၀**

အကယ်၍ စစ်ဖြစ်လာမည်ဆိုပါက မြောက်ကိုရီးယား အာဏာရှင် အစိုးရအဖွဲ့သည် လုံးလုံးလျားလျား ပျက်သုဉ်းလိမ့်မည်သာလျှင်ဖြစ်သည်ဟု ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလီက သတိပေးလိုက်ကြောင်း၊ မြောက်ကိုရီးယားသို့ ရေနံတင်ပို့မှုကို ဖြတ်တောက်လျှော့ချရန်လည်း အမေရိကန်က တရုတ်နိုင်ငံကို တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်သံအမတ်ကြီး ဟာလီသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးတစ်ရပ် ကျင်းပရန် ကုလသမဂ္ဂဆိုင်ရာ တောင်ကိုရီးယား သံအမတ်ကြီး ချိုတေးယူနှင့် တွေ့ဆုံဆွေးနွေးရာတွင် အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ မြောက်ကိုရီးယား၏ ဒုံးကျည်ပြဿနာနှင့်ပတ်သက်၍ ဆွေးနွေးရန် စီစဉ်ထားသည်။

တရုတ်နိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးအနေဖြင့် မြောက်ကိုရီးယားနှင့် ဆက်ဆံရေးအရပ်ရပ် ဖြတ်တောက်ရန် သံအမတ်ကြီး ဟာလီက တိုက်တွန်းခဲ့သည်။

**ရိုက်တာ**

# အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့မှ ဆီးရီးယားနှင့် အီရတ်ရှိ အိုင်အက်စ်တို့အား လေကြောင်းတိုက်ခိုက်မှုတွင် အရပ်သား ၈၀၀ ထက်မနည်း သေဆုံးဟုဆို

**ဘဂ္ဂဒက် နိုဝင်ဘာ ၃၀**

ဆီးရီးယားနှင့် အီရတ်နိုင်ငံတွင်းရှိ အစ္စလမ်မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) လက်နက်ကိုင်စစ်သွေးကြွအဖွဲ့ဝင်များအား အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့ဝင်များအား လေကြောင်းမှ စစ်ရေးအရတိုက်ခိုက်မှု စတင်ခဲ့သည့် ၂၀၁၄ ခုနှစ်မှ လက်ရှိကာလအတွင်း အရပ်သားဦးရေ ၈၀၀ ထက်မနည်း သေဆုံးခဲ့ရကြောင်း ညွန့်ပေါင်းအဖွဲ့က နိုဝင်ဘာ ၃၀ ရက်က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က အရပ်သားများအပေါ် ရည်ရွယ်တိုက်ခိုက်ခြင်းမရှိသော ဖြစ်ရပ်များ၌ အရပ်သား ၈၀၁ ဦးသည် ၂၀၁၄ ခုနှစ် သြဂုတ်လမှ ၂၀၁၇ ခုနှစ်အတွင်း ဖြစ်ပွားသော ညွန့်ပေါင်းအဖွဲ့မှ အိုင်အက်စ်တို့အပေါ် လေကြောင်းတိုက်ခိုက်မှုများအတွင်း သေဆုံးရကြောင်း အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များက လစဉ်ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။ ယင်းသေဆုံးသူ အရေအတွက်မှာ ဆီးရီးယားအရေးစောင့်ကြည့်လေ့လာရေးအဖွဲ့များမှ ထုတ်ပြန်သည့် အရပ်သားများသေဆုံးမှု အရေအတွက်ထက် များစွာနည်းပါးနေခဲ့သည်ဟု သတင်းတွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံအရေး လေ့လာစောင့်ကြည့်ရေးဆိုင်ရာ လေကြောင်းစစ်ပွဲ စောင့်ကြည့်ရေးအဖွဲ့ကမူ အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းလေတပ်ဖွဲ့မှ အိုင်အက်စ်တို့အား စီးနင်းတိုက်ခိုက်မှုများအတွင်း သေဆုံးရသူ အရပ်သားဦးရေမှာ ၅၉၆၁ ဦးရှိသည်ဟု ပြောကြားသည်။

**ဆင်ဟွာ**






# ပါကစ္စတန်နိုင်ငံရှိ ဗလီတစ်လုံး ဝင်ပေါက်၌ အကြမ်းဖက်သမားများ သေနတ်ပစ်ခတ်မှုဖြစ်ပွား

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၃၀**

ပါကစ္စတန်နိုင်ငံ မြို့တော်အစ္စလာမ္မာဘတ်ရှိ ဗလီတစ်လုံး၏ ဝင်ပေါက်၌ သေနတ်သမားများက ဦးတည်ရာမဲ့ ပစ်ခတ်ခဲ့သဖြင့် စုံစမ်းစစ်ဆေးရေးရဲအရာရှိတစ်ဦး သေဆုံးခဲ့ပြီး လေးဦးထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အကြမ်းဖက်သမားနှစ်ဦးက မော်တော်ဆိုင်ကယ်စီးနင်းလာပြီး ဗလီအတွင်း ဝတ်ပြုနေသူများအား ပစ်မှတ်ထားပြီး သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်ဟု လုံခြုံရေးအရာရှိများက ဆိုသည်။

ပါကစ္စတန်နိုင်ငံတွင် ဆွန်နီအစွန်းရောက်လက်နက်ကိုင်အဖွဲ့များသည် ရှီးယိုက်မျိုးနွယ်ဝင်များအား ပစ်မှတ်ထားကာ အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိသည်။

သို့သော် မြို့တော်အစ္စလာမ္မာဘတ်အတွင်း၌ လုံခြုံရေးတင်းကျပ်ထားသည့်အတွက် ဆွန်နီအစွန်းရောက်အဖွဲ့များ၏ အကြမ်းဖက်မှုများကြောင့် လူသေဆုံးမှုနည်းပါးသည်ကို တွေ့ရှိရသည်။

ယခုဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုသည် ဆွန်နီနှင့် ရှီးယိုက်မျိုးနွယ်စု နှစ်ခုအကြား တင်းမာမှုများကို မြင့်တက်စေရန် အစပျိုးပေးသည့်အတွက် ပြည်သူအချို့ ထိတ်လန့်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**





# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ ကျိုတိုမြို့နှင့် ဟီရိုရှီးမားမြို့များတွင် ကြည့်ရှုလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr.Tadamori OSHIMA ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကျိုတိုမြို့မှ ထွက်ခွာလာပြီး ဟီရိုရှီးမားမြို့သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ရောက်ရှိသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် နျူကလီးယားဗုံးဒဏ်ကြောင့် သေဆုံးခဲ့သူများအား ရည်စူး၍ လွမ်းသူ့ပန်းခွေချသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့သည် Hiroshima Peace Memorial Park သို့ ရောက်ရှိ၍ Peace Memorial Museum အတွင်း လှည့်လည်ကြည့်ရှုလေ့လာကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး Atomic Bomb Dome သို့ သွားရောက်ကြည့်ရှုလေ့လာသည်။


ထို့ပြင် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့သည် ကျိုတိုမြို့ရှိ Kinkaku-ji Temple သို့ ရောက်ရှိလေ့လာခဲ့သည်။

ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဟီရိုရှီးမားမြို့တော်ဝန် Mr. Kazumi Matsui က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ **သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr.Lee Nak-yeon တို့ တွေ့ဆုံ

**ဆိုးလ် နိုဝင်ဘာ ၃၀**

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဆိုးလ်မြို့ရှိ SK T.UM သို့ ရောက်ရှိကြပြီး SK telecommunication ၏ New ICT Experience Center (SK T.UM) ကို ကြည့်ရှုလေ့လာကြသည်။



ထို Center သည် ၂၀၀၈ ခုနှစ် နိုဝင်ဘာလက တည်ထောင်ခဲ့ပြီး အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် ICT နည်းပညာဆိုင်ရာတိုးတက်မြင့်မားနေမှုများအား အဆင့်မြင့်နည်းပညာဖြင့် မျှော်မှန်းပုံဖော်ထားမှုများကို တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြသည်။ ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့အား ပေါ်စကိုဒေဝူးမှ Senior Executive Vice President Mr. Joo, Si-Bo က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ် H.E.Mr. Lee Nak-yeon နှင့် ဝန်ကြီးချုပ်၏ ဧည့်ခန်းမဆောင်၌ တွေ့ဆုံပြီး မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး တိုးတက်မြင့်မားစေခြင်းဖြင့် နှစ်နိုင်ငံစီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရန် ကောင်းမွန်သည့် အခြေအနေဖြစ်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ကုမ္ပဏီပေါင်း ၂၀၀ ကျော်ခန့် လာရောက်လုပ်ကိုင်လျက်ရှိပြီး ကိုရီးယားသမ္မတနိုင်ငံသည် မြန်မာနိုင်ငံတွင် ဆဋ္ဌမမြောက် ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများကို မြန်မာနိုင်ငံတွင် ပိုမို၍လာရောက်ရင်းနှီးမြှုပ်နှံရန် ကြိုဆိုပါကြောင်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ကိုရီးယားရိုးရာဒရမ်ပွဲ(Nanta) ကို ကြည့်ရှုအားပေးခဲ့သည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံ၏ အမျိုးသားနေ့၊ နတ်ရွာစံ ထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ မွေးနေ့နှင့် Thailand’s Father Day အထိမ်းအမှတ် ဧည့်ခံပွဲ အခမ်းအနား ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ယနေ့ည ၇နာရီတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည့် ထိုင်းနိုင်ငံ၏ အမျိုးသားနေ့၊ နတ်ရွာစံထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ မွေးနေ့နှင့် Thailand’s Father Day အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ထိုင်းနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဂျတ်ခ်ဘွန်လုံက နဝမမြောက် ဘုရင်မင်းမြတ်နှင့် ယခုလက်ရှိ ဘုရင်မင်းမြတ်တို့အား ဂါရဝပြု၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး ညစာအတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ဒီမိုကရေစီစနစ်ခိုင်မာဖို့ National Database System တည်ဆောက်ကြစို့

## အောင်မျိုးဝင်း (ကျိုက်ထို)

ခေတ်မီစနစ်ကျသော ဒီမိုကရေစီနိုင်ငံတစ်ခု ထူထောင်ရန်အတွက် အဓိက အကျဆုံးသော အရာသည် ထိုတိုင်းပြည်၏ အခြေခံအုတ်မြစ်ဖြစ်သော စနစ်တစ်ခုပင်ဖြစ်သည်။ ယနေ့ခေတ် ကွန်ပျူတာနည်းပညာများ ထွန်းကားနေသည့် ၂၁ ရာစုတွင် ကမ္ဘာပေါ်ရှိ တိုင်းပြည်အားလုံးနီးပါးတွင် အောက်ဖော်ပြပါ Database များကို လက်တွေ့သုံးစွဲနေကြပြီဖြစ်သည်။ ၎င်းတို့မှာ -

၁။ ပြည်သူများအား ကာကွယ်ပေးရန်နှင့် ထိန်းချုပ်နိုင်ရန်အတွက် Human Resource Database

၂။ စီးပွားရေးလုပ်ငန်းများကို ထိန်းချုပ်ရန်နှင့် မတရားရောင်းဝယ်မှုများကို ကာကွယ်ပေးရန်အတွက် Business Database

၃။ ရွှေ့ပြောင်းနိုင်သည့် ယာဉ်ကဲ့သို့သော အရာများကို ထိန်းချုပ်ရန်နှင့် အပြစ်မဲ့ပြည်သူများကို အသက်အန္တရာယ်မှ ကာကွယ်ပေးရန်အတွက် Asset Database

၄။ အိုးအိမ်တိုက်တာ အဆောက်အအုံကဲ့သို့သော မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို ထိန်းချုပ်ရန်နှင့် ရောင်းမှားဝယ်မှားဖြစ်မှုတို့မှ ကာကွယ်ရန်အတွက် Property Database အစရှိသဖြင့် အစိုးရ၏ National Database များကို တည်ဆောက်၍ အုပ်ချုပ်ရေးယန္တရားများကို အားကောင်းစေရန် စီမံကြပါသည်။

Human Resource Database ဆိုသည်မှာ နိုင်ငံအတွင်း တရားဝင်မှီတင်းနေထိုင်ကြသည့် ပြည်သူ ပြည်သားများအားလုံး၏ ကိုယ်ရေးအချက်အလက်များကို ခေတ်မီကွန်ပျူတာစနစ်အတွင်း ထည့်သွင်း၍ အခြားသော သက်ဆိုင်ရာဌာနများသည် ၎င်းအချက်အလက်များကို ယူငင်သုံးစွဲနိုင်ခြင်းပင်ဖြစ်သည်။ တရားဝင်မှီတင်းနေထိုင်ကြသူများထဲတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ ဧည့်နိုင်ငံသားဖြစ်ရန် လျှောက်ထားသူများ၊ ရေရှည်နေထိုင်သော နိုင်ငံခြားသား အစရှိသဖြင့် မြန်မာ့မြေပေါ်၌ နေထိုင်သည့်ပြည်သူအားလုံးကို ဆိုလိုခြင်းဖြစ်သည်။

မွေးကင်းစ ကလေးငယ်မှစတင်၍ အိုမင်းမစွမ်းသူအထိ နိုင်ငံအတွင်းရှိ သက်ဆိုင်သူ လူတိုင်းလူတိုင်းအား မတူညီသော Unique အမှတ်စဉ် (Unique ID) များပေး၍ National Database အတွင်း ထည့်သွင်းရမည်ဖြစ်သည်။ ဤနေရာတွင် ပြည်သူများ သဘောပေါက်နားလည်ထားရမည်မှာ Unique အမှတ်စဉ်နှင့် ကတ်ပြားသည် ပြည်သူများ၏ အချက်အလက်များအား စာရင်းသွင်းထားခြင်းပင်ဖြစ်ပြီး နိုင်ငံသားဖြစ်ခြင်း မဖြစ်ခြင်းနှင့် သက်ဆိုင်မှုမရှိခြင်းပင်ဖြစ်သည်။

လက်ရှိ မိမိတို့နိုင်ငံ၏ မှတ်ပုံတင်စနစ်၊ နိုင်ငံသားစိစစ်ရေးစနစ်ကို ဥပမာပေးရလျှင် ပြည်သူများ၏ အချက်အလက်များအား ဓာတ်ပုံတစ်ပုံရိုက်ထားခြင်းထက်မပိုပေ။ အဘယ်ကြောင့်ဆိုသော် လူတစ်ဦးအား ကတ်ပြားတစ်ခုထုတ်ပေး၍ ၎င်း၏အချက်အလက်များကို လဝကရုံး၌ စာရွက်စာတမ်းနှင့် မှတ်ပုံတင်ထားရုံကလွဲ၍ အဆိုပါပုဂ္ဂိုလ်၏ နောက်ဆက်တွဲ ဆောင်ရွက်ချက်များ၊ ပိုင်ဆိုင်မှုများ၊ အတန်းပညာပြီးစီးမှုများကို ၎င်းကိုယ်တိုင် သွားရောက်သတင်းမပေးမချင်း အစိုးရက လုံးဝမသိနိုင်ပေ။ အမှန်ဆိုရလျှင် အစိုးရတစ်ရပ်အနေဖြင့် ပြည်သူအပေါ်တွင် CCTV ကြည့်သလို ကြည့်နေလျက် လိုအပ်ပါက သိမ်းဆည်းထားသည့် ဗီဒီယိုဖိုင်များကို တစ်ခဏအတွင်း ရှာဖွေနိုင်ရမည်ဖြစ်သည်။

ပြည်သူများ၏ သတင်းပေးချက်ကို မရရှိခင်ကတည်းက အစိုးရအနေဖြင့် ကြိုတင်သိရှိနေရမည်ဖြစ်သည်။ လက်ရှိစနစ်သည် ဤကဲ့သို့ သိမနေသည့်အတွက် ဒုစရိုက်မှုများကို ဖော်ထုတ်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းများ ပြုလုပ်ရာ၌ အလွန်အားနည်းသည့်အတွက် ကောင်းမွန်စွာနေထိုင်သည့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် လုံခြုံမှုကို ကာကွယ်ပေးနိုင်ရန်အတွက် လွန်မင်းစွာ အားနည်းလျက်ရှိသည်။

တချို့သော ဒုစရိုက်မှုများတွင်လည်း သက်သေခိုင်လုံအောင် မပြနိုင်သည့်အတွက် လွယ်ကူစွာပင် ဖျောက်ဖျက်ပစ်နိုင်ခဲ့သည်။ ပြည်သူများဘက်ကလည်း မည်သူမဆို မိမိ၏ ကောင်းသောအချက်အလက်များကိုသာ အစိုးရကို အသိပေးပြီး မကောင်းသော အချက်အလက်များကို အသိပေးမည်မဟုတ်သည့်အတွက် ဒုစရိုက်မှုအများစု၏ ကွင်းဆက်သည် ဘဲဥအစရှာမရသကဲ့သို့ လွယ်ကူစွာပင် ပျောက်ဆုံးသွားလေ့ရှိသည်။

ယခု မိမိတင်ပြသည့် National Database စနစ်သည် တာဝန်ယူသည့် ဝန်ကြီးဌာနတစ်ခုက စတင်ရမည်ဖြစ်သော်လည်း လုပ်ငန်းပြီးစီးသွားပါက ပြည်ထဲရေး၊ အခွန်ဘဏ္ဍာ၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားသော ဝန်ကြီးဌာနများသည်လည်း အချက်အလက်များကို အဓိကယူငင်သုံးစွဲကြမည်ဖြစ်သည်။ ၎င်းစနစ်၏ အဓိကရည်ရွယ်ချက်မှာ လက်ရှိမှတ်ပုံတင်ကတ်ပြားကို လှပသေသပ်သည့် ကတ်ပြားနှင့် လဲလှယ်ပေးရန်မဟုတ်ဘဲ ပြည်သူများ၏ အသက်စည်းစိမ်ကို ကာကွယ်ပေးနိုင်ရန်အတွက် ပြည်သူများ၏ အချက်အလက်များကို ခေတ်မီကွန်ပျူတာစနစ်ထဲသို့ ထည့်သွင်းပေးခြင်းဖြစ်သည်။

ရိုးရှင်းစွာဆိုရလျှင် ပြည်သူတစ်ဦးချင်းစီအတွက် သီးသန့်နံပါတ်တစ်ခုစီ သတ်မှတ်ပေးပြီး ၎င်း၏ ဘဝအကြောင်းအရာများအားလုံးကို အမြဲချိတ်ဆက်ပေးထားခြင်းပင်ဖြစ်သည်။ ဥပမာ - လူတစ်ယောက်၏ မွေးသက္ကရာဇ်၊ ကျား၊ မ၊ အရပ်၊ အလေးချိန်၊ လက်ဗွေ၊ ဓာတ်ပုံ စသည့် အချက်အလက်များကို တိုင်းပြည်၏ ဗဟိုအချက်အလက်ထိန်းသိမ်းသည့်နေရာမှ သိမ်းဆည်းရုံတင်မကဘဲ အခြားဝန်ကြီးဌာနများနှင့် မျှဝေသုံးစွဲနိုင်ရန်ဖြစ်သည်။ သို့မှသာ ပြည်သူများ၏ နေ့စဉ်ပြောင်းလဲလျက်ရှိသော လူမှုဘဝများကို အစိုးရအနေဖြင့် လျင်မြန်စွာ သိရှိလာနိုင်မည်ဖြစ်သည်။

ထို့အပြင် လက်ရှိအစိုးရဝန်ထမ်းများ၏ ဝန်ဆောင်မှုပေးနေလျက်ရှိသော ဌာနများ၌လည်း e-government ကို တည်ဆောက်လာနိုင်၍ ဝန်ဆောင်မှုများကို အချိန်ကုန်သက်သာပြီး အမှားအယွင်းနည်းပါးစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်မည့်အပြင် တိုင်းပြည်၏ ပုံရိပ်ကို ထိခိုက်စေမည့် အစိုးရဝန်ထမ်းများ၏ အဂတိလိုက်စားမှုကိုပါ တိုက်ဖျက်လာနိုင်မည်ဖြစ်သည်။ ဥပမာ-မိမိပိုင်ဆိုင်သည့် အိမ်၊ ကား၊ ဆိုင်ကယ် အစရှိသည်တို့ကို သက်တမ်းတိုးခြင်း၊ နိုင်ငံကူးလက်မှတ် လျှောက်ထားခြင်း စသည့် အစိုးရ၏ဝန်ဆောင်မှုလုပ်ငန်းများ၌ ယခုကဲ့သို့သော စနစ်များရှိမနေခြင်းကြောင့် ကြိုးနီစနစ်ကို လျှော့ချရန် အင်မတန်ခက်ခဲလျက်ရှိပြီး တချို့နေရာများ၌လည်း အစားထိုးရန်မလွယ်ကူသည့် အချက်များကိုပါ တွေ့ရှိရသည်။ ပြည်သူတစ်ဦးတစ်ယောက်အနေဖြင့် ၎င်း၏ ကား Owner Book ပျောက်သွားသည်ဖြစ်စေ၊ မှတ်ပုံတင်ကတ်ပြား ပျောက်သွားသည်ဖြစ်စေ အစားထိုးလုပ်ရာတွင် အလွန်ခက်ခဲလျက်ရှိပြီး အဆိုပါပြည်သူ၏ ဘဝတိုးတက်ရာတိုးတက်ကြောင်း အလုပ်များကို မလုပ်နိုင်တော့သည့်အတွက် တိုင်းပြည်၏ ကုန်ထုတ်လုပ်ငန်းများကိုပါ ထိခိုက်လာစေသည်။

> ❛ မြန်မာလူမျိုးများ စင်ကာပူကဲ့သို့သော နိုင်ငံသို့ ရောက်သွားပါက အဆိုပါတိုင်းပြည်၏ တင်းကျပ်လှသည့် စည်းကမ်းများကို တစ်သဝေမတိမ်း လိုက်နာကြရခြင်းသည် ထိုနိုင်ငံ၏ National Database စနစ် အားသာချက်ကို သိရှိခြင်းကြောင့်ဖြစ် ❜

အစိုးရဝန်ထမ်းအားလုံး၏ တူညီသည့်တောင်းဆိုမှုတစ်ရပ်သည် မိမိ၏ လစာဝင်ငွေနှင့် ကုန်ဈေးနှုန်း မျှတရေးပင်ဖြစ်သည်။ လက်ရှိရရှိသော လစာနှင့် မည်သည့်ဝန်ထမ်းမှ အဂတိကင်းစွာ အလုပ်လုပ်ပြီး လူတန်းစေ့ ဖူဖူလုံလုံ နေထိုင်နိုင်ခြင်းမရှိပေ။ ၎င်းပြဿနာကို ဖြေရှင်းရာ၌လည်း ပုံမှန်လစာတိုးပေးခြင်းထက် အစိုးရဝန်ထမ်းများ၏ လုပ်အားကို ပိုမိုရယူ၍ မူလလစာကို တိုးပေးခြင်းသာလျှင် ရေရှည်အတွက်အဖြေဖြစ်သည်။ ဥပမာပြရသော် လက်ရှိ ယာဉ်မှတ်ပုံတင်ရေးဌာန၌ ဝန်ထမ်း ၅၀ ရှိ၍ တစ်နေ့လျှင် ကားအစီးရေ ၂၀၀ ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်သည်ဟု သတ်မှတ်လျှင် လက်ရှိအခြေအနေ၌ ဝန်ထမ်းအားလုံး ရိုးသားကြိုးစားဆောင်ရွက်နေသော်ငြားလည်း စနစ်တကျဖြင့် သက်ဆိုင်ရာဌာနအားလုံးနှင့် ချိတ်ဆက်ထားသော National Database စနစ်မရှိသည့်အတွက် ကြိုးနီစနစ်၏ အခြေခံစာရွက်စာတမ်းများနှင့်သာ အလုပ်ရှုပ်၍ အချိန်တော်တော်များများသည် ကုန်ဆုံးလေလွင့်နေမည်ဖြစ်သည်။ ကောင်းမွန်သော စနစ်သာရှိပါက ဝန်ထမ်းဦးရေ ၂၀ ခန့်မျှသာ အသုံးပြု၍ တစ်နေ့လျှင် ကားအစီးရေ ၄၀၀ ခန့်ကို ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဝန်ထမ်းဦးရေအနည်းငယ်ဖြင့် ဝန်ဆောင်မှုများစွာ ပေးလာနိုင်သည့်အခါ အစိုးရအနေဖြင့် မူရင်းလစာကို နှစ်ဆသော်လည်းကောင်း ပေးလာနိုင်မည်ဖြစ်သည်။ ပြည်သူများအနေဖြင့်လည်း အချိန်ကုန်သက်သာသည့်အတွက် အခြားကုန်ထုတ်လုပ်ငန်းများ၌ ပိုမိုအလုပ်လုပ်နိုင်လာသည့်အတွက် တိုင်းပြည်ဝင်ငွေတိုးလာမည်ဖြစ်သည်။ လျှော့ချလိုက်ရသော ဝန်ထမ်းဦးရေ ၃၀ အတွက်ကား တိုင်းပြည်စနစ်တကျတိုးတက်လာလျှင် အစိုးရဝန်ထမ်းအရေအတွက် အလိုလိုလျော့နည်းလာ၍ ပြည်သူများသည် ဝင်ငွေပိုမိုကောင်းမွန်ကာ ပိုမိုစိတ်လှုပ်ရှားဖွယ်ရှိသော ပြင်ပပုဂ္ဂလိက အလုပ်ခွင်များသို့ ရောက်သွားမည်ဖြစ်သကဲ့သို့ပင် ၎င်းတို့အားသန်ရာ လုပ်ငန်းခွင်သို့ ရောက်ရှိသွားမည်ဖြစ်သည်။

လက်ရှိအစိုးရဝန်ထမ်းများအနေဖြင့် အလုပ်ကိုပိုမိုကြိုးစားကြလျက် ကောင်းမွန်တဲ့ဘဝ ရောက်သွားခြင်းသည် မလောက်မငလက်ရှိ ဝန်ထမ်းဘဝထက် သာလွန်ကောင်းမွန်မှာဖြစ်သည့်အတွက် တိုင်းပြည်အတွက် ကောင်းကျိုးကိုသာ ဖြစ်ထွန်းစေမှာဖြစ်သည်။

National Database လို ခိုင်မာသည့် စနစ်တစ်ခု ရှိမနေခြင်းသည် အမှုကိစ္စများတွင် သက်သေဖော်ထုတ်ရန်အတွက် အလွန်တရာအားနည်းလှပေသည်။ ထို့ပြင် နိုင်ငံအတွင်း မှုခင်းအရေအတွက် များပြားရခြင်းအကြောင်းအရင်းမှာ ပြည်သူများအနေဖြင့် တည်ဆဲဥပဒေတွေကို လွယ်လွယ်ကူကူ ချိုးဖောက်ရန် လွယ်ကူခြင်းအပြင် ချိုးဖောက်လျှင်လည်း တရားစွဲနိုင်ရန်အတွက် သက်သေပစ္စည်းရယူရန် အစိုးရ၌ စနစ်မရှိ၍ လူအများသည် လွယ်ကူစွာ ဥပဒေချိုးဖောက်နေကြခြင်းဖြစ်သည်။ ဥပမာ-လမ်းဘေးမှာ တရားမဝင် ဈေးဆိုင်ခင်းထားခြင်း၊ ကားရပ်နားရန် နေရာဦးခြင်း စသည့် အသေးအဖွဲ့ကိစ္စများနှင့် ပြည်သူတွေအပေါ် မတရားဗိုလ်ကျမှုများသည် National Database နှင့် ခိုင်မာသည့် ဥပဒေစနစ်မရှိခြင်းကြောင့်ဖြစ်သည်။ အကယ်၍ ပထမအကြိမ် ကျူးလွန်ခြင်းထက် ဒုတိယအကြိမ် ကျူးလွန်ခြင်းက ဒဏ်ကြေး ပိုမိုများပြားမည်ဆိုပါက မည်သူမှ ကျူးလွန်ခြင်းရှိတော့မည် မဟုတ်ပေ။ ထို့အတူ လမ်းဘေးကွမ်းတံတွေးထွေးခြင်းကိုလည်း အစိုးရအနေဖြင့် ပြည်သူများအား မေတ္တာရပ်ခံနေမည့်အစား ကျူးလွန်သူ ကိုယ်တိုင်ရှိ Unique ID နှင့်ချိတ်ဆက်၍ ဒဏ်ရိုက်မည်ဆိုပါက သူတို့၏ သမိုင်းကိုယ်ရေးရာဇဝင်ထဲ ပါဝင်သွားကာ အလုပ်ရှာခြင်းနှင့် အခြားကိစ္စရပ်များတွင် ခက်ခဲသွားနိုင်သည့်အတွက် မည်သူကမျှ ကျူးလွန်တော့မည် မဟုတ်ပေ။

ယနေ့ခေတ်တွင် အမြဲကြားနေရသည့် အိမ်အရောင်းအဝယ်ကိစ္စရပ်များတွင် အစိုးရက မည်သူက တရားဝင်ပိုင်ဆိုင်ကြောင်း လွယ်လွယ်ကူကူ Database မှ မဖော်ပြနိုင်ခြင်းကြောင့် လောဘရှိသော ပြည်သူများအား ဆုံးရှုံးနစ်နာစေပြီး လိမ်လည်သူများအတွက် ရပေါက်ရလမ်းတစ်ခုကဲ့သို့ ဖြစ်နေပါသည်။ ပြည်သူများအား ခေတ်မီစည်းကမ်းရှိလာစေရန် တာဝန်ယူမှု၊ တာဝန်ခံမှု စိတ်များကိန်းအောင်းလာစေရန် အစိုးရအနေဖြင့် မေတ္တာရပ်ခံနေရန် မလိုအပ်ပေ။ ခေတ်မီသည့်စနစ်များကို အသုံးချ၍ ဆုပေးဒဏ်ပေးစနစ် လုပ်ပေးနိုင်မှသာ ပြည်သူများ၏ မတော်လောဘစိတ်များ လျော့ကျ၍ ကိုယ်ချင်းစာစိတ်များ ဖြစ်ပေါ်လာမည်ဖြစ်သည်။ အပြစ်တစ်ခုခုကျူးလွန်ရခြင်းကို ပြည်သူအားလုံးနီးပါး အလိုလိုကြောက်နေရသည့် စနစ်ရှိနေပါက မည်သူမျှ ပြစ်မှုကျူးလွန်ကြမည်မဟုတ်ပေ။ ဥပမာဆိုရသော် မြန်မာလူမျိုးများ စင်ကာပူကဲ့သို့သော နိုင်ငံသို့ ရောက်သွားပါက အဆိုပါတိုင်းပြည်၏ တင်းကျပ်လှသည့် စည်းကမ်းများကို တစ်သဝေမတိမ်း လိုက်နာကြရခြင်းသည် ထိုနိုင်ငံ၏ National Database စနစ်အားသာချက်ကို သိရှိခြင်းကြောင့် ဖြစ်သည်။

တိုင်းပြည်တစ်ပြည်၏ အုပ်ချုပ်ရေးယန္တရားကို မေတ္တာဖြင့်ဖြစ်စေ၊ သေနတ်ဖြင့်ဖြစ်စေ အုပ်ချုပ်၍ ရနိုင်မည်မဟုတ်ပါ။ လူတွေအားလုံး ကောင်းအောင်နေကြရန် ဟီရိဩတ္တပ္ပတရား ထားကြရန်အတွက် ရွှေပြည်အေးတရား ထိုင်ဟောနေမည်ဆိုပါကလည်း လူကောင်းစိတ်ရှိသူ ၉၀ ရာခိုင်နှုန်းရှိနိုင်ပေမည့် ကျန်သည့် မကောင်းစိတ်အခြေခံရှိသူ ၁၀ ရာခိုင်နှုန်းကြောင့် လူကောင်း ၉၀ ရာခိုင်နှုန်း၏ စိတ်ဓာတ်များကို ပျက်ပြားအနှောင့်အယှက်ဖြစ်စေပါသည်။ အထူးသဖြင့် နိုင်ငံတော်၏ အခွန်ငွေကိစ္စတွင် အဆိုးဆုံးဖြစ်သည်။

လူများ၏ သဘာဝလောဘစိတ်ကြောင့် မိမိပေးရမည့် အခွန်ငွေများကို တတ်နိုင်သလောက် ရှောင်ကြခြင်းသည် ပြည်သူများ၏ အပြစ်မဟုတ်ပါ။ အခွန်ရှောင်လို့မရအောင် လုပ်ထားရမည့် စနစ်မရှိခြင်းသည် အဓိကပြဿနာဖြစ်သည်။ လက်ရှိအခြေအနေအရ အစိုးရတစ်ရပ်သည် မည်သူ မည်မျှ အကျိုးအမြတ်ရှိနေမှန်း ဂဃနဏ မသိခြင်းကြောင့် မှန်းခြေနှင့် အခွန်ကောက်နေရသည့်သဘောဖြစ်နေလျက်ရှိသည်။ ဤကဲ့သို့ အခြေအနေမျိုး၌ အဆိုးဆုံးခံစားနေရသော အုပ်စုသည်ကား ဝန်ထမ်းများပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ရရှိသော လစာသည် စာရင်းရှိ၍ ကုမ္ပဏီ၏ အမြတ်ငွေစုစုပေါင်းသည်ကား သက်သေမရှိသောကြောင့် စေတနာရှိသလောက် လိမ်ညာပြကြသည်။ အမှန်ဆိုလျှင် နိုင်ငံတော်၏ အဓိကအခွန်ငွေသည် ကုမ္ပဏီများမှ ဝင်လာရန်ဖြစ်သော်လည်း လက်ရှိအခြေအနေသည် 'ယုန်ထောင် ကြောင်မိ' ဆိုသကဲ့သို့ ဖြစ်နေသည်။ ပေးရမည့်သူတွေကမပေးဘဲ ဝမ်းစာအတွက် ရုန်းကန်နေရသူတွေက ပေးနေကြရခြင်းသည် တရားမျှတသော National Database စနစ်မရှိနေခြင်းကြောင့်ဖြစ်သည်။

သို့ဖြစ်၍ စစ်မှန်ငြိမ်းချမ်းသော ဒီမိုကရေစီစနစ်နှင့်အတူ အဘက်ဘက်မှ တိုးတက်၍ ချမ်းသာသော နိုင်ငံတစ်ခု တည်ဆောက်ခြင်းအတွက် ကောင်းမွန်သော စနစ်ကျသည့် National Database စနစ်တစ်ခု မရှိမဖြစ် လိုအပ်ကြောင်း အသိပေး ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကြိုတင်ပြင်ဆင်ထားမှုများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၃၀**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့်သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ်တွင် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ဖွင့်ပွဲအခမ်းအနားအတွက် လေ့ကျင့်နေမှုများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့များ၏ တီးမှုတ်ဖျော်ဖြေမှုများ၊ ဖွင့်ပွဲအခမ်းအနားကျင်းပမည့် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအတွင်း ပြင်ဆင်ထားရှိမှုအခြေအနေများနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များသိပ္ပံသုတေသနဌာနတို့၏ ပြခန်းများအပါအဝင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပါဝင်ပြသမည့်ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဧည့်ခန်းမတွင် Deutsche Welle Akademie(DW)မှ ဌာနေကိုယ်စားလှယ် Ms. Isabella Kurkowski နှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ၂၀၁၈ ခုနှစ် ဇူလိုင်လနောက်ပိုင်းတွင် စာချုပ်သက်တမ်းပြည့်မည့် DW သတင်းဌာနနှင့် ၂၀၁၈-၂၀၂၀ ပြည့်နှစ်အထိ ဆက်လက်သက်တမ်းတိုးမြှင့်ရေး၊ DW သတင်းဌာနတွင် MRTV နှင့် အွန်လိုင်းမီဒီယာသတင်းဌာနများ တိုးချဲ့ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားရုပ်သံမီဒီယာများနှင့်လည်း အွန်လိုင်းမှတစ်ဆင့် သတင်းချိတ်ဆက်ရယူရေး၊ ရန်ကုန်နှင့် နေပြည်တော်တွင် အွန်လိုင်းမီဒီယာသတင်းဌာနများထားရှိပြီးပါက ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများကို လုပ်ငန်းခွင်စွမ်းရည်တိုးတက်စေရန် သင်တန်းများပို့ချရေး၊ ဒစ်ဂျစ်တယ်လိုင်းအတွက် ဈေးကွက်သုတေသနထားရှိမည့်အပြင် အဆိုပါဌာန၌ ပရိသတ်ဖျော်ဖြေတင်ဆက်မှုများကို စစ်တမ်းကောက်ယူရေး၊ သတင်းအချက်အလက်များသိမ်းဆည်းထားရေး အစရှိသည့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ်၌ ကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ခင်းကျင်းပြသထားသည့် ပြခန်းများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေးလုပ်ငန်းဆိုင်ရာများနှင့် ပြခန်းများ ပြင်ဆင်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။



**ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကားပြောကြားရာတွင် ယခုဆောင်ရွက်မည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးရေးတာဝန်သည် ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ကော်မတီအသီးသီးမှ ပုဂ္ဂိုလ်များအားလုံး၏ ပခုံးထက်တွင် ထိုက်ထိုက်တန်တန်ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ၎င်းတို့၏ အမျိုးသားခေါင်းဆောင်ကြီးများကို ဂုဏ်ထူးဝင်မြောက်သည့် ရုပ်ရှင်ဇာတ်ကားကြီးများအဖြစ် ရိုက်ကူးထုတ်လုပ်ပြသခဲ့သည်များ ရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိကို ရုပ်ရှင်အဖြစ် ရိုက်ကူးနိုင်ရန် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်က စတင်ကြိုးပမ်းခဲ့ကြပါကြောင်း၊ ယခုအခါ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပါ ချိတ်ဆက်ပြီးရုပ်ရှင်ဇာတ်ကားကြီး အောင်မြင်စွာ ရိုက်ကူးထုတ်လုပ်ဖြန့်ချိပြသသွားနိုင်ရေး ကူညီဆောင်ရွက်ရန် အခွင့်အလမ်းပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊ ဇာတ်ကားရိုက်ကူးရေးအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အတတ်နိုင်ဆုံး အပြန်အလှန် နားလည်မှုရှိစွာနှင့် ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိကို သမိုင်းဖြစ်ရပ်မှန်နှင့် ဗိုလ်ချုပ်၏ လုပ်ဆောင်ချက်များကို အနုပညာမြောက်စွာ၊ သဘာဝကျစွာ ဖန်တီးပုံဖော်ကြမည်ဟု ယုံကြည်ပါကြောင်း၊ ထိုသို့ ပုံဖော်ရာတွင် သမိုင်းအချက်အလက်များ မှန်ကန်တိကျမှုကို အလေးထားရမည်ဖြစ်ပါကြောင်း၊ ဝတ်စားဆင်ယင်မှု၊ အသုံးအဆောင်ပရိဘောဂ၊ အဆောက်အအုံ၊ ယာဉ်ရထားကအစ လွန်ခဲ့သည့်နှစ်တစ်ရာဝန်းကျင်လောက်အထိ အစပြန်ကောက်ကြရမည် ဖြစ်ပါကြောင်း၊ တိုးတက်လျက်ရှိသော နည်းပညာများကို အသုံးပြုပြီး ဇာတ်ကားကြီးကို အဆင့်မြင့်မြင့် ရိုက်ကူးတင်ပြသွားမည်ဟုမျှော်လင့်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၎င်းရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးတည်းဖြတ်သည်မှ ထုတ်လုပ်ဖြန့်ချိသည်အထိ ကြုံတွေ့လာနိုင်သည့် လုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များကို ပြုစုရေးဆွဲထားပါကြောင်း။

အဆိုပါ အချက်များကိုတက်ရောက်လာသူများကလည်း ဝိုင်းဝန်းဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်း၊ အနုပညာရပ်ပိုင်းဆိုင်ရာ တွေးတောမှု၊ ကြံစည်မှု၊ ဖန်တီးမှုများကို ဘာသာရပ်အလိုက် ကျွမ်းကျင်သူများက လွတ်လပ်စွာဆောင်ရွက်သွားကြရန်နှင့် ယခုတက်ရောက်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများကလည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်သိက္ခာနှင့် လျော်ညီသော ရုပ်ရှင်ဇာတ်ကားကြီးတစ်ကား ပေါ်ထွန်းလာရေးအတွက် အကောင်းဆုံး ဖြည့်ဆည်းကူညီပံ့ပိုးဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် ဦးထွန်းအုံးက လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး-၂ ဦးလူမင်း၊ ဦးသူရ(ခ)ဦးဇာဂနာ၊ ထွန်းအိန္ဒြာဗိုလ်၊ ဒါရိုက်တာမင်းထင်ကိုကိုကြီး၊ ဦးဇော်သက်ထွေး၊ ဒါရိုက်တာအိအိခိုင်နှင့် ဒါရိုက်တာကြည်ဖြူသျှင်တို့က အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် အောင်မြင်စွာ ရိုက်ကူးထုတ်လုပ်နိုင်ရေးအတွက် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးအတွက် ရရှိထားသော အလှူငွေကျပ်သိန်း ၈၃၀၀ ကို ပြန်လည်လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏အတ္ထုပ္ပတ္တိကိုအနာဂတ်မျိုးဆက်သစ်လူငယ်လူရွယ်များ အတုယူအားကျနိုင်စေရန် ရုပ်ရှင်ဇာတ်ကားအဖြစ် မှတ်တမ်းတင်ရိုက်ကူးနိုင်ရေးအတွက် စတင်ဆောင်ရွက်ခဲ့ကြသည့် ရုပ်ရှင်ရိုက်ကူးရေး ဗဟိုကော်မတီအဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့သမိုင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အစည်းအရုံးအဖွဲ့ဝင်များ၊ ဗိုလ်ချုပ်ရုပ်ရှင်ရိုက်ကူးရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# Leopalace 21 Myanmar Open 2018

## ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် သတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ Asian Tour၊ မြန်မာပီဂျီအေနှင့် Japan Golf Tour တို့ ပူးပေါင်း၍ Leopalace 21 ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် Leopalace 21 Myanmar Open 2018 ဂေါက်သီးရိုက်ပြိုင်ပွဲ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ Asian Tour မှ ဒါရိုက်တာ ဦးကြည်လှဟန်နှင့် Japan Golf Tour မှ မန်နေဂျင်းဒါရိုက်တာ Mr.Koetsu Sasaki က အမှာစကားပြောကြားသည်။ ထို့နောက် Leopalace 21 ဥက္ကဋ္ဌ Mr. Eisei Miyama က ပြိုင်ပွဲအား ပံ့ပိုးကူညီပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးတင်ဦးတို့က မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော မီဒီယာများက ပြိုင်ပွဲနှင့် ပတ်သက်သည့်ကိစ္စရပ်များအား မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို Leopalace 21 ၏ အဓိကပံ့ပိုးကူညီမှုဖြင့် သုံးနှစ်ဆက်တိုက်ကျင်းပခြင်းဖြစ်ပြီး မြန်မာအိုးပင်းပြိုင်ပွဲအမည်ဖြင့် (၁၅) ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ Leopalace 21 Myanmar Open 2018 ဂေါက်သီးရိုက်ပြိုင်ပွဲကို Asian Tour နှင့် Japan Golf Tour တွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် နာမည်ကြီးကစားသမားများဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး စုစုပေါင်း ၁၄၄ ဦးဖြင့် ကျင်းပရန် စီစဉ်ထားကာ မြန်မာနိုင်ငံမှ ပရော်ဖက်ရှင်နယ်ကစားသမား ၁၀ ဦးနှင့် အပျော်တမ်းကစားသမား လေးဦး ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ဆုကြေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၇၅၀၀၀၀ ချီးမြှင့်မည်ဖြစ်ပြီး ချန်ပီယံဆုရသည့် ကစားသမားမှာ အမေရိကန်ဒေါ်လာ ၁၃၅၀၀၀ ရရှိမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဂေါက်သီးအားကစားဝါသနာရှင်များ အခမဲ့လာရောက်အားပေးနိုင်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ဟောပြောဆွေးနွေးသွားမည့် ရန်ကုန်တက္ကသိုလ် ပါမောက္ခများ၏ စကားသံများ

**ဒီဇင်ဘာလ ၁ ရက်သည် ရန်ကုန်တက္ကသိုလ်၏ မွေးနေ့ဖြစ်ပြီး ထိုနေ့နှင့် တိုက်ဆိုင်စွာ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ရန်ကုန်တက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပသွားမည်ဖြစ်သည်။**

**မြန်မာလူငယ်များအချင်းချင်း အသိပညာ၊ အတတ်ပညာ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ မျှဝေနိုင်ရန်နှင့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်များနှင့်အညီ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ပွဲတော်ကာလ သုံးရက်အတွင်း စာပေဆိုင်ရာ လှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာ လှုပ်ရှားမှုများ၊ အားကစားဆိုင်ရာ လှုပ်ရှားမှုများ၊ IT နှင့် သိပ္ပံနည်းပညာဆိုင်ရာ လှုပ်ရှားမှုများ ပါဝင်မည်ဖြစ်ပြီး စာအုပ်ဈေးရောင်းပွဲတော်များ၊ လူငယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များ၊ ဆွေးနွေးပွဲများ၊ အဆို၊ အက၊ အတီးများဖြင့် ဖျော်ဖြေမှုများပါဝင်မည်ဖြစ်သည်။ ထို့ပြင် ရန်ကုန်တက္ကသိုလ်ဘာသာရပ်ဌာန ၂၂ ခုမှ ပြခန်းများပါဝင်မည်ဖြစ်ပြီး ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများက ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ပြခန်းအသီးသီးတွင် ရှင်းလင်းဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဘာသာရပ်ဆိုင်ရာ ပါမောက္ခများကို မြန်မာ့သတင်းစဉ်က ယခုကဲ့သို့တွေ့ဆုံမေးမြန်းခဲ့သည်-**

**ဒေါက်တာဖိုးကောင်း**
**ပါမောက္ခချုပ် ရန်ကုန်တက္ကသိုလ်**

ရန်ကုန်တက္ကသိုလ်က ဝိဇ္ဇာနဲ့ သိပ္ပံတက္ကသိုလ်ဖြစ်ပါတယ်။ သိပ္ပံဘာသာရပ်အနေနဲ့ အခြေခံ သိပ္ပံအပြင် အသုံးချသိပ္ပံဘာသာတွေလည်း ရှိပါတယ်။ သိပ္ပံဘာသာရပ် စုစုပေါင်း ဌာနရှစ်ခုရှိပါတယ်။ ဝိဇ္ဇာဘာသာရပ်အနေနဲ့ လူမှုရေးသိပ္ပံနဲ့ လူမှုဗေဒကို သင်ကြားပေးနေတဲ့ ဌာနပေါင်း ၁၃ ခုရှိတဲ့အတွက် ရန်ကုန်တက္ကသိုလ်မှာ စုစုပေါင်းဘာသာရပ် ၂၁ ခုရှိပါတယ်။

ဘာသာရပ်ဆိုင်ရာ ပညာရှင်တွေက ဒီပွဲတော်မှာ ဘာသာရပ်ရဲ့ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံနဲ့ လူမှုပတ်ဝန်းကျင်အထောက်အကူပြုမှုတွေကို အသီးသီးဆွေးနွေးကြမှာ ဖြစ်ပါတယ်။

အဓိပတိလမ်းတစ်လျှောက် သက်ဆိုင်ရာ ပြခန်းတွေမှာ ပညာရှင်တွေ၊ ဘာသာရပ်ကိုလေ့လာနေတဲ့ ကျောင်းသား ကျောင်းသူတွေကပါ ပါဝင်ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ လူငယ်တွေ စိတ်ပါဝင်စားသူတွေက မေးချင်တာမေးပြီး သူတို့ကို ပြန်လည်ရှင်းပြဖြေကြားကြမှာဖြစ်ပါတယ်။

လူငယ်တွေအနေနဲ့ ရန်ကုန်တက္ကသိုလ်အကြောင်း၊ သင်ကြားနေတဲ့ ဘာသာရပ်တွေအကြောင်း၊ လူငယ်တွေ စိတ်ဝင်စား လေ့လာချင်တဲ့ အကြောင်းအရာတွေကို သိရှိရမှာ ဖြစ်ပါတယ်။

**ဒေါက်တာ နွဲ့နွဲ့ရီ**
**ပါမောက္ခ/ဌာနမှူး အရှေ့တိုင်းပညာဌာန ရန်ကုန်တက္ကသိုလ်**

အရှေ့တိုင်းပညာနဲ့ ဘွဲ့ရသွားပြီဆိုရင် လူငယ်တွေရဲ့ဘဝရှင်သန်နေထိုင်မှု အပိုင်းမှာ ပြန်ပြီးအသုံးချလို့ရပါတယ်။ အဓိကအားဖြင့် ဌာနမှာပြန်ပြီး ဆရာလုပ်ကြတာများပါတယ်။ နောက်ပြီး သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနမှာလည်း အလုပ်ဝင်ကြတာရှိပါတယ်။ အခုနှစ်မှာ တက္ကသိုလ်ဝင်တန်းရမှတ် ၃၈၀ နဲ့ အင်္ဂလိပ်စာ ၆၅ မှတ်နဲ့ ခေါ်ပါတယ်။ အရှေ့တိုင်းပညာဘာသာရပ်က နိုင်ငံအကျိုးပြုသာမက လူသားတွေအတွက်လည်း အကျိုးပြုတဲ့ ဘာသာရပ်ဖြစ်တဲ့အတွက် လေ့လာဆည်းပူးသင့်ပါတယ်။ ဗုဒ္ဓဘာသာနဲ့ ပတ်သက်ပြီးတော့လည်း ပြည့်ပြည့်စုံစုံ သိရှိနိုင်မှာဖြစ်ပါတယ်။

**ဒေါက်တာ မြမြခင်**
**ပါမောက္ခ/ဌာနမှူး မနုဿဗေဒဌာန ရန်ကုန်တက္ကသိုလ်**

ကျွန်မတို့ဘာသာရပ်က လူတွေအကြောင်းကို သိပ္ပံနည်းကျ ရှုထောင့်ပေါင်းစုံက လေ့လာတဲ့ဘာသာရပ်ဖြစ်ပါတယ်။ ရုပ်ပိုင်း မနုဿဗေဒနဲ့ ယဉ်ကျေးမှုမနုဿဗေဒဆိုပြီး နှစ်ပိုင်းခွဲထားပါတယ်။ ရုပ်ပိုင်းမနုဿဗေဒမှာ လူရဲ့ ဆင့်ကဲ ပြောင်းလဲဖြစ်စဉ်နဲ့ လူမျိုးတွေ ကွဲပြားခြားနားတဲ့အကြောင်း ရင်းတွေကို လေ့လာသင်ကြားပေးတာ ဖြစ်ပါတယ်။ ယဉ်ကျေးမှုမနုဿဗေဒမှာ လက်ရှိ ရှိနေတဲ့ တိုင်းရင်းသားတွေ အကြောင်း၊မတူကွဲပြားတဲ့ ယဉ်ကျေးမှုတွေ လေ့လာပြီး ပြန်လည်ဖော်ထုတ်တင်ပြပေးတာ ဖြစ်ပါတယ်။ ရည်ရွယ်ချက်ဟာ ယဉ်ကျေးမှု မတူတဲ့သူတွေ တစ်ယောက်နဲ့ တစ်ယောက်အကြောင်းကို နားလည်ပြီး စည်းလုံးညီညွတ်မှု တည်ဆောက် ပေးနိုင်တာဖြစ်ပါတယ်။

ဘွဲ့ရပြီးသူ အများစုက ပညာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေမှာ ပြန်လည် အလုပ်ဝင်လို့ရပါတယ်။ ပါရဂူဘွဲ့တွေ ပေးအပ်နေပါတယ်။ ကျွန်မတို့ဘာသာရပ်က အဓိကအားဖြင့် အတွေးအခေါ် ရင့်ကျက်ဖို့၊ ယုတ္တိနည်းကျတွေးခေါ် ဆင်ခြင်တတ်ဖို့တွေကို သင်ကြားပေးပါတယ်။ ဒါတွေက (၂၁) ရာစုပညာရေးစနစ်၊ အထူးသဖြင့် အဆင့်မြင့်ပညာရေးမှာ လိုအပ်နေတဲ့ Critical Thinking Skill က ဖလော်ဆော်ဖီ ဘာသာရပ်ခွဲတစ်ခုပါ။ နောက်ပြီး Dicision Making Skill လို့ အပြောများကြတယ်။ အဲဒီမှာလည်း Logical Thinking က အလွန်အရေးကြီးပါတယ်။ မြန်မာနိုင်ငံက ဖွံ့ဖြိုးဆဲ နိုင်ငံဖြစ်တဲ့အတွက်ကြောင့် ဒီဘာသာရပ်ရဲ့ အသုံးချလို့ရတဲ့ ...

ရှိပါတယ်။ လူ့စွမ်းအားအရင်းအမြစ် အစီအစဉ်နဲ့ သင်ကြားတဲ့ အစီအစဉ်က နှစ်ခုရှိပါတယ်။ ပထမတစ်ခုကတော့ နိုင်ငံခြားသားတွေကို မြန်မာစာသင်ပေးတာပါ။ နောက် စာပေဖတ်နည်းနဲ့ စာပေတည်းဖြတ်ဆိုတဲ့ Editorial Course သင်တန်းတစ်ခုလည်းရှိပါတယ်။ အဲဒီသင်တန်းကတော့ လူ့စွမ်းအား အရင်းအမြစ်လက်အောက်က ဖွင့်တဲ့သင်တန်းဖြစ်လို့ မနက် ၇ နာရီခွဲကနေ ၉ နာရီခွဲအထိ သင်ကြားပါတယ်။ ကျန်တာကတော့ နေ့ခင်းပိုင်း အစီအစဉ်ကတော့ တခြားမေဂျာတွေကို သင်ကြားသလိုပဲ မနက် ၉ နာရီကနေ ညနေ ...

မြန်မာနိုင်ငံမှာ တစ်နှစ်လာပြီးတော့ စာသင်နှစ်တစ်နှစ်အတွင်းမှာ မြန်မာစာ၊ မြန်မာစကားကို သင်ကြားတာဖြစ်ပါတယ်။ ကျွန်မတို့ မေဂျာမှာ နှစ်စဉ်အလိုက် ကျွန်မတို့က ပထမနှစ်ကနေ ကျောင်းသား ၁၀၀ လို့ သတ်မှတ်ထားပေမယ့် ၆၀ ဝင်တာရှိတယ်၊ ၅၀ ဝင်တာရှိတယ်။ သူတို့တွေက ပထမဘွဲ့ဆိုရင် ဝိဇ္ဇာဘွဲ့ပြီးမယ်၊ ဂုဏ်ထူးတန်း တက်တဲ့သူတွေရှိတယ်။ နောက်ကျတော့ မဟာဝိဇ္ဇာဘွဲ့၊ အရင်ကတော့ မဟာသုတေသနဘွဲ့ရှိတယ်။ ဒီနှစ်တော့ မဟာသုတေသနဘွဲ့ မရှိတော့ဘူး။ မဟာဝိဇ္ဇာပြီးသွားပြီဆိုလျှင် ပါရဂူ ...

**အင်တာဗျူး - နန္ဒာဝင်း၊ သန့်ဇင်ဝင်း**

ကျောင်းသား ၅၀ ပဲ ခေါ်ပါတယ်။ ဒီနှစ်ကတော့ ဦးရေ ၁၀၀ ခေါ်ပါတယ်။ သတ်မှတ်ချက်ကတော့ စုစုပေါင်း အမှတ် ၄၅၀ ရှိရပါမယ်။ သင်္ချာမှာ ဂုဏ်ထူးထွက်ရပါမယ်။ ကျောင်းသားတွေရဲ့ တက်ချင်တဲ့ ဆန္ဒက ပိုပြီးများနေပါတယ်။ ဒီနှစ်မှာဆို ၁၀၀ ခေါ်တဲ့နေရာမှာ ကျွန်မတို့ဌာနကို ၁၂၀ ဝင်ထားပါတယ်။ ကျောင်းသားတွေ တက်ချင်တဲ့သူက များနေပါတယ်။



ဒေါက်တာဖိုးကောင်း



ဒေါက်တာ နွဲ့နွဲ့ရီ



ဒေါက်တာ မြမြခင်



ဒေါက်တာ လဲ့လဲ့ဝင်း



ဒေါက်တာ ညိမ်းညိမ်း

တချို့ဆို ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတွေ တည်ထောင်လုပ်ကိုင်နေကြတယ်။ မနုဿဗေဒရဲ့ အသိပညာကို အသုံးချပြီး လူမှုဆက်ဆံရေးနယ်ပယ်မှာ ထိထိရောက်ရောက်လုပ်နိုင်တယ်။ ခေါင်းဆောင်မှု နယ်ပယ်တွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်မယ်။ လူတွေအကြောင်းကို ရှုထောင့်မျိုးစုံက လေ့လာတဲ့ဘာသာရပ်ဖြစ်တဲ့အတွက် ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးလုပ်ငန်းတွေ၊ ကလေးသူငယ် အသိပညာပေးရေးလုပ်ငန်းတွေမှာ ပြန်အသုံးချလို့ရပါတယ်။

**ဒေါက်တာ လဲ့လဲ့ဝင်း**
**ပါမောက္ခ/ဌာနမှူး ဒဿနိကဗေဒဌာန ရန်ကုန်တက္ကသိုလ်**

ကျွန်မတို့ဌာနအနေနဲ့ ဒဿနိကဗေဒ(Philosophy)လို့ လူသိများတဲ့ ဘာသာရပ်တွေအပြင် Social Science ဘာသာရပ်တွေဖြစ်တဲ့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ပထဝီနဲ့ Political Science ဘာသာရပ်တွေမှာလည်း အထောက်အကူပြုဘာသာရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပေးနေပါတယ်။ ဒဿနိကဗေဒဘာသာရပ်ကို တက်ရောက်ခွင့်ရဖို့ တက္ကသိုလ်ဝင်ခွင့်ရမှတ် ၃၈၀ နဲ့ အင်္ဂလိပ်စာရမှတ် အနိမ့်ဆုံး ၆၀ လို့ သတ်မှတ်ထားပြီး ကျောင်းသား ၅၀ ထိ လက်ခံပါမယ်။ ဘွဲ့အနေနဲ့ ဝိဇ္ဇာဘွဲ့(စိတ်ပညာ)၊ ဝိဇ္ဇာဂုဏ်ထူးတန်း(စိတ်ပညာ)၊ မဟာဝိဇ္ဇာဘွဲ့၊ တန်ဖိုးကို သိပ်နားမလည်ကြပါဘူး။ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်တဲ့ အထူးသဖြင့် အမေရိကန်နိုင်ငံမျိုးမှာ တက္ကသိုလ်ပညာရေးမတိုင်ခင်မှာပဲ မယူမနေရ ဘာသာရပ်တစ်ခုဖြစ်တယ်။ မြန်မာနိုင်ငံမှာ အဲဒီလိုအသိပညာတွေဖွံ့ဖြိုးလာအောင် လုပ်ဆောင်ဖို့ လိုပါတယ်။ လူငယ်တွေကို ကျွန်မတို့မေဂျာက အမြဲလက်ကမ်းကြိုဆိုပါတယ်။ ဖလော်ဆော်ဖီမေဂျာကို တတ်မြောက်သွားပြီးရင် တခြားဘာသာရပ် ဒီပလိုမာတွေ၊ ဘွဲ့လွန်တွေ ဆက်တက်ပြီး ပေါင်းကူးသွားမယ်ဆိုရင် အမေရိကန်နဲ့ ဥရောပနိုင်ငံတွေက ပညာရေးစနစ်တွေလို အထောက်အကူပြုတဲ့ ဘာသာရပ်တစ်ခုဖြစ်ပါတယ်။

**ဒေါက်တာ ညိမ်းညိမ်း(ပါမောက္ခ/ မြန်မာစာဌာန ရန်ကုန်တက္ကသိုလ်)**

ကျွန်မတို့အနေနဲ့ကတော့ မြန်မာစာဘာသာရပ်ကို သင်ကြားပေးနေတာဖြစ်ပါတယ်။ မြန်မာစာဘာသာရပ်ဆိုတဲ့နေရာမှာ တက္ကသိုလ်ဘာသာရပ်တွေရှိသလို ရန်ကုန်တက္ကသိုလ်ရဲ့ လူ့စွမ်းအားအရင်းအမြစ်ဌာနအနေနဲ့ လုပ်တဲ့ အစီအစဉ်တွေလည်း ရှိပါတယ်။ မြန်မာစာဘာသာရပ်မှာ ကျွန်မတို့က ဘာသာရပ်တိုင်းမှာ မသင်မနေရအနေနဲ့ မြန်မာစာဟာ ပထမနှစ်မှာ မေဂျာဘာသာရပ်အားလုံးမှာ လိုက်ပြီး သင်ပေးတာရှိသလို မြန်မာစာ အထူးပြုကျောင်းသားတွေကို သင်ကြားပေးတာလည်း ၃နာရီ၊ ၄နာရီ စသည်ဖြင့် သင်ကြားပေးတာရှိပါတယ်။

ထူးချွန် ကျောင်းသားတွေအနေနဲ့ မြန်မာစာ ရွေးချယ်ပြီးတော့ တက်ကြတဲ့ သင်တန်းသားတွေရှိပါတယ်။ မြန်မာစာဘာသာရပ်ကို အထူးပြုပြီးတော့ ဝင်လာတဲ့ သင်တန်းသားတွေရှိပါတယ်။ ထူးခြားတာက လူ့စွမ်းအား အရင်းအမြစ် သင်တန်းကတော့ ပြင်ပမှာလည်း အလုပ်လုပ်နေကြတဲ့ အခုလို မီဒီယာလုပ်ငန်းကလူတွေ၊ စာပေနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့သူတွေ လာတက်တာကလည်း ထူးခြားချက် တစ်ရပ်ဖြစ်ပါတယ်။ အဲဒီလိုတက်မယ်ဆိုရင် သူတို့က ဘွဲ့တစ်ခုရထားတဲ့သူမှ ဒီပလိုမာဘွဲ့အနေနဲ့ လာပြီးတက်နိုင်တာဖြစ်ပါတယ်။ နောက်ထူးခြားချက်တစ်ခုကတော့ မြန်မာနိုင်ငံအတွင်းမှာ လာပြီးတော့ အလုပ်လုပ်နေတဲ့ နိုင်ငံခြားသားတွေက မြန်မာဘာသာစကားသင်ကြားဖို့အတွက် ကျွန်မတို့သင်တန်းကိုလာပြီးတက်တာ။ နောက် နေ့ခင်းပိုင်းမှာပဲ ကျွန်မတို့က MoU ထိုးထားတဲ့ တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံက တက္ကသိုလ်တွေကနေ လာပြီးတော့ မြန်မာစာဘာသာရပ်ကို သင်ကြားတာဖြစ်ပါတယ်။ သူတို့တွေက သူတို့တိုင်းပြည်မှာလည်း မြန်မာစာဘာသာရပ်နဲ့ အထူးပြုယူခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ သူတို့ တိုင်းပြည်ရဲ့ အစီအစဉ်အရ တန်းကို တက်ရောက်ခွင့်ရှိပါတယ်။ ပါရဂူတန်းကို တက်မယ်ဆိုရင် ဝင်ခွင့်တွေဖြေပြီးတော့ သင်တန်းတက်တာမျိုး ရှိပါတယ်။

မြန်မာစာဘာသာရပ်ဟာ မြန်မာနိုင်ငံမှာ အဓိကဖြစ်တဲ့ ကျောင်းသုံး၊ ရုံးသုံး၊ ဘာသာစကားဖြစ်တဲ့ မြန်မာဘာသာစကားကို အသုံးပြုရမယ်။ မြန်မာဘာသာစကားကို နည်းစနစ်မှန်မှန်နဲ့အသုံးပြုပြီးတော့ ပတ်ဝန်းကျင်မှာ မြန်မာနိုင်ငံအတွင်းမှာ စနစ်တကျ သုံးစွဲတတ်ဖို့လိုပါတယ်။ အဲဒီလို သုံးစွဲနိုင်အောင်လည်း ကျွန်မတို့ မြန်မာစာဌာနကနေပြီးတော့ သင်ကြားပေးနေတာလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မြန်မာဘာသာစကားဟာ မြန်မာနိုင်ငံအတွက် အသက်သွေးကြောပမာဖြစ်တဲ့အတွက် ဒီဘာသာရပ်ကို ထိန်းသိမ်းစောင့်ရှောက်သင်ကြားပေးခြင်းအားဖြင့် မြန်မာနိုင်ငံရဲ့ဂုဏ်ကို မြှင့်တင်နိုင်မယ်လို့ ကျွန်မတို့ဘက်ကတော့ ယူဆပါတယ်။

**ဒေါက်တာ စိုးမြမြအေး**
**ပါမောက္ခ/ဌာနမှူး ကွန်ပျူတာသိပ္ပံပညာဌာန ရန်ကုန်တက္ကသိုလ်**

ကျွန်မတို့ဌာနက သင်ကြားပေးနေတာကတော့ ကွန်ပျူတာသိပ္ပံဘာသာရပ်ပါ။ ဌာနကပေးနေတဲ့ ဘွဲ့ကတော့ B.Sc ဘွဲ့ပါ၊ B.Sc (Hons)၊ M.Sc နဲ့ Ph.D Computer Science ဘွဲ့တွေကိုလည်း ပေးအပ်လျက်ရှိပါတယ်။ အရင်နှစ်တွေကတော့ ကျောင်းလာအပ်တဲ့သူက ဘယ်နှယောက်ရှိမလဲဆိုတာ ဒီနှစ်မှာ သိရပါမယ်။ ကျွန်မတို့ဌာနကို ၂၀၀၄ ခုနှစ်မှာ စတင် တည်ထောင်ခဲ့ပါတယ်။ သက်တမ်းကဆို ၁၀ နှစ်ကျော်ကျော်ပဲ ရှိပါသေးတယ်။ ကျောင်းပြီးတဲ့ ကျောင်းသားတွေအားလုံးက အလုပ်မရဘူးဆိုတာ မရှိပါဘူး။ အခု သက်ဆိုင်ရာ ဝန်ကြီးဌာန အသီးသီး၊ ပညာရေး၊ ရေကြောင်းတက္ကသိုလ်၊ စီးပွားကူးသန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သမဝါယမတက္ကသိုလ် အဲဒီမှာတွေလည်း တာဝန် ထမ်းဆောင်နေကြပါတယ်။ ပြီးတော့ IT ပညာရှင်တွေ၊ နိုင်ငံခြားမှာ သွားပြီးအလုပ်လုပ်နေတဲ့ IT ပညာရှင်တွေလည်းရှိပါတယ်။ မြန်မာပြည်တွင်းက IT Industry တွေမှာ တာဝန်ထမ်းဆောင်နေတဲ့ IT ပညာရှင်တွေလည်းရှိပါတယ်။ ကျွန်မတို့ဌာနက ဘွဲ့ရပြီးတာနဲ့ ကျောင်းသားအားလုံးဟာ လုပ်ငန်းခွင်ကို အကုန်လုံး အံဝင်ခွင်ကျ ဖြစ်သွားကြပါတယ်။ ကျွန်မတို့ ရန်ကုန်တက္ကသိုလ်အနေနဲ့ ကျောင်းသား ဦးရေကို နည်းနည်းနဲ့ အရည်အချင်းရှိရှိပဲ မွေးထုတ်ပေးလျက်ရှိပါတယ်။ ရိုးရိုးကျောင်း ပညာသာမက အွန်လိုင်းမှ ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာနဲ့ မာစတာဘွဲ့တွေကိုလည်း ပေးအပ်လျက် ရှိပါတယ်။ အွန်လိုင်းကနေလည်း ကျွန်မတို့ ဝက်ဘ်ဆိုက်ကနေ တက်ရောက်နိုင်ပါတယ်။

**စာမျက်နှာ ၉ သို့**◆


ဒေါက်တာစိုးမြမြအေး


ဒေါက်တာချိုချိုဦး


ဒေါက်တာခင်မာရီ


ဒေါက်တာမိုမိုသန့်


ဒေါက်တာချောချောစိန်

❖စာမျက်နှာ ၈ မှ

**ဒေါက်တာချိုချိုဦး (ပါမောက္ခ/ဌာနမှူး၊ ကုန်ထုတ်ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)**

ကုန်ထုတ်ဓာတုဗေဒဘာသာရပ်ဖြစ်တဲ့အတွက်ကြောင့် Apply site များပြီးတော့ ဓာတုဗေဒဘာသာရပ်ကို Apply site မှာများပြီးတော့ ကုန်ထုတ်နိုင်တဲ့အထိ ကျောင်းသားတွေ ဘွဲ့ရပြီးတဲ့အခါ စက်ရုံအလုပ်ရုံတွေမှာ ကုန်ထုတ်လုပ်နိုင်တဲ့ အဆင့်အထိ ရောက်အောင် သင်ပေးတဲ့ဘာသာရပ်ဖြစ်ပါတယ်။

ဆယ်တန်းအောင်ပြီးရင် ဓာတုဗေဒဘာသာရပ်မှာ အမှတ် ၈၀ ရရပါမယ်။ အမှတ်ပေါင်းက ၄၃၀ ရရပါမယ်။ အဲဒီကျရင် ဝင်ခွင့်ရရှိမှာပါ။ ကျောင်းသားဦးရေ ၁၀၀ လက်ခံမယ်လို့ သတ်မှတ်ထားတယ်ဆိုပေမယ့် ဒီနှစ်တော့ လက်ရှိ အမှတ် ၄၃၀ အနိမ့်ဆုံးနဲ့ ကျောင်းသား ၄၈ ဦးပဲ ရှိပါသေးတယ်။ ဘာသာရပ်အနေနဲ့ ကုန်ထုတ်ဓာတုဗေဒဘာသာရပ်ကို သိပ္ပံဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့၊ မဟာသုတေသန သင်ကြားပေးပါတယ်။

ထူးခြားတာက ဒီပလိုမာတစ်ခုရှိပါတယ်။ အဲဒါက Food Diploma ပါ။ ကုန်ထုတ်ဓာတုဗေဒ ဘာသာရပ်အောင်သွားပြီးတဲ့အခါမှာ Food Diploma သင်တန်းတက်ဖို့အတွက် ဝင်ခွင့်ဖြေပြီးတော့ ဒီသင်တန်းကို တစ်နှစ်တက်ပြီး Food Technology နဲ့ပတ်သက်ပြီးတော့ ဒီပလိုမာဘွဲ့ကို ရပါတယ်။ နောက်တစ်ခုကတော့ Cosmetic Technology သင်တန်း ရှိပါတယ်။ အဲဒါက သုံးလပါ။ အသက်မွေးဝမ်းကျောင်း ပညာတစ်ရပ်အနေနဲ့ အလှအပဆိုင်ရာပစ္စည်းတွေ၊ ဥပမာ ခေါင်းလျှော်ရည်တွေ၊ နှုတ်ခမ်းနီတွေ အဲဒီလို Cosmetic ပစ္စည်းတွေနဲ့ ပတ်သက်ပြီး ထုတ်လုပ်နိုင်တဲ့အထိ သင်ကြားပေးတဲ့ ဘာသာရပ်ဖြစ်ပါတယ်။

ဘွဲ့ရပြီးပြီဆိုရင် ဒီနှစ်စီစဉ်ထားတာကတော့ ဒီကျောင်းကတော့ ထူးချွန်တဲ့ ကျောင်းသားတွေများပါတယ်။ သူတို့အောင်ပြီးတဲ့အခါ Internship တွေ ဆင်းခိုင်းပါတယ်။ စက်ရုံတွေမှာ ချိတ်ပြီးတော့ အလုပ်ပေးပါတယ်။ စက်ရုံတွေမှာ၊ ဓာတ်ခွဲခန်းတွေမှာ၊ Quality Control တွေမှာ အလုပ်ဝင်နိုင်ပါတယ်။ ၈၀ ရာခိုင်နှုန်းက စက်ရုံတွေမှာ အလုပ်ဝင်နေပါတယ်။ တချို့တွေဆို လုပ်ငန်းရှင်တွေဖြစ်နေပြီ။ ရေသန့်လုပ်ငန်းရှင်၊ ဆပ်ပြာလုပ်ငန်းရှင်တွေဖြစ်နေပါပြီ။ ကုန်ထုတ်ဓာတုဗေဒဘာသာရပ်က အသက်မွေးဝမ်းကျောင်းပြုနိုင်တဲ့ ဘာသာရပ်တစ်ခုလို့ ပြောချင်ပါတယ်။ ရန်ကုန်တက္ကသိုလ်အနေနဲ့ တရုတ်နိုင်ငံမှာ သွားပြီး YCMG ဆိုပြီးတော့ သုတေသနပြိုင်ပွဲတွေ လုပ်နေပါတယ်။ အဲဒါ ၂၀၁၆၊ ၂၀၁၇ နှစ်နှစ်စလုံး ကျွန်မတို့ ရန်ကုန်တက္ကသိုလ်မှ ကုန်ထုတ်ဓာတုဗေဒဘာသာရပ်မှ ကျောင်းသူခြောက်ဦးက ပထမရခဲ့ပါတယ်။ နောက် Entrepreneurship ဆိုတဲ့ Research Competition ရန်ကုန်မြို့မှာလုပ်ပါတယ်။ အဲဒီမှာလည်း ကုန်ထုတ်ဓာတုဗေဒဘာသာရပ်က ကလေးတွေက ပထမရခဲ့ပါတယ်။ ကိုရီးယားနိုင်ငံမှာ သွားပြိုင်တာမှာလည်း ပထမရခဲ့ပါတယ်။ အဲဒီလို ရန်ကုန်တက္ကသိုလ်မှာ လာပြီးတော့ သတ်မှတ်ထားတဲ့အတိုင်း ဝင်တဲ့ကလေးတွေဆို အင်္ဂလိပ်စာလည်း ကျွမ်းကျွမ်းကျင်ကျင်နဲ့လေ့လာထားတဲ့အတွက်ကြောင့် သူတို့သည် တခြားနိုင်ငံတွေမှာလည်း သုတေသနသွားပြီး ပြုနိုင်တဲ့သူတွေ ဖြစ်ပါတယ်။

ကုန်ထုတ်ဓာတုဗေဒဘာသာရပ်ကို အသက်မွေးဝမ်းကျောင်း ပညာအဖြစ်ယူဆပြီး လာပြီးတက်ဖို့လည်း ဖိတ်ခေါ်ပါတယ်။ အခုလာတက်တဲ့ ကျောင်းသားတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကုန်ထုတ်ဓာတုဗေဒဘာသာရပ်ကို နောင်လာမယ့် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားတွေလည်း စိတ်ပါဝင်စားစွာနဲ့ ဒီလူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးပွဲမှာ ကျောင်းသား ကျောင်းသူလေးတွေ တီထွင်ထုတ်ထားတဲ့ ပစ္စည်းတွေကိုလည်း ပြသထားပါတယ်။

**ဒေါက်တာခင်မာရီ (ပါမောက္ခ/ဌာနမှူး၊ ရန်ကုန်တက္ကသိုလ်၊ ဥပဒေဌာန)**

ကျွန်မတို့ဌာနက ဥပဒေဘွဲ့၊ မဟာဥပဒေဘွဲ့၊ ဥပဒေပါရဂူဘွဲ့၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှုဌာန လက်အောက်မှာဖွင့်နေတဲ့ ဒီပလိုမာသင်တန်းလေးခု၊ မဟာတန်းတစ်ခု ရှိပါတယ်။ ဥပဒေဘွဲ့ရဖို့ ငါးနှစ်တက်ရပါတယ်။ တက္ကသိုလ်ဝင်တန်း စာမေးပွဲ ရမှတ်ကတော့ နှစ်အလိုက် ပြောင်းလဲမှုရှိပါတယ်။ ဒီနှစ်မှာ ရမှတ် ၄၂၅ မှတ်၊ အင်္ဂလိပ်စာ အမှတ်က ၆၅ မှတ်နှင့်အထက် ရသူတွေကို လက်ခံတာဖြစ်ပါတယ်။ ဥပဒေဘွဲ့ရရင် တရားသူကြီးဝင်ခွင့်၊ စာမေးပွဲအောင်ရင် တရားသူကြီး၊ ရှေ့နေ စာမေးပွဲအောင်ရင် ဥပဒေဝန်ထမ်း၊ ပုဂ္ဂလိကရှေ့နေ၊ ဆရာ ဆရာမ၊ အစိုးရဝန်ကြီးဌာနတွေမှာလည်း အလုပ်ဝင်နေကြတာတွေ ရှိပါတယ်။ ဥပဒေဘာသာရပ်က တကယ်လည်း လိုအပ်တဲ့ဘာသာရပ်ဖြစ်တဲ့အတွက် လူစိတ်ဝင်စားမှုများပါတယ်။ လူ့အသိုင်းအဝိုင်းမှာ စည်းစနစ်ကျကျ အဆင်ပြေပြေနေနိုင်ဖို့ ဥပဒေက အင်မတန်အရေးပါပါတယ်။

**ဒေါက်တာမိုမိုသန့် (ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်မတို့ သမိုင်းဌာနဆိုတာ ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်နဲ့အတူ မွေးဖွားလာတဲ့ ဌာနဖြစ်ပါတယ်။ ဒါပေမယ့် ပြောင်းလဲလာတဲ့ ပညာရေးနဲ့အတူ ရည်မှန်းချက်များထားရှိပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ နိုင်ငံအတွက် အကျိုးပြုမယ့်သမိုင်းပညာရှင်တွေ ပေါ်ထွန်းလာအောင် ဆောင်ရွက်နေတဲ့ဌာန ဖြစ်ပါတယ်။ တစ်နှစ်ကို ကျောင်းသားဦးရေ ၆၀ ခေါ်ယူဖို့ သတ်မှတ်ထားပါတယ်။ ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးတန်း၊ မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့တွေ ပေးအပ်နေပါတယ်။ ဘွဲ့တွေအပြင် တစ်နှစ် ဒီပလိုမာသင်တန်းကိုလည်း ဖွင့်လှစ်ထားပါတယ်။ သမိုင်းပညာဆိုတာ လူမှုရေးပညာဖြစ်တဲ့အတွက် သမိုင်းပညာကို သင်ခြင်းအားဖြင့် အတိတ်ကို သင်ကြားလေ့လာတာဖြစ်ပါတယ်။ ပစ္စုပ္ပန်မှာ ဘာတွေလုပ်မလဲဆိုတာ အတိတ်က ဖြစ်ခဲ့တဲ့ အကြောင်းအရာတွေကို လေ့လာဆန်းစစ်ပြီး အနာဂတ်ကို အကောင်းဆုံးပုံဖော်တာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ သင်ကြားပေးလိုက်တဲ့ ကျောင်းသား ကျောင်းသူတွေသည် ဘဝမှာ တွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ ဘဝရဲ့အတွေ့အကြုံကို လက်ရှိပစ္စုပ္ပန်မှာ ကောင်းကောင်းဝေဖန်ပိုင်းခြားနိုင်တဲ့စွမ်းအင်ကို ပေးတာဖြစ်ပါတယ်။ ဒီလိုကျောင်းသား ကျောင်းသူတွေ မွေးထုတ်ပေးခြင်းအားဖြင့် သူတို့အနာဂတ်ကို ပုံဖော်တဲ့အခါမှာ အကောင်းဆုံး ပုံဖော်နိုင်မှာဖြစ်ပါတယ်။ ဒါဟာ တိုင်းပြည်အတွက်ဖြစ်တယ်၊ ဒါကြောင့် သမိုင်းပညာသည် ဘာသာရပ်ပညာတစ်ခုထဲအတွက်မဟုတ်ဘဲ ဘဝမှာ ဝေဖန်ပိုင်းခြား ချင့်ချိန်နိုင်စွမ်းရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို မွေးထုတ်ပေးတာပဲဖြစ်ပါတယ်။ မိမိရဲ့ မနေ့ကအကြောင်းကို လူတွေက အကုန်သိချင်ကြမှာပါ။ ဒါကြောင့် သမိုင်းဘာသာရပ်က စိတ်ဝင်စားဖို့ကောင်းပါတယ်။ သမိုင်းဘာသာရပ်ကို ကျွန်မတို့ဖွင့်နေတဲ့ ဒီပလိုမာသင်တန်းတွေမှာ လာရောက်လေ့လာနိုင်ပါတယ်။ သမိုင်းဘာသာရပ်နဲ့ ပတ်သက်ပြီး ဆွေးနွေးချင်တယ်ဆိုရင်လည်း ကျွန်မတို့သမိုင်းဌာနက အမြဲတမ်းလမ်းဖွင့်ကြိုဆိုနေပါတယ်။ ဒ့ါအပြင် ပြောင်းလဲနေတဲ့ပညာခေတ် စိန်ခေါ်မှုတွေနဲ့အညီ လိုက်နိုင်အောင် သင်တန်းတွေ ဖွင့်လှစ်နိုင်အောင်လည်း စီစဉ်နေပါတယ်။

**ဒေါက်တာချောချောစိန် (ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာန)**

ကျွန်မတို့က IR ဌာနဆိုပေမယ့်လည်း International Relation ဘာသာရပ်အပြင် နိုင်ငံရေးသိပ္ပံဘာသာရပ်ကိုလည်း သင်ကြားပေးနေပါတယ်။ IR ဘာသာရပ်က ကျောင်းသားတွေစိတ်အဝင်စားဆုံး ဘာသာရပ်ဖြစ်တဲ့အတွက် အမှတ်လည်း အမြင့်ဆုံး ဘာသာရပ်ဖြစ်ပါတယ်။ ကျောင်းသားဦးရေ ၁၀၀ လက်ခံပါတယ်။ ကျောင်းသားတွေရဲ့ အနာဂတ် အလားအလာမှာ IR ဘာသာရပ်ရော၊ နိုင်ငံရေးသိပ္ပံဘာသာရပ်နဲ့ပါ အောင်မြင်သွားတယ်ဆိုရင် သံတမန်တွေအဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ လေ့ကျင့်သင်ကြားပေးပါတယ်။ ဒ့ါအပြင် နိုင်ငံရေးသိပ္ပံနဲ့ အောင်မြင်သွားတဲ့ ကလေးတွေဆိုရင် လွှတ်တော်မှာလည်း အလုပ်လုပ်လို့ရသလို ရွေးကောက်ပွဲကော်မရှင်မှာ၊ နိုင်ငံရေးပါတီတွေမှာလည်း အလုပ်လုပ်လို့ရပါတယ်။ ဒါကြောင့် ဒီဘာသာရပ်က လူငယ်မျိုးဆက်တွေအတွက် အထောက်အကူ ဖြစ်ပါတယ်။ ပေးအပ်နေတဲ့ဘွဲ့တွေကတော့ ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးတန်း၊ မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့တွေအပြင် ဒီပလိုမာတန်းတွေလည်း ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ ဒီခေတ်မှာတော့ လူငယ်တွေက လွတ်လွတ်လပ်လပ် ဆုံးဖြတ်နိုင်တဲ့ အနေအထားရှိတယ်။ ပညာရေးကလည်း ပြုပြင်ပြောင်းလဲနေတဲ့ကာလဖြစ်တဲ့အတွက် လာမယ့်နှစ်ကစပြီး သူတို့ရဲ့စိတ်ကြိုက် ရွေးချယ်နိုင်တဲ့အနေအထား၊ လွတ်လပ်စွာရွေးချယ်ခွင့်ရပြီဖြစ်ပါတယ်။ အခုလို လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်ကြီးမှာ သက်ဆိုင်ရာ ဘာသာရပ်တွေက သူတို့ရဲ့ဘာသာရပ်ထူးခြားမှုတွေကို ဆွေးနွေးဟောပြောမှာဖြစ်တဲ့အတွက်ကြောင့် သူတို့ရဲ့အခွင့်အလမ်းတစ်ခုလည်း ရပါတယ်။

## လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများက ရှင်းလင်းဟောပြောမည်

**ရန်ကုန် နိုဝင်ဘာ ၃၀**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ရန်ကုန်တက္ကသိုလ် ဘာသာရပ်ဌာန ၂၁ ခုမှ ပြခန်းများ ပါဝင်မည်ဖြစ်ပြီး ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများက ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ပြခန်းအသီးသီးတွင် ရှင်းလင်းဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

လူငယ်ထုအတွင်း ဘာသာရပ်ဆိုင်ရာ ဗဟုသုတ ရရှိနိုင်ရေး၊ ဘာသာရပ်ဆိုင်ရာ ပြန့်ပွားရေး၊ မိမိစိတ်ဝင်စားသည့် ဘာသာရပ်များ လေ့လာနိုင်ရေးတို့ကို ရည်ရွယ်ကြောင်း ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ပြောသည်။

ပြခန်းများတွင် သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ ပါမောက္ခများနှင့် ဘာသာရပ်ဆိုင်ရာ အထူးပြုလေ့လာနေသော ကျောင်းသား ကျောင်းသူများက ဆွေးနွေးပြောကြားသွားမည်ဖြစ်သည်။

အထူးအစီအစဉ်အနေဖြင့် စိတ်ပညာဘာသာရပ်ပြခန်းတွင် Psychology Clinic ဖွင့်ထားပြီး Counseling နှင့် IQ/EQ test စစ်ဆေးခြင်းများကိုလည်း အခမဲ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**○ ရန်ကုန်ဆိပ်ကမ်းမှ**

အကောက်ခွန်လုပ်ငန်းစဉ်အဆင့်များ(သွင်းကုန်) လျှော့ချရေးကို အေးရှားဝေါလ်ဆိပ်ကမ်းတွင် စမ်းသပ်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ အဆင်ပြေချောမွေ့ခဲ့သဖြင့် ရန်ကုန်မြို့ ဆိပ်ကမ်းအသီးသီးရှိ အကောက်ခွန်လုပ်ငန်းစဉ်အဆင့်(သွင်းကုန်) ဆက်လက်လျှော့ချနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ အကောက်ခွန်လုပ်ငန်းစဉ်အဆင့် (သွင်းကုန်) လျှော့ချဆောင်ရွက်ရာတွင် သီလဝါဆိပ်ကမ်း၊ ဗိုလ်အောင်ကျော်ဆိပ်ကမ်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၊ ထီးတန်းဆိပ်ကမ်း၊ အလုံကုန်သေတ္တာ ဆိပ်ကမ်းတို့တွင် ဒီဇင်ဘာ ၄ ရက်မှ စတင်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။


အဆိုပါ ဆိပ်ကမ်းများတွင် အကောက်ခွန်လုပ်ငန်းစဉ်အဆင့် (သွင်းကုန်) လျှော့ချဆောင်ရွက်နိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဆိပ်ကမ်းအသီးသီးမှ တာဝန်ခံများနှင့်အတူ နိုဝင်ဘာ ၂၉ ရက်က အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**ဝဝ၁**

✻အောင်သူမှ

အောင်သူသည် တစ်လလျှင် လစာ ဒေါ်လာ ၇၀၀၀ ရရှိမည်ဖြစ်သောကြောင့် မြန်မာကစားသမားများတွင် လစာငွေအများဆုံးရရှိမည့် ကစားသမားဖြစ်လာမည်ဖြစ်သည်။ အောင်သူသည် ဒီဇင်ဘာဒုတိယပတ်တွင် အသင်းနှင့်ပူးပေါင်းမည်ဖြစ်ပြီး ရာသီကြိုပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်ကာ ထိုင်းလိဂ်-၁ မှာ ဖေဖော်ဝါရီလတွင် စတင်ကျင်းပမည်ဖြစ်သည်။ ထိုင်းလိဂ်-၁ မှာ ထိုင်းပရီမီယာလိဂ်ကို အမည်ပြောင်းထားခြင်းဖြစ်ပြီး Police Tero အသင်းမှာလည်း ဘီအီးစီတယ်ရိုဆာဆနာအသင်းကို အမည်ပြောင်းလဲထားခြင်းဖြစ်သည်။ လက်ရှိမြန်မာဘောလုံးကစားသမားများတွင် ခြေစွမ်းအကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်ခံထားရသည့် အောင်သူသည် ပြည်ပကလပ်အသင်းတွင် သွားရောက်ကစားမည်ဖြစ်သောကြောင့် အခြားမြန်မာကစားသမားများအတွက် အခွင့်အရေးများ ထွက်ပေါ်လာမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**



# ရခိုင်ပြည်နယ်သတင်း

## ကရင်ပြည်နယ်အစိုးရအဖွဲ့ မောင်တောမြို့ မင်းကြီးကျေးရွာတွင် နေအိမ် ၂၉ လုံးနှင့် ရေတွင်းများ ဆောက်လုပ်လှူဒါန်းပေးမည်



**မောင်တော နိုဝင်ဘာ ၃၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဦးဆောင်၍ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ကရင်ပြည်နယ် စီမံဘဏ္ဍာဝန်ကြီး ဦးသန်းနိုင်၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးစောပြည့်သာ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မောင်တောမြို့ အောင်စစ်ပြင်ကျေးရွာအုပ်စု မင်းကြီးကျေးရွာ တည်ဆောက်မည့်မြေနေရာသို့ သွားရောက်ကြည့်ရှုသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မင်းကြီးရွာသစ် ဆောက်လုပ်မည့် စီမံကိန်းမြေနေရာတွင် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက "မင်းကြီးကျေးရွာဟာ မြစ်ရေတိုက်စားတဲ့အထဲမှာ ပါဝင်ခဲ့ပါတယ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဝိုင်းဝန်းဖြေရှင်းဖို့ လာရောက်နေကြပါတယ်၊ ဒီရွာသစ်ကို ကရင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့က တည်ဆောက်ပေးမှာ ဖြစ်ပါတယ်၊ စံပြကျေးရွာဖြစ်အောင် တည်ထောင်မှာပါ"ဟု မင်းကြီးကျေးရွာသားများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်တွင် ဖြစ်ပျက်သည့်အရာများနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက မိမိတို့ဒေသအတွက် လာရောက်၍ ကူညီအားပေးလုပ်ဆောင်နေကြကြောင်း၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ဦးဆောင်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရန်၊ ရေရှည်ငြိမ်းချမ်းရန် ရည်ရွယ်ချက်များနှင့် ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များထက် ပိုမို၍ ပံ့ပိုးဆောင်ရွက်ပေးနေပါကြောင်း၊ နောက်ပိုင်းတွင် သိသာမြင်သာသည့် အပြောင်းအလဲများနှင့် တိုးတက်မှုများ ဖြစ်လာနိုင်အောင် ဆောင်ရွက်နေခြင်းကြောင့် အနာဂတ်တွင် အေးအေးချမ်းချမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မင်းကြီးကျေးရွာသားများကိုယ်စား ကျေးရွာရပ်မိရပ်ဖ ဦးသန်းဝေက ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားပြီး မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က မင်းကြီးကျေးရွာအိမ်ရာသစ် စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် မင်းကြီးကျေးရွာသစ် တည်ဆောက်မည့် မြေနေရာတွင် ပန္နက်ရိုက်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယခင် မင်းကြီးကျေးရွာတွင် အိမ်ထောင်စု ၇၂ စုနှင့် မိသားစု ၃၅၂ ဦးသာရှိသော်လည်း အိမ်ထောင်စုခွဲများရှိသဖြင့် ရွာသစ်ပြန်လည်တည်ဆောက်ပေးမည့် မင်းကြီးရွာသစ်တွင် ပေ (၄၀ × ၆၀) အကျယ်ရှိ မြေကွက် ၈၈ ကွက်ကို အကွက်ဖော်ပေးသွားမည်ဖြစ်ပြီး စာသင်ကျောင်း၊ ဆေးခန်း၊ ဘုန်းတော်ကြီးကျောင်းနှင့် ရေတွင်းများပါ တူးဖော်တည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မင်းကြီးကျေးရွာသည် ပြူးမချောင်း ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုပွဲပါခဲ့ပြီး ရွာသစ်အဖြစ် အောင်စစ်ပြင်ကျေးရွာအုပ်စုအတွင်း ပြောင်းရွှေ့တည်ဆောက်ရမည်ဖြစ်ကာ မင်းကြီးရွာသစ်ကို ဝက်ကျိန်းဘုရားအနီး တောင်ပြို-ကြိမ်ချောင်း ကားလမ်းမနံဘေးတွင် တည်ဆောက်မည်ဖြစ်သည်။

မင်းကြီးကျေးရွာသစ်ကို ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ ပူးပေါင်း၍ နေအိမ် ၇၄ လုံး တည်ဆောက်ပေးသွားမည်ဖြစ်ပြီး ရခိုင်တိုင်းရင်းသားများ နေထိုင်လျက်ရှိသည့် မင်းကြီးကျေးရွာသည် မူလကတည်းက ရေတိုက်စားမှုခံရကာ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ လုံခြုံမှုအားနည်းခြင်းတို့ကို ကြုံတွေ့နေရပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိသည်။

ကရင်ပြည်နယ်အစိုးရအဖွဲ့က ရေတိုက်စားမှုကြောင့် ရွာသစ်ပြန်လည်တည်ဆောက်မည့် မောင်တောမြို့ မင်းကြီးကျေးရွာအုပ်စု မင်းကြီးကျေးရွာတွင် နေအိမ် ၂၉ လုံးနှင့် ရေတွင်းများ ဆောက်လုပ်လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က "ကျွန်မတို့ ကရင်ပြည်နယ်အနေနဲ့ အဓိကနေအိမ်တွေ ဆောက်ပေးဖို့လာတာပါ၊ အခုမြေပြင်မှာ တွေ့လိုက်တာကတော့ အိမ်အပြင် ရေတွင်းတွေပါ တူးပေးဖို့လိုအပ်တယ်မြင်လို့ ရေတွင်းတွေပါ တူးပေးဖို့ စီစဉ်ပေးခဲ့ပါတယ်၊ ကျွန်မတို့ ယူလာတဲ့အထဲမှာ ဆိုလာမီးတွေလည်း ပါလာတယ်၊ မီးလည်းရတယ်၊ ရေလည်းရတယ်ဆိုရင်တော့ ပြည့်စုံပါပြီ၊ အိမ်ကိုလည်း နှစ်လအတွင်း အပြီးဆောက်ပေးဖို့ ပြောထားပါတယ်၊ ဒီနေရာမှာ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ကရင်ပြည်နယ်နဲ့ တွဲထားတာပါ၊ ၇၄ လုံးမှာ စစ်ကိုင်းတိုင်းဒေသကြီးက ၄၅ လုံး တာဝန်ယူပြီးတော့ ကျွန်မတို့က ၂၉ လုံးဖြစ်သွားပါတယ်။

ရေတွင်း တစ်တွင်း၊ နှစ်တွင်းဆိုလည်း ကုမ္ပဏီက လာတူးမှာ မဟုတ်ဘူး၊ ၁၄ တွင်းဆိုတော့ အဆင်ပြေမှာပါ၊ စစ်ကိုင်းတိုင်းဒေသကြီးက အိမ်များများ ဆောက်ပေးဖို့ တာဝန်ယူထားတော့ ကရင်ပြည်နယ်အနေနဲ့ ရေတွင်းများများ တူးပေးဖို့ တာဝန်ယူပေးတာပါ၊ ကျွန်မတို့ ကရင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး ပေါင်းပြီးတော့ ဒီရွာကို စံပြရွာလေးတစ်ရွာဖြစ်အောင် ကျွန်မတို့ ကြိုးစားဆောင်ရွက်ပေးပါမယ်၊ အခုလိုမျိုးလာတော့ ရခိုင်ပြည်နယ်မှာ သယံဇာတတွေနဲ့ လယ်ကွင်းပြင်တွေ ပေါများတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးသာ ကောင်းသွားမယ်ဆိုရင် ရခိုင်ပြည်နယ်ဟာ ကျွန်မတို့ ကရင်ပြည်နယ်ထက်တောင် ဖွံ့ဖြိုးတိုးတက်မှု မြန်သွားမယ်ထင်ပါတယ်"ဟု မင်းကြီးရွာသစ်ကို ပူးတွဲတည်ဆောက်ပေးမည့် အနေအထားနှင့်ပတ်သက်၍ ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မောင်တောခရိုင် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က မောင်တောခရိုင်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများအား ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ကော်ဖီမစ်၊ ဆီအစရှိသည့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မောင်တောအမှတ် (၁) နယ်စပ်ကုန်သွယ်ရေးစခန်းသို့ ရောက်ရှိကာ မောင်တောမြို့ နယ်စပ်ခြံစည်းရိုးတစ်လျှောက် လှည့်လည်ကြည့်ရှုသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ-ဖိုးထောင်**

## မြန်မာနိုင်ငံမှာ ပြန်လည်နေထိုင်မယ်ဆိုရင် တည်ဆဲဥပဒေနဲ့အညီ နေထိုင်မယ်ဆိုတဲ့ ဝန်ခံချက်ကို ရေးထိုးရမှာဖြစ်

**မောင်တော နိုဝင်ဘာ ၃၀**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရခိုင်ပြည်နယ်၌ UEHRD လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်းကြည့်ရှုခဲ့သည်။ ယင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဌာနဆိုင်ရာများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်အတူ မြေပြင်ကွင်းဆင်းကြည့်ရှုခဲ့မှုများအား သတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့မှုများကို ပြန်လည်ရေးသားဖော်ပြလိုက်ပါသည်။



ဦးစိုးအောင်



ဦးမြင့်ကြိုင်



ဦးသိန်းဇော်

**ဒုတိယဝန်ကြီး ဦးစိုးအောင်**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

ခုရောက်လာတဲ့ခရီးစဉ်က ရခိုင်ပြည်နယ် UEHRD ရဲ့ လုပ်ငန်းတာဝန်ထဲမှာ ပါဝင်တဲ့ ပြန်လည်နေရာချထားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မယ့် အပိုင်းတွေမှာ UEHRD ပုဂ္ဂလိက လုပ်ငန်းအဖွဲ့တွေ ဆောင်ရွက်မှု၊ နိုင်ငံတော်အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းဆောင်ရွက်မှုတွေကို ပေါင်းစပ်ညှိနှိုင်းပြီးတော့ အဆင်ပြေချောမွေ့ဖို့အတွက် လာရောက်တာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်မှာ အဓိက ဝင်ပေါက်တွေဖြစ်တဲ့ စိစစ်ရေးလုပ်မယ့် တောင်ပြိုလက်ဝဲနဲ့ ငါးခူရစိစစ်ရေးစခန်းတွေမှာ နှစ်နိုင်ငံသဘောတူညီမှုအရ ပြန်လည်လက်ခံရင် ဝင်လာမယ့်သူတွေကို လဝကဥပဒေနဲ့အညီ နှစ်နိုင်ငံ သဘောတူညီချက်အပေါ် မူတည်ပြီး သေချာစိစစ်မှာ ဖြစ်ပါတယ်။ စိစစ်တဲ့အခါမှာလည်း ဌာနဆိုင်ရာအသီးသီးက ဝန်ထမ်းတွေ ပါလာမယ်။ ပါလာတဲ့ ဝန်ထမ်းတွေရဲ့ နေထိုင်ရေး၊ ရုံးခန်း၊ ဒီအပိုင်းတွေကို ရက်ရှည်လများ လုပ်ရမှာဖြစ်တဲ့အတွက် ခုတော့ ဆောက်လုပ်ရေးလုပ်ငန်းတွေ စတင်နေပါပြီ။ တောင်ပြိုလက်ဝဲမှာ Modular House နေရာတွေလည်း လျာထားပြီး ဒါတွေအားလုံးကို ဒီဇင်ဘာလကုန်မှာ အပြီးဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ တောင်ပြိုလက်ဝဲမှာဆို Modular House ၁၆ လုံး၊ အခန်း ၈၀ ပါ ဝန်ထမ်းရုံးခန်းတွေ၊ အဆောက်အအုံတွေကိုလည်း ပြန်လည်ပြုပြင်တာတွေ လုပ်နေပါပြီ။ ပြင်တဲ့အခါမှာလည်း ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အောက်မှာရှိတဲ့ အခြေခံအဆောက်အအုံတွေနဲ့ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ကနေ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနေပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအဖွဲ့ကတော့ ဒီ Modular House တွေကို ပြန်ပြီး အသစ်ဆောက်တဲ့အပိုင်းမှာ တာဝန်ယူထားပါတယ်။ ငါးခူရမှာလည်း အဆောက်အအုံတွေကို UEHRD အောက်ရှိတဲ့ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့ကနေ တာဝန်ယူပြီး ဆောက်ဖို့လုပ်နေပါတယ်။ ပြင်တာရော Modular House အသစ်နေရာချထားတာရော ဒီအပိုင်းတွေကို ဆောင်ရွက်နေပါတယ်။ အားလုံး ဒီဇင်ဘာလကုန်ပြီးဖို့ မျှော်မှန်းထားပါတယ်။

**ဦးမြင့်ကြိုင်(အမြဲတမ်းအတွင်းဝန်)**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောက်နေတဲ့ မြန်မာနိုင်ငံက ထွက်သွားတဲ့ သူတွေကို ပြန်လည်လက်ခံဖို့အတွက် ကျွန်တော်တို့ MoUထိုးထားပြီးပြီ။ ဒီ MoUအရ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနဲ့အညီ စနစ်တကျ လက်ခံနိုင်ဖို့အတွက် ပြန်လည်လက်ခံမယ့် စခန်းတွေ ပြင်ဆင်ဆောင်ရွက်မှုအခြေအနေကို လာကြည့်တာပါ။ အဓိကကုန်းတွင်းလမ်းကြောင်းက လာတဲ့သူတွေကို တောင်ပြိုလက်ဝဲမှာ စစ်ဆေးပြီး လက်ခံသွားမှာ ဖြစ်သလို ရေလမ်းက လာတဲ့သူတွေကတော့ ငါးခူရစခန်းကနေ စစ်ဆေးပြီး လက်ခံသွားမှာပါ။ တောင်ပြိုလက်ဝဲစခန်းက ၄၅ ရာခိုင်နှုန်းလောက်ပြီးပါပြီ။ မကြာခင် တောင်ပြိုလက်ဝဲစခန်းက အပြီးသတ်နိုင်မှာပါ။ ငါးခူရစခန်းကတော့ လောလောဆယ် ပြင်ဆင်မှုအပိုင်းအနေနဲ့ ၁၅ ရာခိုင်နှုန်းလောက်ပဲ ရှိပါသေးတယ်။ ငါးခူရစခန်းကတော့ တောင်ပြိုလက်ဝဲပြီးရင် ဒုတိယမြောက် လက်ခံပေးမယ့် စခန်းပါ။ ဆောင်ရွက်မယ့်အနေအထားကတော့ MoUအရ မြန်မာနိုင်ငံက ထွက်ပြေးတိမ်းရှောင်ပြီး ဘင်္ဂလားဒေ့ရှ်ကို ရောက်ရှိနေတဲ့သူတွေအတွက် မြန်မာနိုင်ငံမှာ ပြန်လည်ဝင်ရောက်ပြီး ဥပဒေနဲ့အညီ နေထိုင်လိုကြောင်း လျှောက်လွှာတွေ နိုင်ငံခြားရေးဝန်ကြီးဌာနကတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ပို့ထားပါတယ်။ ပြန်လာမယ့်သူတွေကို လျှောက်လွှာတွေ ဖြည့်ခိုင်းရမှာဖြစ်ပါတယ်။ လျှောက်လွှာမှာ နာမည်တွေ၊ မိသားစုအမည်စာရင်းတွေ၊ ဘယ်မှာနေခဲ့တယ်၊ နေခဲ့တုန်းက ဘယ်မှတ်ပုံတင် အထောက်အထားတစ်ခုခု ကိုင်ခဲ့တယ်။ NVC ကိုင်ခဲ့သလား၊ ဝှိုက်ကတ်ကိုင်ခဲ့သလား၊ ဝှိုက်ကတ်အပ်ထားတယ်ဆိုရင် အပ်ထားတဲ့ အပ်နှံပြေစာရှိလား၊ ဒီအချက်အလက်တွေကို ဖြည့်ရမှာဖြစ်ပါတယ်။ နောက်တစ်ခုက မည်သူ့ခြိမ်းခြောက်မှုမှ မပါဘဲ မိမိဆန္ဒအလျောက် မြန်မာနိုင်ငံထဲမှာ ပြန်လည်ဝင်ရောက်နေထိုင်လိုပါတယ်ဆိုတဲ့ ဝန်ခံချက်ကို ဖြည့်ရမှာပါ။

မြန်မာနိုင်ငံကို ပြန်လည်နေထိုင်မယ်ဆိုရင် တည်ဆဲဥပဒေနဲ့အညီ နေထိုင်မယ်ဆိုတဲ့ ဝန်ခံချက်ကို ရေးထိုးရမှာဖြစ်ပါတယ်။ ပြီးရင် လက်ရှိဓာတ်ပုံအနေအထားကပ်ပြီး ကျွန်တော်တို့ဆီ ပြန်ပို့ပေးရမှာပါ။ ပြန်ပို့ပေးရင်

စာမျက်နှာ ၁၁ သို့ ❖

# ရခိုင်ပြည်နယ်သတင်း

## ကျောက်ဖြူ အကျဉ်းထောင်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ကြည့်ရှုစစ်ဆေး



**ကျောက်ဖြူ နိုဝင်ဘာ ၃၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဋ္ဌေးသည် ရခိုင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်၊ ကျောက်ဖြူခရိုင်တရားသူကြီး ဒေါ်ခင်စန္ဒာခင်တို့နှင့်အတူ နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် ကျောက်ဖြူအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက အကျဉ်းသူ၊ အကျဉ်းသားများနှင့်တွေ့ဆုံ၍ ဥပဒေပါ အခွင့်အရေးများရရှိမှု အခြေအနေ၊ အကျဉ်းသူများအား သီးသန့်ဆောင်တွင် လုံခြုံစွာထားရှိမှု အခြေအနေ၊ နေထိုင်စားသောက်မှု အခြေအနေ၊ ရေပေးဝေမှုနှင့် သောက်သုံးရေရရှိမှု အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ ကြန့်ကြာနေသော စစ်ဆေးဆဲအချုပ်တရားခံများ ရှိ၊ မရှိ၊ စာပေဗဟုသုတလေ့လာရန် စာကြည့်တိုက် ဆောင်ရွက်ထားမှုများ ရှိ၊ မရှိ၊ နှိပ်စက်ခံရမှုများ ရှိ၊ မရှိ၊ ဥပဒေနှင့်ရသင့်သော အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိတို့ကို မေးမြန်းစစ်ဆေးကာ အကျဉ်းထောင်လက်စွဲနှင့်အညီ ဆောင်ရွက်ပေးရန်နှင့် လိုအပ်သည်များကို ညှိနှိုင်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးသည် ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်နှင့်အတူ ကျောက်ဖြူခရိုင်တရားရုံး၌ ခရိုင်တရားသူကြီးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး အဂတိတရားကင်းရှင်းရန်နှင့် ပြည်သူယုံကြည်ကိုးစားမှုရှိအောင် ဝန်ဆောင်မှုများပေးရန် မှာကြားခဲ့သည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**စစ်တွေ နိုဝင်ဘာ ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကော၊ ကျောက်ပန္ဒူ၊ တပ်ဦးချောင်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂၉ ရက်ထိ စုစုပေါင်း ၃၈၈၅ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြွိတဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန် ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂၉ ရက်ထိ စုစုပေါင်း ၂၉၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရတ်ချောင်း၊ အလယ်ဈေး ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၂၉ ရက် အထိ စုစုပေါင်း ၃၂၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။



မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်၊ ငပုကွကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၂၉ ရက်အထိ စုစုပေါင်း ၁၆၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၉ ရက်အထိ စုစုပေါင်း ၂၀၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၉ ရက်အထိ စုစုပေါင်း ၂၀၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ် အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၂၉ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**မောင်တော နိုဝင်ဘာ ၃၀**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဝေသာလီ(တိုင်းရင်းသား) ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်းခမောင်း(တိုင်းရင်းသား) ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရပတ်ဝန်းကျင်ရှိ ခြံပြင်(တိုင်းရင်းသား) ကျေးရွာတွင် နွားတစ်ကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်းစခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားတစ်ကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ်နှစ်ကောင်အား ဆေးကုသခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိစခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်းနွား ၃၀၈ ကောင်အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ်အကောင် ၆၇၀ အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❖ စာမျက်နှာ ၁၀ မှ

နိုင်ငံတော်အစိုးရက ဖွဲ့စည်းထားတဲ့ ပြန်လည်လက်ခံမှုစိစစ်ရေးကော်မတီကနေ စစ်ပြီးတော့ လက်ခံမှာ ဖြစ်ပါတယ်။ ဒီနယ်စပ်ဒေသမှာက တစ်နှစ်တစ်ခါ သုံးမျိုးစာရင်းကောက်ယူခြင်းလုပ်ငန်းတွေကို ပြန်ပြီးတော့ စစ်ဆေးထားတာဖြစ်ပါတယ်။ အဲဒီစာရင်းတွေနဲ့ တိုက်ဆိုင်ပြီး မှန်တဲ့သူတွေ နိုင်ငံတော်အစိုးရကို တင်ပြီးလက်ခံမယ်။ မမှန်တဲ့သူတွေကို ပယ်မယ်။ လျှောက်လွှာတွေကို စိစစ်ပြီး လက်ခံသူတွေ လျှောက်လွှာကို နိုင်ငံတော်အစိုးရက ဘင်္ဂလားဒေ့ရှ်ကို ပြန်ပေးပို့မှာဖြစ်ပါတယ်။ လျှောက်လွှာတွေ ပြန်ရောက်တိုင်း လက်ခံမှာ မဟုတ်ပါဘူး။ အဲဒီသူတွေကို တောင်ပြိုလက်ဝဲစခန်းနဲ့ ငါးခူရစခန်းမှာ လက်ခံမှာပါ။ အချက်အလက်နဲ့ ကိုက်ညီတာကိုပဲ လက်ခံသွားမှာဖြစ်ပါတယ်။ တကယ်လို့ ရောက်လာတဲ့အချိန်မှာ လျှောက်လွှာကတစ်ယောက် တကယ်ရောက်လာတာကတစ်ယောက် ကွဲလွဲမှု ရှိ၊ မရှိ ဘိုင်အိုမက်ဒရစ်နည်းနဲ့ သေချာပြန်လည်စိစစ်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီဇင်ဘာ ဒုတိယပတ်လောက်ဆို အားလုံးပြီးသလောက် အခြေအနေဖြစ်ပြီမို့ လက်ခံဖို့အသင့်ဖြစ်ပါပြီ။ တစ်ခုပဲရှိတယ် သူတို့ဘက်က လျှောက်လွှာတွေ ခုချိန်ထိဒီဘက်ကိုပြန်မရောက်သေးပါဘူး။ ဓာတ်ပုံကပ်ထားပြီး ပြည့်ပြည့်စုံစုံဖြည့်ထားတဲ့ လျှောက်လွှာတွေ မြန်မြန်ပြန်လည်ရောက်လာဖို့ လိုပါတယ်။ ဒါတွေကိုစစ်ဆေးပြီးတာနဲ့ ဒီဘက်စခန်းတွေကတော့ အချိန်နဲ့တစ်ပြေးညီ လက်ခံပေးသွားမှာပါ။ လက်ခံတဲ့အခါမှာလည်း နိုင်ငံရဲ့ကာကွယ်ရေးနဲ့ လုံခြုံရေးမထိခိုက်အောင် ၁၉၈၂ နိုင်ငံသားဥပဒေနဲ့ တိတိကျကျစစ်ဆေးလက်ခံသလို မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာနေထိုင်ခဲ့တဲ့ အစ္စလာမ်ဘာသာဝင်တွေလည်း လူ့အခွင့်အရေးမဆုံးရှုံးအောင် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနဲ့အညီပဲ သူတို့ကို စောင့်ရှောက်ပြီး လူ့အခွင့်အရေးတွေ အပြည့်အဝရရှိအောင် ကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ အဓိကအချက်က မြန်မာနိုင်ငံထဲမှာ အေးအေးချမ်းချမ်းနဲ့ ဥပဒေနဲ့အညီ နေထိုင်တဲ့လူတွေအနေနဲ့ ဘယ်လူမျိုးမဆို အေးအေးချမ်းချမ်းနေထိုင်နိုင်ပြီးတော့ ဥပဒေနဲ့အညီ မနေဘူးဆိုရင် တည်ဆဲဥပဒေနဲ့အညီ ထိရောက်စွာ အရေးယူမှာဖြစ်ပါတယ်။

**ဦးသိန်းဇော် (ခေတ္တ-ညွှန်ကြားရေးမှူးချုပ်)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန**

မောင်တောခရီးစဉ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာနအနေနဲ့ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းမှာ Modular House ၁၆ လုံး တည်ဆောက်ဖို့ လာရောက်ကြည့်ရှုတာ ဖြစ်ပါတယ်။ ပြန်လည်လက်ခံရေးစခန်းမှာ တရုတ်ပြည်က လှူဒါန်းတဲ့ Modular House တွေကို အခုလိုအရေးပေါ် လိုအပ်လာတဲ့ အချိန်တွေမှာ ထုတ်ပြီးတည်ဆောက်ပေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ တောင်ပြိုလက်ဝဲစခန်းမှာ စိစစ်ရေးလက်ခံရေးစခန်းအတွက် ခြောက်လုံး၊ ပြန်လည်ဝင်ရောက်လာမယ့်သူတွေ ယာယီထားဖို့အတွက် ရှစ်လုံး၊ ငါးခူရလက်ခံရေးစခန်းမှာက Modular House ၂၂ လုံး ထုတ်ပေးပြီး ဒေင်ကုမ္ပဏီကနေ တာဝန်ယူတည်ဆောက်ပေးမှာဖြစ်ပါတယ်။ ဆောက်လုပ်မယ့် ပုံစံတွေကတော့ လူဝင်မှုကြီးကြပ်ရေး အမြဲတမ်းအတွင်းဝန်နဲ့ တိုင်ပင်ပြီးတော့ ပေးထားတဲ့ဒီဇိုင်းအတိုင်း တာဝန်ယူတည်ဆောက်ပေးမှာပါ။ တောင်ပြိုကတော့ ဒီဇင်ဘာလအပြီး တည်ဆောက်မှာဖြစ်ပြီး ငါးခူရစခန်းမှာတော့ ဒေင်ကုမ္ပဏီက ဇန်နဝါရီလကုန်ပိုင်းလောက် အပြီးဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီဒေသအတွက် မေယုတောင်ကျော်လမ်း သုံးလမ်းကိုလည်း ဖောက်လုပ်ဖို့ စီစဉ်ထားပါတယ်။ ကြိမ်ချောင်း-ဂုပ္ပိလမ်းကတော့ တစ်ကြောင်းထိုးအဆင့် ပြီးနေပါပြီ။ ရာသီမရွေးသွားလာနိုင်တဲ့လမ်းဖြစ်အောင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ကျန်တဲ့တောင်ကျော်လမ်း နှစ်လမ်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**သတင်းအဖွဲ့**
**ဓာတ်ပုံ-မင်းထက်**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော နိုဝင်ဘာ ၂၄ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | နိုင်ငံတကာ ဒီမိုကရေစီ တပ်မတော် ထူထောင်ရေး အတွေ့အကြုံများ | သန်းစိုးနိုင် | ၃၅၀၀ | လွင်ဦးစာပေ |
| ၂ | ရတနာပုံ အက္ခရာများ | စောနေသွေး | ၁၅၀၀ | ယဉ်မျိုးစာပေ |
| ၃ | တရုတ်ရိုးရာဆေးဖက်ဝင်ဟင်းခတ် အမွှေးအကြိုင်အပင်များ၊ အမြစ်များနှင့် သစ်ဥသစ်ဖုများ | ဥယျာဉ်မှူးတစ်ဦး | ၂၀၀၀ | စိတ်ကူးချိုချို |
| ၄ | ဦးဖိုးကျား မယ်ဒုက္ခနှင့် အခြားဝတ္ထုတိုများ | key collection | ၁၅၀၀ | key collection |
| ၅ | ယေရှုခရစ်တော် | key collection | ၁၅၀၀ | key collection |
| ၆ | အနုပညာ၊နိုင်ငံရေးစာရေးသူ၏ အရေးအသားနှင့် စိတ်အာရုံမှာ တသသဖြစ်စေသော အရာများ | စေတ | ၂၅၀၀ | မိုးလုံးမှိုင်း |
| ၇ | ရေပူရေအေး ပိုက်ဆက်ခြင်း၊ ရေဆိုးပိုက်သွယ်ခြင်းနှင့် ရေ၏ အရည်အသွေး | ဦးဆလိုင်းမျိုးမြင့် | ၇၅၀၀ | ပါရမီစာအုပ်တိုက် |
| ၈ | တို့ဘိုးဘွားသူရဲကောင်းများ | အိမ်မဲဒေါင်းပြာ | ၆၅၀၀ | စိတ်ကူးချိုချို |
| ၉ | ဒါဗင်ချီကုတ် | ညဏ်သစ် | ၆၅၀၀ | ငါတို့စာပေ |
| ၁၀ | ကမ္ဘာလှည့်တင်တင်စိန်၏ဘဝရုပ်ပုံလွှာ | အောင်ကြည်ညွန့် (တက္ကသိုလ်) | ၅၀၀၀ | စာပေလောက |
| ၁၁ | အောင်မြင်သူများလျှောက်သည့်လမ်း | စောဒေးဗစ် | ၃၅၀၀ | တူဒေးစာအုပ်တိုက် |
| ၁၂ | အနာဂတ်အတွက် မွေးဖွားခြင်း | လင်းယုန်သစ်လွင် | ၃၇၀၀ | စိတ်ကူးချိုချို |
| ၁၃ | ဆရာတစ်ယောက်အဖြစ် ခေါင်းဆောင်ခြင်း | အောင်အေး (ရန်ကုန်တက္ကသိုလ်) | ၂၀၀၀ | စိတ်ကူးချိုချို |
| ၁၄ | ဖအေနှစ်ဦးသင်ပေးတဲ့ဆင်းရဲနည်း ချမ်းသာနည်း | မြတ်ငြိမ်း | ၃၀၀၀ | စိတ်ကူးချိုချို |
| ၁၅ | မနောမြေမှ မလိပန် | လယ်တွင်းသားစောချစ် | ၄၀၀၀ | ပန်းမြိုင်လယ် |
| ၁၆ | မျက်မြင်သက်သေ | လင်းသက်ငြိမ် | ၂၀၀၀ | ယဉ်မျိုးစာပေ |
| ၁၇ | ရင်နှင့်ရင်း၍ ချစ်ခဲ့သည် | ငယ်မင်းထိုက် | ၂၀၀၀ | ယဉ်မျိုးစာပေ |
| ၁၈ | ရန့်ထွင်းသူတောင်တန်းလေး | ညီဇော်ချစ် | ၂၀၀၀ | ယဉ်မျိုးစာပေ |
| ၁၉ | ဂျော့ချ်ဝါရှင်တန် | အေးမောင်ကျော် | ၁၅၀၀ | မူဝံစာအုပ်တိုက် |
| ၂၀ | Comprebensive Guide to Punctuation | ဦးညဏ်ဝင်းထက် | ၁၅၀၀ | ညဏ်စာပေ |
| ၂၁ | ဥပဒေသုတေသန မှတ်စုများ | ဦးသန်းမောင်(စစ်တွေ) | ၅၀၀၀ | Wisdom House |
| ၂၂ | ပြည်သူ့ဗဟိုပြု ဝန်ဆောင်မှုများဆီသို့ | ဆင်ဖြူကျွန်းသန်းထွန်း | ၃၅၀၀ | မျိုးဆက်သစ်စာပေ |
| ၂၃ | အောင်မြင်ကျော်ကြားဆရာတော်ကြီးများ၏ သာသနာ့မော်ကွန်းနှင့် နှစ်(၄၀)ပြည့် သာသနာပြုခရီး | မောင်ရင်ကျူး (မြောင်းမြ) | ၄၅၀၀ | ကောင်းထွဋ်စာပေ |
| ၂၄ | ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာ | Dr. ဦးသန်းထွန်း (ရွှေဘို) | ၂၀၀၀ | မိုးကျော်သူစာပေ |
| ၂၅ | သီပေါမင်း၏နောက်ဆုံး အမှာစကားနှင့်အခြားဆောင်းပါးများ | မောင်ဆွေမွန် | ၁၅၀၀ | ရှင်မတောင် |
| ၂၆ | အပြုံးများနှင့်လူ | မစန္ဒာ၊ဟန်သုသော်၊ အညို | ၂၅၀၀ | ကောင်းဆုသာ |
| ၂၇ | မိုင်တိုင်-၁၇ | ကျော်ထူး | ၄၀၀၀ | ကောင်းဆုသာ |
| ၂၈ | မျှော်လင့်သောဆည်းဆာ | ခေတ်လွန်းနေ | ၂၅၀၀ | ကောင်းဆုသာ |
| ၂၉ | ဓမ္မစေတီ အရေးပုံကျမ်း | ကိုရွှေသိမ်းမင်း | ၂၅၀၀ | ပန်းရွှေပြည် |
| ၃၀ | အနောက်ဖက်တံခါး (၁) | ရဲဘုန်းသိုက် | ၅၀၀၀ | ရဲဘုန်းသိုက် |
| ၃၁ | သခင်ဗဟိန်း ရာပြည့်အမှတ်တရစာများ | ကလောင်စုံ | ၈၀၀၀ | နှင်းဆီနီ |
| ၃၂ | အတွင်းအပြင်တားရော့ဟောကိန်းသော့ချက် | စံ-ဇာဏီဘို | ၆၀၀၀ | စိတ်ကူးချိုချို |
| ၃၃ | ကမ္ဘာ့ကြီးမြတ်သူ စာရေးဆရာများ | မောင်ညီညွတ် | ၁၈၀၀ | ပန်းဆက်လမ်း |
| ၃၄ | ကမ္ဘာကြီး ပူနွေး. . . ဘာကြောင့် ကမ္ဘာကြီးပူနွေး | အောင်ဇင်မင်း | ၂၀၀၀ | နှစ်ကာလများ |
| ၃၅ | ကမ္ဘာမြေကြီး | ဓေသန်း | ၁၅၀၀ | နှစ်ကာလများ |
| ၃၆ | ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် သွေးရင်းများ | အံ့မောင် | ၃၀၀၀ | ခြူးခြူး |



## (၁၁၅) မိုင် ဖြူးတိုးဂိတ်နှင့် စကားအင်းတိုးဂိတ်တို့ကို ခရီးသည်တင် Express ယာဉ်များ ဝင်တိုက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ရန်ကုန်- မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် (၁၁၅/၀) ရှိ ဖြူး လမ်းအသုံးပြုခကောက်ခံရေးစခန်း တိုးဂိတ်အား နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း ရဲဝင်း မောင်းနှင်လာသည့် Express ခရီးသည်တင်ယာဉ်က ယနေ့နံနက် ၁ နာရီခန့်က ဝင်တိုက်မိခဲ့သည်။

အလားတူ ယမန်နေ့ ည ၈ နာရီခွဲကလည်း မိုင်တိုင် (၃၅၂/၁)ရှိ စကားအင်း လမ်းအသုံးပြုခကောက်ခံရေး တိုးဂိတ်အား မန္တလေးမှ နေပြည်တော်သို့ ယာဉ်မောင်း စောအယ်ထူး မောင်းနှင်လာသော ခိုင်မန္တလေး ခရီးသည်တင်ယာဉ်က ဝင်တိုက်မိခဲ့သည်။

ဖြစ်စဉ်များကြောင့် Express ခရီးသည်တင်ယာဉ်များပေါ် လိုက်ပါလာသည့် ခရီးသည်များနှင့် တိုးဂိတ် ငွေကောက်ခံရေးစခန်းများမှ ဝန်ထမ်းများ ထိခိုက်မှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ယာဉ် မဆင်မခြင် မောင်းနှင်သော ခရီးသည်တင်ယာဉ်မောင်းများအား သက်ဆိုင်ရာက အမှုဖွင့်ထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**
**ဓာတ်ပုံ(အမြန်လမ်းရဲတပ်ဖွဲ့)**

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၉၇ စီး၊ သွင်းကုန် ၁၀၄၉ စီး၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈ စီး၊ သွင်းကုန် ၁၅၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၅၆၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၇၂၀ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၂၈၆ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၂၉ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်(၁၉၃/၁)အနီး၌ Mitsubishi Chariot Grandis ယာဉ်တစ်စီးနှင့် Toyota Wish ယာဉ်တစ်စီးတို့ ရပ်တန့်ထားသည်ကို မသင်္ကာဖွယ် တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်းအတွင်း စောင်စများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် ပိတောက်ခားရွေ ၃၅ တုံး (သုည ဒသမ ၉၂၁၂ တန်) နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၇၆၃ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နည်းပညာမှူးများ မွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်း

**ကွမ်းခြံကုန်း နိုဝင်ဘာ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်းကို ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်ထောက်နည်းပညာမှူးများ မွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၉ ရက်က ကျင်းပခဲ့ပြီး သင်တန်းသား ၃၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ချမ်းမြသာစည်မြို့နယ်တွင် နေအိမ်ခြောက်လုံး မီးလောင်

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၀×၇၁ လမ်းကြား စိန်ပန်းလမ်းနှင့် မနော်ဟရီလမ်းကြားရှိ မြို့သစ်(၅) ရပ်ကွက်တွင် နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်ခန့်က နေအိမ်ခြောက်လုံးခန့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးလောင်ရာသို့ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ မီးသတ်ယာဉ် ၃၀ ၊ ရေသယ်ယာဉ် ၂၀၊ သန္ဓေမီးသတ် ၇၀၊ အရန်မီးသတ် ၁၂၀ နှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီ ၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် (၃၀×၁၆) ပေ နံကပ်တိုက်တစ်လုံး၊ ပေ (၈၀×၃၂) သွပ်မိုးထရံကာတစ်လုံး၊ ပေ (၄၀×၂၀) သွပ်မိုးထရံကာတစ်လုံး၊ ပေ (၂၀×၂၀) သွပ်မိုးထရံကာတစ်လုံး၊ ပေ (၂၀×၃၀) သွပ်မိုးထရံကာတစ်လုံး၊ ပေ (၃၀×၂၀) နံကပ်တိုက်(အပေါ်ထပ်) တစ်လုံး စုစုပေါင်းနေအိမ်ခြောက်လုံး မီးလောင်ကျွမ်းခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းသိရသည်။

မီးလောင်ကျွမ်းသည့်အကြောင်းအရင်းနှင့် မီးပေါ့ဆစွာ သုံးစွဲသူအား မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**






# ခြောက်နှစ်ကျော်ကြာမှ ပထမဆုံးအကြိမ် ဟက်ထရစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည့် ဝိန်းရွန်းနီ

အဲဗာတန်တိုက်စစ်မှူး ဝိန်းရွန်းနီသည် ဝက်စ်ဟမ်းနှင့် ပွဲစဉ်တွင် ဟက်ထရစ်ဂိုး(တစ်ပွဲတည်း သုံးဂိုး) သွင်းယူနိုင်ခဲ့ခြင်းကြောင့် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၀ ရက် ဘောလ်တန်အသင်းနှင့် ပွဲစဉ်နောက်ပိုင်း ပထမဦးဆုံးအကြိမ် ဟက်ထရစ်ဂိုး သွင်းယူနိုင်မှုလည်း ဖြစ်ခဲ့သည်။ ရွန်းနီမှာ ပင်နယ်တီလွဲချော်ခဲ့သော်လည်း ပထမပိုင်းအတွင်း နှစ်ဂိုးသွင်းယူခဲ့ပြီးနောက် သူ့အတွက် ဟက်ထရစ်ဂိုးဖြစ်စေမည့်ဂိုးကို ၅၇ ဒသမ ၆၇ ကိုက်အကွာ ကွင်းလယ်တစ်ဝက်ကျော် အကွာအဝေးမှ သွင်းယူသွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ သွင်းဂိုးမှာ ရွန်းနီ၏ ပရော်ဖက်ရှင်နယ် သက်တမ်းတစ်လျှောက် အလှပဆုံးထဲတွင် တစ်ဂိုးအပါအဝင်ဖြစ်ခဲ့သလို ပရီမီယာလိဂ်သွင်းဂိုးများထဲတွင် အံ့အားသင့်ဖွယ် အကောင်းဆုံးဂိုးတစ်ဂိုးအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။ ပွဲအပြီးတွင် ရွန်းနီက "ကျွန်တော်သွင်းခဲ့သမျှ ဂိုးတွေထဲက အကောင်းဆုံးတစ်ဂိုးပါ။ ပြီးတော့ ဒီဂိုးက အဲဗာတန်ကစားသမားဘဝ ပထမဦးဆုံး ဟက်ထရစ် သွင်းဂိုးလည်း ဖြစ်နေတော့ ထူးခြားပါတယ်ဗျာ၊ တကယ့်ကို ပြီးပြည့်စုံတဲ့ အခိုက်အတန့်ပါပဲ"ဟု စကိုင်းစပို့ သတင်းဌာနသို့ ပြောကြားခဲ့သည်။

ရွန်းနီမှာ ယာယီနည်းပြ ဒေးဗစ်အန်းစဝေါ့ဇ် ကိုင်တွယ်သည့် နောက်ဆုံးပွဲစဉ်တွင် အနိုင်သေချာစေမည့် ဂိုးများကို ခြေစွမ်းပြသွင်းယူပေးခဲ့သည်။

အဲဗာတန်အသင်းသည် နည်းပြ ရော်နယ်ကိုးမန်းကို ပြီးခဲ့သည့် အောက်တိုဘာ ၂၃ ရက်တွင် ထုတ်ပယ်ခဲ့ပြီးနောက် ယူ-၂၃ နည်းပြ အန်းစဝေါ့ဇ်ကို ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့သော်လည်း အတွေ့အကြုံရင့် ဆမ်အလာဒိုက်စ်ကို နာရီပိုင်းအတွင်း နည်းပြသစ်အဖြစ် ခန့်အပ်ကြောင်း ကြေညာသွားဖွယ်ရှိသည်။

**မေလှဲ့သင်း ရေးသားသည်**

## အားကစားသတင်းတိုများ

### မန်ယူနှင့် ပွဲစဉ်ကို လာကာဇက် လွဲချော်မည်

အာဆင်နယ်တိုက်စစ်မှူး လာကာဇက်မှာ ဟက်ဒါဖီးလ်အသင်းကို အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်အတွင်း ရရှိခဲ့တဲ့ဒဏ်ရာကြောင့် ပထမပိုင်းအပြီးမှာ ဂျရူးနှင့် လူစားလဲခဲ့ရပြီးဖြစ်သလို ဒီဒဏ်ရာကြောင့်ပဲ စနေနေ့မှာ ကစားမယ့် မန်ယူနဲ့ ပွဲစဉ်ကို လွဲချော်တော့မှာဖြစ်ပါတယ်။ အာဆင်နယ်နည်းပြ ဝင်းဂါးက လာကာဇက်ရဲ့ ဒဏ်ရာဟာ ပေါင်ခြံဒဏ်ရာဖြစ်တဲ့အတွက် မန်ယူနဲ့ ပွဲစဉ်ကို လွဲချော်ဖို့ သေချာတယ်လို့ အတည်ပြုလိုက်ပါတယ်။ လာကာဇက်ဟာ ကိုယ်တိုင်ဂိုးမသွင်းနိုင်ရင်တောင် ပြိုင်ဘက်နောက်တန်းကို တိုးအားကောင်းကောင်းနဲ့ လှုပ်ပြီး ကစားနိုင်တဲ့ တိုက်စစ်မှူးမျိုးဖြစ်တာကြောင့် အခုလို ဒဏ်ရာရသွားတာက အာဆင်နယ်အတွက် ကြီးမားတဲ့ ထိုးနှက်ချက်ပါ။ ဒါပေမယ့် လူစားလဲ တိုက်စစ်မှူး ဂျရူးက သွင်းဂိုးနှစ်ဂိုးသွင်းယူ ခြေစွမ်းပြခဲ့တာကြောင့် ဝင်းဂါးက သက်ရောက်မှုကြီးမားတဲ့ လူစားလဲမှုရယ်လို့ မှတ်ချက်ပြုခဲ့ပါတယ်။

### အောင်ပွဲခံမှုကြောင့် ဝေဖန်မှုခံနေရသည့် မန်ဒီ

မန်စီးတီးနောက်ခံလူ မန်ဒီဟာ ဒဏ်ရာပြဿနာကြောင့် မန်စီးတီးအတွက် ဝင်ရောက်ကစားနိုင်ခြင်းမရှိတာ အချိန်အတော်ကြာပြီဖြစ်ပေမယ့် မန်စီးတီးအတွက် စိတ်အားထက်သန်မှုကတော့ လျော့ပါးသွားခြင်းမရှိပါဘူး။ မန်ဒီဟာ မိုနာကိုကနေ မန်စီးတီးဆီသို့ ပြောင်းရွှေ့လာပြီး သိပ်မကြာမီမှာ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်တဲ့အတွက် အသင်းသစ်အတွက် ပွဲအနည်းငယ်သာ ကစားပြီးနောက် အနားယူနေခဲ့ရသူဖြစ်ပါတယ်။ မန်စီးတီးဟာ ကြာသပတေးနေ့ နံနက်အစောပိုင်းက ကစားခဲ့တဲ့ ဆောက်သမ်တန်နဲ့ပွဲမှာ ရီဟာမ်စတာလင်းရဲ့ နောက်ကျဂိုး သွင်းယူပြီးခဲ့ချိန်မှာတော့ မန်ဒီဟာ မန်စီးတီး အသင်းဖော်တွေဆီ ပြေးသွားကာ အောင်ပွဲခံခဲ့ပါတယ်။ သူ့ရဲ့ ဒဏ်ရာက ပြင်းထန်တာကြောင့် ခြေထောက်က ထော့နင်းထော့နင်းဖြစ်နေတဲ့ကြားကပဲ ကွင်းဘေးစည်းကနေ တစ်ရှိန်ထိုးပြေးသွားမှုကို မီဒီယာတွေက မလိုလားအပ်တဲ့ မိုက်ရူးရဲဆန်တဲ့ လုပ်ရပ်လို့ ဝေဖန်ခဲ့ကြတာ ဖြစ်ပါတယ်။

# အင်စတာဂရမ်စာမျက်နှာပေါ် နေမာနှင့် စီရိုနယ်လ်ဒိုတို့ အားပြိုင်နေ



၂၀၁၇ ခုနှစ် တစ်နှစ်တည်းမှာပင် လူမှုကွန်ရက်တစ်ခုဖြစ်သည့် အင်စတာဂရမ်၌ စီရိုနယ်လ်ဒိုကို Follow လုပ်သူ သန်း ၃၀ ရှိခဲ့ရာ အဆိုပါ အရေအတွက်က ကစားသမားများအားလုံးထဲတွင် အမြင့်ဆုံးဖြစ်နေသော်လည်း နေမာ၏ အွန်လိုင်းဗီဒီယိုများကို ကြည့်ရှုခံရမှု အရေအတွက်က စီရိုနယ်လ်ဒိုထက် သာလွန်နေခဲ့သည်။ စီရိုနယ်လ်ဒိုသည် အင်စတာဂရမ်မှာပင် စုစုပေါင်း Follow အရေအတွက် ၁၁၆ သန်းအထိ ပိုင်ဆိုင်ထားပြီးဖြစ်သည်။

သို့သော် ဘရာဇီးတိုက်စစ်မှူး နေမာ၏ ဗီဒီယိုဖိုင်များ၊ ဓာတ်ပုံများ ဝင်ရောက်ကြည့်ရှုမှုနှုန်းမှာမူ ကစားသမားများထဲတွင် အမြင့်ဆုံးဖြစ်နေပြီး စီရိုနယ်လ်ဒို၏ အထက်တွင် ရပ်တည်နေသည်ကိုတွေ့ရသည်။ နေမာမှာ Follow အရေအတွက် ၈၄ ဒသမ ၇ သန်းသာ ရှိသော်လည်း နေမာက သူ၏ ကခုန်နေမှုများ၊ သီချင်းဆိုနေမှုများ၊ အသင်းဖော်များနှင့် လေ့ကျင့်နေခြင်းများကို ရိုက်ကူးကာ အင်စတာဂရမ်စာမျက်နှာတွင် ပုံမှန်တင်လေ့ရှိသူဖြစ်သလို ဝင်ရောက်ကြည့်ရှုသူအရေအတွက်မှာလည်း အဆမတန်များပြားနေသည်။


၂၀၁၇ ခုနှစ်အတွင်း Follow အရေအတွက် အများဆုံးရ ကစားသမားစာရင်းကို စီရိုနယ်လ်ဒိုက အရေအတွက် သန်း ၃၀ ဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေပြီး မက်ဆီက ၂၁ သန်းဖြင့် ဒုတိယ၊ နေမာက သန်း ၂၀ ဖြင့် ထိပ်ဆုံးသုံးနေရာကို ရယူထားကြသည်။ ယင်းနောက် မက်ဂရီဂေါက ၁၁ သန်း၊ ဂါရတ်ဘေးလ်နှင့် ဒိုင်ဘာလာတို့က ရှစ်သန်းစီ၊ ဇလာတန်အီဗရာဟီမိုဗစ်က ခုနစ်သန်း၊ လီဘရွန်ဂျိမ်းစ်က ခြောက်သန်းနှင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့က ထိပ်ဆုံး ၁၀ နေရာအတွင်း ဝင်ရောက်ကြသည်။



# ပင်နယ်တီ ကန်ခွင့်အတွက် နေမာနှင့် ကာဗာနီတို့ ပြေလည်မှုမရသေး

ပီအက်စ်ဂျီနှင့် ထရွိုင်ယက်တို့ ယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ်အတွင်း ပီအက်စ်ဂျီ ပင်နယ်တီကန်ခွင့်ရပြန်ရာ နေမာနှင့် ကာဗာနီတို့ကြား ပင်နယ်တီကန်သွင်းမှုအတွက် အခုထိ ပြေလည်မှုမရရှိသည့် အခြေအနေကို မြင်တွေ့နေရဆဲဖြစ်သည်။ ပထမပိုင်းအတွင်း ကာဗာနီကြောင့် ပင်နယ်တီကန်ခွင့်ရရှိခဲ့ရာ နေမာက ပင်နယ်တီကန်လိုသည့် ပုံသဏ္ဌာန်ရှိသော်လည်း ကာဗာနီက နေမာနားကိုကပ်ကာ စကားအနည်းငယ်ပြောခဲ့ပြီးနောက်တွင် ပင်နယ်တီကို သူကိုယ်တိုင်ကန်ခဲ့သည်။

နေမာကလည်း အလိုအလျောက်နားလည်သွားသည့်ပုံစံဖြင့် အဝေးသို့ထွက်သွားခဲ့ရာ နေမာနှင့် ကာဗာနီတို့ကြား ပင်နယ်တီ ဘယ်သူကန်မလဲဆိုတာ ယခုထိ ပြေလည်မှုမရသေးဟု The Sun သတင်းဌာနက ဖော်ပြသည်။ သို့သော် ကာဗာနီ၏ ကန်သွင်းမှုကို ထရွိုင်ယက် ဂိုးသမား ပုတ်ထုတ် ကာကွယ်နိုင်ခဲ့သည်။ နေမာနှင့် ကာဗာနီတို့မှာ လိုင်ယွန်အသင်းနှင့် ပွဲစဉ်အတွင်း ပင်နယ်တီကန်ခွင့် အငြင်းပွားမှုအခြေအနေဖြစ်ခဲ့ကြပြီးနောက် သူတို့နှစ်ဦးကြားဆက်ဆံရေးကို အားလုံးက စိတ်ဝင်တစားစောင့်ကြည့်ခဲ့ကြသည်။ နိုဝင်ဘာလလယ်ပိုင်းတွင် ကာဗာနီက နေမာမှာ ပီအက်စ်ဂျီ၏ ပထမဦးစားပေး ကန်သွင်းမည့်သူဖြစ်သည်ဟု အတည်ပြုခဲ့သော်လည်း ယခုပွဲစဉ်တွင်မူ သူ့ကြောင့်ရရှိသည့် ပင်နယ်တီကို သူကိုယ်တိုင်ပင် ကန်ခဲ့သည်ကို တွေ့ရသည်။ ကာဗာနီမှာ ပင်နယ်တီ လွဲချော်ခဲ့သော်လည်း ပွဲချိန်ပြီးဆုံးခါနီးနောက်တွင် နေမာ၏ ပေးပို့မှုမှ တစ်ဆင့် ပီအက်စ်ဂျီအတွက် သွင်းဂိုးတစ်ဂိုးကို သွင်းယူပေးခဲ့သည်။




# စီရိုနယ်လ်ဒို အကြံပြုထားသည့် ကစားသမားသုံးဦးကို ရီးယဲလ်မက်ဒရစ် ခေါ်ယူရန် ကြိုးပမ်းမည်



စီရိုနယ်လ်ဒိုက ရီးယဲလ်အနေဖြင့် လက်ကျန်ရာသီပွဲများတွင် အင်ပြည့်အားပြည့် ယှဉ်ပြိုင်နိုင်ရန်အတွက် သူ့စိတ်ကြိုက် ကစားသမားသုံးဦးကို အမည်စာရင်းပေးထားကြောင်း သိရသည်။ စီရိုနယ်လ်ဒိုက ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ပီပီ၊ မိုရာတာတို့ကို တစ်ပြိုင်နက်တည်း ထွက်ခွာခွင့်ပေးခဲ့သည့် ရီးယဲလ်ဘုတ်အဖွဲ့အပေါ် လူသိရှင်ကြား ဝေဖန်မှု ပြုခဲ့သူဖြစ်သည်။ ရီးယဲလ်က ချယ်လ်ဆီးနောက်ခံလူ ဒေးဗစ်လုဇ်ကို ခေါ်ယူရန် ချိတ်ဆက်နေပြီဖြစ်သော်လည်း စီရိုနယ်လ်ဒိုက ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်နှင့် တွေ့ဆုံရာတွင် ပေါ်တူဂီ လူငယ်ကစားသမား ဂူဒက်ဇ်၊ ပီအက်စ်ဂျီနောက်ခံလူ မာကွင်ဟို၊ ဘီဘာအိုဂိုးသမား ကီပါတို့ကို အမည်စာရင်းပေးခဲ့ကြောင်း ရိုဒရီဂိုးက အတိအကျ ဖော်ပြခဲ့သည်။ ကီပါမှာလည်း စပိန်ဂိုးသမားပင်ဖြစ်ပြီး မန်ယူဂိုးသမား ဒီဂီယာကို ခေါ်ယူ၍ မရနိုင်ပါက ကီပါကိုသာ ရရှိရေး ကြိုးပမ်းနိုင်ဖွယ်ရှိသည်။ ဘရာဇီးနောက်ခံလူ မာကွင်ဟိုမှာ ပီအက်စ်ဂျီတွင် ကစားရင်း ကမ္ဘာ့အကောင်းဆုံး နောက်ခံလူ တစ်ဦးအဖြစ်သို့ ရောက်ရှိလာခဲ့သူဖြစ်သလို ၂၀၂၂ ခုနှစ်အထိ စာချုပ်ရှိသူဖြစ်သော်လည်း ပြောင်းရွှေ့ကြေးမြင့်မားစွာ ပေးချေပါက ခေါ်ယူနိုင်မည်ဟု ရီးယဲလ်ဘက်မှ ယုံကြည်နေခြင်းဖြစ်သည်။

# ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း**
**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။ )**
**၁၃၇၉ ခုနှစ်၊    လ    ရက်**
**( ၂၀၁၇ ခုနှစ်၊    လ    ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကိုဆိုသည်။

(ခ) **ဦးစီးဌာန**ဆိုသည်မှာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနကို ဆိုသည်။

(ဂ) **စစ်ဆေးရေးအရာရှိချုပ်**ဆိုသည်မှာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဃ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ စစ်ဆေးရေးအရာရှိချုပ်ကတာဝန် ပေးအပ်ခြင်းခံရသည့် စစ်ဆေးရေးအရာရှိကို ဆိုသည်။

(င) **ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ**ဆိုသည်မှာ ယမ်းဘီလူး၊ အမိုနီယမ်နိုက်ထရိတ်၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဖြစ်စေရန်ပြုပြင်စီမံထားသော ဝတ္ထုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနကပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဟု အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(စ) **ယမ်းတိုက်**ဆိုသည်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ယမ်းတိုက်မြေနေရာ ရွေးချယ်ရေးအဖွဲ့က အတည်ပြုရွေးချယ်ပေးသည့် မြေနေရာတွင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စစ်ဆေးရေးအရာရှိချုပ်က အတည်ပြုသတ်မှတ်ပေးသည့် ပုံစံအတိုင်း ဆောက်လုပ်ထားသည့် အဆောက်အအုံကို ဆိုသည်။

(ဆ) **ပြုလုပ်ခြင်း** ဆိုသည်မှာ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း တစ်ခုခုကို ပြုလုပ်ခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ သို့မဟုတ် ပြင်ဆင်ခြင်းလုပ်ငန်းစဉ်ကို ဆိုသည်။

(ဇ) **တင်သွင်းခြင်း**ဆိုသည်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပစ္စည်းဝယ်ယူမှု ညွှန်ကြားရေးမှူးရုံးကဖြစ်စေ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သည့်အဖွဲ့အစည်းကဖြစ်စေ လုပ်ငန်းလိုအပ်ချက်နှင့်အညီ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ပြည်ပနိုင်ငံတစ်ခုခုမှ တင်သွင်းခြင်းကို ဆိုသည်။

(ဈ) **လိုင်စင်**ဆိုသည်မှာ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ယမ်းတိုက်တွင် လက်ခံ သိုလှောင်နိုင်ရေးအတွက် ဤဥပဒေနှင့်အညီ စစ်ဆေးရေးအရာရှိချုပ်က ထုတ်ပေးသော ယမ်းတိုက် လိုင်စင်ကို ဆိုသည်။

(ည) **သိုလှောင်ခြင်း** ဆိုသည်မှာ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို လိုင်စင်ရ ယမ်းတိုက်တွင် ခွင့်ပြုချက်ဖြင့် ထိန်းသိမ်းထားရှိခြင်းကို ဆိုသည်။

(ဋ) **ခွင့်ပြုချက်** ဆိုသည်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က ဤဥပဒေအရ ထုတ်ပေးသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်း တစ်မျိုးမျိုးကို ဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ဆောင်ရွက်ရန် ခွင့်ပြုချက်ကိုဆိုသည်။

**ဆက်လက်ဖော်ပြပါမည်။**

# မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

၃၁။ အထွေထွေ ဆေးကုသခွင့် လိုင်စင်ရရှိသူ သို့မဟုတ် အထူးဆေးကုသခွင့်လိုင်စင် ရရှိသူသည် မိမိ၏ ဆေးကုသခွင့် လိုင်စင်ကို သက်တမ်းတိုးမြှင့်လိုပါက သက်ဆိုင်ရာ ဆေးကုသခွင့်လိုင်စင် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့လျှောက်ထားရမည်။ ကောင်စီသည် လျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်။

၃၂။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၁ အရ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၃။ ကောင်စီသည် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းပြုနိုင်သည် -

(က) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(ခ) ဥပဒေအရသတ်မှတ်ထားသော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး ဆေးကုသမှု လုပ်ငန်းတာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိခြင်း၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကုသမှုဆိုင်ရာတာဝန် ဝတ္တရားများကို အရမ်း သို့မဟုတ် ပေါ့လျော့စွာပြုလုပ်ခြင်း၊

(ဃ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကြီးလေးသောကျင့်ဝတ် သိက္ခာ ပျက်ပြားခြင်း၊

(င) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ အရည်အသွေးနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(စ) ကောင်စီက သတ်မှတ်ထားသောကာလအတွင်း လုံလောက်သော အကြောင်းပြချက်မရှိဘဲ ဆေးကုသခွင့် လိုင်စင်သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်ခြင်း။

**အခန်း(၁၂)**
**သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆရာဝန်၏ တာဝန်နှင့် ရပိုင်ခွင့်များ**

၃၄။ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်နှင့် ဆေးကုသခွင့် လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တို့သည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ကောင်စီကသတ်မှတ်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၏ ကျင့်ဝတ် သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) မှတ်ပုံတင်လက်မှတ် ရရှိပြီးနောက်တွင် ချီးမြှင့်ခံရသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့၊ ဒီပလိုမာစသည့် ထပ်ဆင့်သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအရည်အချင်းကို သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်စာရင်းတွင် ဖြည့်စွက်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ တင်ပြခွင့်ရှိသည်။

(ဃ) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(င) မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၃၅။ ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်သည် မိမိရရှိသော ဆေးကုသခွင့် လိုင်စင် အမျိုးအစားအရ သွားနှင့်ခံတွင်းဆေးကုသခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

၃၆။ ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်သည် အများဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည့် ကောင်စီဝင် ၁၃ ဦးအတွက် လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကိုယ်စားပြုကောင်စီဝင် တစ်ဦးစီ ရွေးချယ်တင်မြှောက်ရာတွင်လည်းကောင်း၊ မိမိနှင့်သက်ဆိုင်ရာ ဒေသများကို ကိုယ်စားပြု၍ရွေးချယ်တင်မြှောက်ရာတွင်-

(က) ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) သတ်မှတ်ထားသည့် အရည်အချင်း ပြည့်မီလျှင် ကောင်စီဝင်အဖြစ် ဖြစ်စေ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ဖြစ်စေ ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

**အခန်း (၁၃)**
**အယူခံခြင်း**

၃၇။ (က) အလုပ်အမှုဆောင်အဖွဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း (၆၀) အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ(က)အရ အယူခံမှုကို စိစစ်ပြီး အလုပ်အမှုဆောင်အဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ချမှတ်သော ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

**အခန်း(၁၄)**
**တားမြစ်ချက်**

၃၈။ မည်သူမျှ ဆေးကုသခွင့်လိုင်စင်မရှိဘဲ သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာဖြင့် ဆေးကုသခြင်းမပြုရ။

၃၉။ မည်သည့်ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ ဆေးကုသသည့် လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဆေးကုသသည့် လုပ်ငန်းအလိုက် ကျွမ်းကျင်မှုရှိကြောင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက ထုတ်ပေးသည့် လိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ အသိအမှတ်ပြုလက်မှတ်၊ ခွင့်ပြုချက်၊ သင်တန်းဆင်းလက်မှတ် သို့မဟုတ် အထောက်အထား ရရှိသူမှအပ အခြားသူကို တာဝန်ပေးဆောင်ရွက်စေခြင်းမပြုရ။

၄၀။ မည်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ မိမိရရှိသော ဘွဲ့၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာတို့နှင့် မလျော်ညီသော အခေါ်အဝေါ်၊ စကားရပ်များကို မိမိအမည်နှင့် ယှဉ်တွဲဖော်ပြခြင်းမပြုရ။

၄၁။ မည်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ မှတ်ပုံတင်လက်မှတ်ရရှိပြီးမှ ချီးမြှင့်ခြင်းခံရသော ဒီပလိုမာ စသည့် ထပ်ဆင့်သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအရည်အချင်းကို သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်စာရင်းတွင် ဖြည့်စွက်ပြီးကြောင်း ကောင်စီ၏အတည်ပြုချက် မရရှိဘဲ မိမိအမည်နှင့် ယှဉ်တွဲဖော်ပြခြင်းမပြုရ။

**အခန်း(၁၅)**
**ပြစ်ဒဏ်များ**

၄၂။ မည်သူမျှ ပုဒ်မ ၃၈ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး(၁)နှစ်မှ အများဆုံး(၅)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်(၅)သိန်းကိုလည်း ချမှတ်ရမည်။

၄၃။ မည်သည့်ဆေးကုသခွင့် လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၅)နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၅)သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၄၄။ မည်သည့် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မျှ ပုဒ်မ ၄၀ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို ငွေဒဏ် (၅)သိန်းချမှတ်နိုင်သည်။

၄၅။ မည်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ ပုဒ်မ ၄၁ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို ငွေဒဏ် (၅)သိန်းချမှတ်နိုင်သည်။

**အခန်း(၁၆)**
**အထွေထွေ**

၄၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာဖြင့် ဆေးကုသခွင့်ရှိသူများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၄၇။ ဆေးကုသခွင့်လိုင်စင်ရသူ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်က ကိုယ်တိုင် လက်မှတ်ရေးထိုးခြင်းမရှိသော ဆေးလက်မှတ်သည် တရားဝင်ဖြစ်သည်ဟု မမှတ်ယူရ။

၄၈။ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/၂၀၁၁) အရ ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင်တို့သည် ယင်းတို့၏ သက်တမ်းကုန်ဆုံးသည့်နေ့အထိ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၄၉။ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/၂၀၁၁) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၅၀။ ကောင်စီသည် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/၂၀၁၁)အရ ဖွဲ့စည်းထားသော ကောင်စီပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို လည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကို လည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီးဆက်ခံရမည်။

၅၁။ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/၂၀၁၁) အရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီသည် ဤဥပဒေအရ ကောင်စီမဖွဲ့စည်းမီ ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ရမည်။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်-

(က) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေကို ထုတ်ပြန်ပေးရမည်၊

(ခ) ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၅၃။ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/၂၀၁၁) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# Financial Times မှ "Bank of the Year in Myanmar 2017" ဆု ကမ္ဘောဇဘဏ်အား ငါးနှစ်ဆက် ပေးအပ်ချီးမြှင့်

**လန်ဒန် နိုဝင်ဘာ ၃၀**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Financial Times မှ ပြုလုပ်သည့် ၂၀၁၇ ခုနှစ်အတွက် နိုင်ငံအလိုက် စွမ်းဆောင်ရည် အကောင်းဆုံးဘဏ်ဆု "Bank of the Year Awards 2017" ဆု ချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ Hilton London Bankside Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံအတွက် ဘဏ်လုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်အကောင်းဆုံးနှင့် အအောင်မြင်ဆုံး ဘဏ်ဆု "Bank of the Year in Myanmar 2017"ကို ကမ္ဘောဇဘဏ်မှ ပဉ္စမအကြိမ်မြောက် ငါးနှစ်ဆက်တိုက် လက်ခံရရှိခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်အတွက် အဆိုပါဆုကို ကမ္ဘောဇဘဏ်လီမိတက်နှင့်အတူ ဗြိတိန်နိုင်ငံ Lloyds Banking Group၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ China Citic Bank၊ စင်ကာပူနိုင်ငံမှ DBS Bank၊ ဂျပန်နိုင်ငံမှ Mitsubishi UFJ Financial Group အပါအဝင် နိုင်ငံပေါင်း ၁၄၁ နိုင်ငံမှ သက်ဆိုင်ရာ ဘဏ်အဖွဲ့အစည်းများလည်း လက်ခံရရှိခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ Global Bank of the Year 2017 ဆုကို စပိန်နိုင်ငံ Santander Group Bank က ရရှိခဲ့သည်။

Financial Times အဖွဲ့အစည်းသည် ကမ္ဘာအရပ်ရပ်ရှိ ဘဏ်လုပ်ငန်းဝန်ဆောင်မှုဆိုင်ရာများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ အကဲဖြတ်ရန်အတွက် ရည်ရွယ်ကာ သီးခြားဖွဲ့စည်းထားသော The Banker မှ ကမ္ဘာတစ်ဝန်းလုံး၌ ၎င်းတို့ ဖြန့်ကြက်ထားသော သတင်းထောက်များ၊ သတင်းဌာနများ၊ မီဒီယာများမှ ဘဏ်လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို စုစည်းလျက် သတ်မှတ်ထားသော စံချိန်စံညွှန်းများပေါ် အခြေခံ၍ နိုင်ငံအလိုက်ဘဏ်လုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည် အကောင်းဆုံးဘဏ်များကို ရွေးချယ်ပြီး "Bank of the Year" ဆုများကို ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်တွင် ကမ္ဘောဇဘဏ်အနေဖြင့် ခေတ်မီအဆင့်မြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများ၏ စီးပွားရေးလုပ်ငန်းများအတွက် အဓိက အားကိုးအားထားနိုင်ခြင်း၊ ဘဏ်ခွဲပေါင်း ၅၀၀ ကျော်၊ ATM စက်ပေါင်း ၁၀၀၀ ကျော်၊ ပြည်တွင်းနှင့် နိုင်ငံတကာသုံး Prepaid/Credit Card ၁၃၀၀၀၀၀ ကျော်၊ ဝန်ထမ်းအင်အား ၂၀၀၀၀ ကျော်တို့ဖြင့် နိုင်ငံအနှံ့အပြား၌ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်နိုင်ခြင်း၊ ဈေးကွက်တိုးတက်ပိုင်ဆိုင်နိုင်ခြင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အပါအဝင် နိုင်ငံတော်အတွင်းရှိ စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် ထုတ်ချေးနိုင်ခြင်း၊ မြန်ဆန်လုံခြုံ စိတ်ချရသော Network ဖြင့် နိုင်ငံတွင်းနှင့် နိုင်ငံတကာသို့ ဆက်သွယ်၍ ခေတ်မီဝန်ဆောင်မှု များပေးနိုင်ခြင်း၊ ဝင်ငွေနှင့်အမြတ် တိုးတက်ရရှိခြင်း၊ ဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်မှုနှင့် စီမံအုပ်ချုပ်မှု စွမ်းရည်တိုးတက်ကောင်းမွန်ခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံအတွင်း အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင် အမြောက်အမြားပေါ်ထွန်းလာအောင် ပံ့ပိုးကူညီဖော်ဆောင်ပေးနိုင်ခဲ့ခြင်း၊ နိုင်ငံတကာ ဘဏ်ကိုယ်စားလှယ်ရုံးများကို တိုးချဲ့ဖွင့်လှစ်၍ အာရှတိုက်၏ စီးပွားရေး ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် ယနေ့ခေတ် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍပိုမိုသိသာစွာ တိုးတက်အောင်မြင်ဖွံ့ဖြိုးစေခဲ့ခြင်း၊ ပထမနေရာမှ ငါးနှစ်ဆက်တိုက် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့ခြင်းနှင့် နိုင်ငံတော်နှင့်ပြည်သူအတွက် ကျပ်ငွေ ၁၃၈ ဘီလီယံကျော်ဖြင့် အများဆုံးပါဝင်လှူဒါန်းခဲ့ခြင်းစသည်တို့ကို အခြေခံ၍ စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။




ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နိုင်ငံအလိုက် ဆုရရှိသည့် ဘဏ်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ CEO များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ အကြီးတန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်နှင့် ကမ္ဘောဇဘဏ်မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံအတွက် "Bank of the Year in Myanmar 2017" ဆုကို ကမ္ဘောဇဘဏ် ဥက္ကဋ္ဌ က လက်ခံရယူခဲ့သည်။

**၀၁၀**

## မြင်းခြံ အကျဉ်းထောင်အတွင်း အခြေခံ စက်ပြင်ပညာနှင့် အခြေခံ လျှပ်စစ်ပညာသင်တန်းဖွင့်

**မြင်းခြံ နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ အကျဉ်းဦးစီးဌာန အကျဉ်းထောင်အတွင်းတွင် စက်မှုနှင့်အသက်မွေးပညာရှေ့လျှားသင်တန်းအဖြစ် အခြေခံစက်ပြင်ပညာနှင့် အခြေခံလျှပ်စစ်သင်တန်းများ ဖွင့်လှစ်ခြင်းကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။



အခြေခံစက်ပြင်ပညာနှင့် အခြေခံလျှပ်စစ်ပညာ သင်တန်းဖွင့်ပွဲတွင် အမှတ်(၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ) ကျောင်းအုပ်ကြီး ဦးဟန်ညိမ်းဆွေနှင့် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးတို့က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ ကြောင်းသိရသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အကျဉ်းသားများလွတ်မြောက်ပါက ယခုသင်ကြားပေးသည့်ပညာများဖြင့် လုပ်ကိုင်၍ လူမှုဘဝအဆင်ပြေစေရေး၊ ကောင်းမွန်စွာ နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် ကြိုးကြိုးစားစားသင်ယူကြစေလိုကြောင်းကို လည်းကောင်း၊ မြင်းခြံအကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဌေးက သင်တန်းများဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ဖွင့်လှစ်ခွင့်ရရှိအောင်ဆောင်ရွက်ပေးကြသူများအား ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် တက်ရောက်လာသော ဧည့်သည်တော်များသည် သင်ကြားပေးမည့်အခြေခံစက်ပြင်ပညာသင်တန်းခန်းမ၌ ပြင်ဆင်ပြသထားသည့် အထောက်အကူပြုပစ္စည်း များဖြစ်သော မော်တော်ဆိုင်ကယ်၊ တစ်လုံးထိုးကူဘိုတာ အင်ဂျင်စက် များကိုလည်းကောင်း၊ အခြေခံလျှပ်စစ် ပညာသင်တန်းခန်းမတွင် ပြင်ဆင်ပြသထားသည့် အထောက် အကူပြု ပစ္စည်းများ၊ လျှပ်စစ်ဝါယာရိန်းတပ် ဆင်ရာတွင် အသုံးပြုသော မီးခလုတ်၊ ပိုက်လုံး၊ ဝါယာကြိုးများကို ကြည့်ရှုခဲ့ ရာ အမှတ် (၆) စက်မှု သင် တန်းကျောင်း (မြင်းခြံ) ကျောင်းအုပ် ဆရာကြီးဦးဟန်ညိမ်းဆွေကရှင်းလင်းပြသခဲ့သည်။

မြင်းခြံအကျဉ်းထောင်အတွင်းဖွင့်လှစ်သည့် အခြေခံစက်ပြင်ပညာနှင့် အခြေခံလျှပ်စစ်ပညာ သင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခြေခံစက်ပြင်သင်တန်းတွင် အကျဉ်းဦးစီးဌာနဝန်ထမ်း ငါးဦးနှင့်အကျဉ်းသား ၂၅ ဦး၊ အခြေခံလျှပ်စစ်ပညာသင်တန်းတွင်လည်း အကျဉ်းဦးစီးဌာနဝန်ထမ်း ငါးဦးနှင့် အကျဉ်းသား ၂၅ ဦး စုစုပေါင်း သင်တန်းသား ၆၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၁၄ ရက်ကြာမြင့်မည်ဖြစ်ကြောင်းနှင့် ကျွမ်းကျင်မှု သင်တန်းဆင်းလက်မှတ်များပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအား မျိုးငါးနှင့် ငါးသားပေါက်များ ထောက်ပံ့

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးနစ်မြုပ်ခဲ့သော ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအား မျိုးငါးနှင့် ငါးသားပေါက်များ ထောက်ပံ့ခြင်းအခမ်းအနားကို နေပြည်တော်ဇေယျာသီရိမြို့နယ် ရေဆင်းငါးလုပ်ငန်းစခန်း၌ နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးနစ်မြုပ်ခဲ့သော ငါးမွေးမြူရေး လုပ်ကိုင်သူ ပျဉ်းမနားမြို့နယ် ကျီးဖြူရိုးကျေးရွာနေ ဒေါ်သန်းတင့်နှင့် လယ်ဝေးမြို့နယ် ညောင်ပင်သာကျေးရွာမှ ဦးကျော်မြင့် တို့အား ငွေကျပ် ၂ ဒသမ ၁၈၄ သန်းတန်ဖိုးရှိ ငါးမြစ်ချင်း၊ ငါးကြင်းဖြူသားပေါက်ကောင်ရေ တစ်သိန်းအား ထောက်ပံ့ပေးအပ်ခဲ့သည်။ **စိုးမိုး(ပြန်/ဆက်)**

## မုံရွာမြို့ သာစည်လမ်းမီးပွိုင့်မှ အင်ကြင်းလမ်းအထိ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ် ဝင်ချိန်၊ ထွက်ချိန် သတ်မှတ်နိုင်ရန်စီစဉ်နေ

**မုံရွာ နိုဝင်ဘာ ၃၀**

မုံရွာမြို့သာစည်လမ်းမီးပွိုင့်မှတောင်ဘက်ပြည်ထောင်စုလမ်းတစ်လျှောက်ကားလေးဝင်း အရှေ့ဘက်အင်ကြင်းလမ်းအထိ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ၏ ဝင်ချိန်၊ ထွက်ချိန်ကိုပူးပေါင်းအဖွဲ့ကသတ်မှတ်နိုင်ရန်စီမံချက်ရေးဆွဲအတည်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးဇော်ထွန်းထံမှသိရသည်။

"ရှင်းလင်းဆောင်ရွက်ဖို့ နိုဝင်ဘာ ၂၈ ရက်က ယာဉ်ထိန်းရဲ စည်ပင်ပို့ဆက်နဲ့ မုံရွာမြို့နယ် ပုဂ္ဂလိက မော်တော်ယာဉ်များစနစ်တကျ ပြေးဆွဲရေးကော်မတီတွေ့ဆုံဆွေးနွေးပြီးပြည်ထောင်စုလမ်းတစ်လျှောက် ကွင်းဆင်းကြည့်ရာတွင် ပြည်ထောင်စုလမ်း သာစည်လမ်းမီးပွိုင့်က တောင်ဘက်တစ်လျှောက် အင်ကြင်းလမ်းလို့ခေါ်တဲ့ မုံရွာကားလေးဝင်းအရှေ့တောင်ထောင့်ကမီးရထားသံလမ်းဖြတ်တဲ့ လမ်းအထိခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်တွေကို ဝင်ချိန်၊ ထွက်ချိန်သတ်မှတ်ပေးတော့မှာဖြစ်ပါတယ်၊ အဓိကကတော့ပွဲရုံတွေမှာကုန်ချရင်ညပိုင်းချလို့ရအောင်ပါ၊ အဲဒီလိုသတ်မှတ်ပေးဖို့ အကြမ်းဖျင်းသဘောတူထားတယ်၊ သဘောတူပြီးတော့ လမ်းတစ်လျှောက်ဆိုင်းဘုတ်တွေချိတ်မယ်၊ သာစည်မီးပွိုင့်မှာလည်းဘယ်ကနေဘယ်အတွင်း ယာဉ်မရပ်ရဆိုတာ အသိပေးဆိုင်းဘုတ်တွေတပ်သွားမယ်၊ ကြားတွေမှာလည်း ကြော်ငြာပြီးရင်အဖွဲ့စုံနဲ့ဖွဲ့စည်းထားတဲ့ မိုဘိုင်းစနစ်နဲ့ ကြီးကြပ်ဆောင်ရွက်ဖို့ စီစဉ်နေပါတယ်"ဟု ဦးဇော်ထွန်းက ပြောပြသည်။

အများပြည်သူဈေးဝယ်ရာတွင်လည်းကောင်းအိမ်ဈေးဆိုင်များ အနှောင့်အယှက်မဖြစ်စေရန် အများပြည်သူအနှောင့်အယှက်မဖြစ်လောက်သည့်အတိုင်းအတာအထိ ခွင့်လွှတ်နားလည်းပေးရန်ကိုလည်း ဆွေးနွေးထားကြသလို အများပြည်သူခွင့်မလွှတ်နိုင်သည်အထိ စည်းကမ်းဖောက်သောမည်သည့်ယာဉ်ကိုမဆိုအရေးယူသွားရန်စီစဉ်ထားကြောင်းသိရသည်။

"မုံရွာကားလေးဝင်းအရှေ့ဘက်ထောင့်မှာ ယာဉ်ရှုပ်ထွေးတာက ခရီးသည်လုခေါ်ချင်ကြတာပါ၊ အဲဒီနေရာမှာက လိုင်းပြေးဆွဲခွင့်မရှိတဲ့ ခရီးသည်တင်ယာဉ်ပြေးနေတဲ့ ကိုယ်ပိုင်နံပါတ်အနက်ယာဉ်တွေက ခရီးသည်တွေကို ပိတ်လုတင်နေတဲ့အတွက် ကားဝင်းထဲရှိတဲ့ကားအသင်းတွေကလည်းအပြိုင်ပြန်လုလာတာတွေရှိပါတယ်၊ ကျွန်တော့်သဘောအရကတော့ ကားလေးဝင်းအရှေ့ဘက်ပြည်ထောင်စုလမ်းမှာ အမြဲတမ်းယာဉ်ထိန်းရဲတစ်ဦး ထားစေချင်ပါတယ်၊ အခုလိုပူးပေါင်းအဖွဲ့ဖွဲ့စီမံချက်တင်ပြီး ရှင်းလင်းရေးတွေလုပ်မယ့်အပေါ် ကြိုဆိုပါတယ်"ဟု မုံရွာမြို့နယ် ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းက ပြောကြားသည်။

မုံရွာကားလေးဝင်း အရှေ့ဘက် ပြည်ထောင်စုလမ်းတွင် နေ့စဉ်ကားများပိတ်နေသည့် ကိစ္စနှင့်ပတ်သက်၍ မုံရွာမြို့နယ်စည်ပင်သာယာရေးရုံးတွင် ကားအသင်းများကို ခေါ်ယူကာ နိုဝင်ဘာ ၂၇ ရက်က ဆွေးနွေးခဲ့သည်။

"ဒါကဘာကြောင့်ဖြစ်နေသလဲ၊ အများပြည်သူသွားလာနေတဲ့လမ်းမှာ အခုလိုဖြစ်နေရင် ရေရှည်မှာမကောင်းတဲ့အတွက် ဖြေရှင်းမယ်ဆိုရင်ကားအသင်းတွေအနေနဲ့ အခက်အခဲရှိရင်ပြောကြဖို့ ဆွေးနွေးကြတာပါ၊ ကားအသင်းတွေကတော့ ဒီလိုလုပ်တာဟာ ပုလဲ၊ ရေဦး၊ ဘုတလင်၊ တန့်ဆည်စတဲ့ နယ်ကလာတဲ့ ကားတွေကနေခရီးသည်စောင့်တင်ရာကနေယာဉ်တွေကျပ်ကုန်တာပါ၊ ကားဝင်းအတွင်းပြေးဆွဲနေတဲ့ကားအသင်းတွေ အနေနဲ့လမ်းစည်းကမ်းမဲ့လမ်း ထိပ်ကပိတ်ပြီးခရီးသည်တင်နေတာတွေက အများကြီး နစ်နာစေပါတယ်၊ ကားအသင်းတွေအနေနဲ့အခုလိုရှင်းလင်းတာကို သဘောတူပါတယ်"ဟု မုံရွာကားလေးဝင်းအတွင်းမှ ကားပိုင်ရှင်တစ်ဦးကပြောကြားသည်။

အရေးယူမယ်ဆိုလျှင် စည်ပင်သာယာအနေနှင့်ယာဉ်တွေကို အရေးယူရမည့်ဥပဒေမရှိသလို မုံရွာမြို့နယ် ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီအနေဖြင့် စနစ်တကျပြေးဆွဲခြင်းမပြုလျှင်ကျပ် ငါးထောင်ထက်ပိုပြီး ဒဏ်ကြေးတပ်၍မရကြောင်း ပို့ဆက်ဥပဒေတွင်လည်းသယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်သည့်လိုင်စင်ဆောင်မထားမှသာလျှင်ဖမ်းခွင့်ရှိပြီး ပို့ဆက်ခွင့်ပြုမိန့်မပါလျှင် ကျပ်သုံးသောင်းအထိ အမြင့်ဆုံးဒဏ်ရိုက်ခွင့်ရှိကြောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှုဖြင့် အရေးယူ၍ရသော ယာဉ်ထိန်းရဲကသာ အဓိကအရေးယူနိုင်မည်ဖြစ်ကြောင်း ဥပဒေကျွမ်းကျင်သူက သုံးသပ်ပြသည်။

"တရားစွဲဆိုတင်ပို့မည်လားချက်ချင်းပဲ အရေးယူတဲ့စနစ် သုံးမလားအကြိမ်ကြိမ် ကျူးလွန်ရင်ဘယ်လိုစီရင်မလဲဆိုတာကတော့အထက်အဆင့်ဆင့်ကိုစီမံချက်တင်ပြီးရင် ဒေသန္တရအမိန့်ထုတ်ပြီးဆောင်ရွက်ရင် ကောင်းပါတယ်" ဟု ဥပဒေကျွမ်းကျင်သူကဆိုသည်။

သာစည်လမ်းမီးပွိုင့်ကနေ အင်ကြင်းလမ်းအထိ အသိပေး ဆိုင်းဘုတ်တွေထောင်ပြီး ကော်မတီဖွဲ့ပြီးလျှင် ပညာပေးလုပ်ငန်းများ စတင်မည်ဖြစ်ပြီး တစ်ဆက်တည်း သတ်မှတ်ကာ စည်းကမ်းဖောက်သည်ကိုတွေ့လျှင် ဥပဒေနှင့် အညီ တိတိကျကျ အရေးယူနိုင်ရန် အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မှတ်ပုံတင်သက်တမ်းတိုးမည့်ယာဉ်များအား ဒီဇင်ဘာမှစ၍ စက်ကိရိယာများဖြင့် စစ်ဆေးမည်

**ရန်ကုန် နိုဝင်ဘာ ၃၀**
ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(မြင်သာ)ရုံးတွင် ယာဉ်မှတ်ပုံတင်သက်တမ်းတိုးမည့် ယာဉ်များအား ဒီဇင်ဘာ ၁ ရက်မှ စတင်၍ စက်ကိရိယာများဖြင့် စစ်ဆေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး)မှ သိရသည်။

ယင်းသို့ မြင်သာ ကညနရုံးတွင် မှတ်ပုံတင်သက်တမ်းတိုးမည့် ယာဉ်များကို ဒီဇင်ဘာမှစတင်၍ စက်ကိရိယာများဖြင့် စစ်ဆေးမည်ကို ကြိုတင်အသိပေး ထုတ်ပြန်ထားပြီး Test Lane ဖြင့် စစ်ဆေးရာတွင် စစ်ဆေးမည့်စက်ကိရိယာများမှာ Slide Slip Tester, Exhaust Emission Tester, Brake Tester, Axle Play Tester, Headlamp Tester, Noise Tester တို့ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ နေ့စဉ်လုပ်ငန်းတာဝန်မှာ ယာဉ်စစ်ဆေးမှုမှာ တစ်ရက်ကို အစီးရေ ရာနဲ့ချီပြီး စစ်ဆေးဆောင်ရွက်မှုတွေရှိပါတယ်၊ ယာဉ်မှတ်ပုံတင် သက်တမ်းတိုး ဆောင်ရွက်တဲ့အခါမှာ ယခင်မူလ လုပ်ငန်းစဉ်များအတိုင်းပါပဲ၊ အဲဒီမှာ စက်နဲ့စစ်တဲ့အဆင့်လေးတွေ ပိုလာမှာပါ။ စက်နဲ့ စစ်ဆေးတဲ့အခါ မိနစ်အနည်းငယ်စီလောက် အချိန်ပေးရမှာဖြစ်တဲ့အတွက် အခုလို စတင်ဆောင်ရွက်တဲ့အချိန်မှာတော့ ယာဉ်အစီးရေ ပမာဏအနည်းငယ်လောက်နဲ့ပဲ စတင်နိုင်ပါလိမ့်မယ်"ဟု ကညန (မြင်သာ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စက်ကိရိယာများနှင့် စစ်ဆေးဆောင်ရွက်ရာတွင် ယာဉ်ကြံ့ခိုင်မှုစနစ်အတွက် ပိုမိုကောင်းမွန်စွာ စစ်ဆေးပေးနိုင်မည်ဖြစ်ပြီး ယာဉ်၏ မီးစနစ်၊ ဘရိတ်စနစ်၊ စတီယာရင်စနစ်၊ မီးခိုးထွက်ရှိမှု၊ အသံဆူညံမှု(ဟွန်း)၊ တာယာနှင့် ဘီးများအား တိကျစွာ စနစ်တကျစစ်ဆေးမည်ဖြစ်သည့်အတွက် ပြုပြင်ပြင်ဆင်ပြီးမှသာ ယာဉ်စစ်ဆေးမှု ခံယူရန်လိုအပ်မည်ဖြစ်ကြောင်း ကြိုတင်သတိပေးထားချက်များအရ သိရသည်။

အဆိုပါ Test Lane ဖြင့် စစ်ဆေးခြင်းကို ပြည်ပမှတင်သွင်းလာသောယာဉ်များ ကနဦးယာဉ်စစ်ဆေးခြင်းနှင့် ရောက်ရှိပြီးသားကားများ သက်တမ်းတိုးယာဉ်စစ်ခြင်းတို့အတွက် ရန်ကုန်မြို့ ထောက်ကြန့် ကနဦးယာဉ်စစ်ဆေးရေးဌာန၊ မန္တလေး၊ မော်လမြိုင်၊ မကွေး၊ ပဲခူး၊ မုံရွာ၊ ပုသိမ်နှင့် တောင်ကြီးမြို့ ကညနရုံးများတွင် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ မြင်သာ (ကညန)ရုံးတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

**ဆုနှင်းလဲ့**



# NLD ပညာရေးကွန်ရက်နှင့် ပူးပေါင်း၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ငါးခုတွင် ကွန်ပျူတာပညာများ ဖြန့်ဝေရေး တိုးချဲ့လုပ်ဆောင်မည်

**ရန်ကုန် နိုဝင်ဘာ ၃၀**
မြန်မာနိုင်ငံအတွင်းရှိ ဝေးလံခေါင်းပါးပြီး အခွင့်အရေးနည်းပါးသည့် လူငယ်များကို ကွန်ပျူတာပညာဗဟုသုတများ ဖြန့်ဝေရန် ရည်ရွယ်ချက်ဖြင့် စတင်လုပ်ဆောင်ခဲ့ပြီး ယခုအခါ တိုင်းဒေသကြီးနှင့်ပြည်နယ် ငါးခုတွင် ထပ်မံတိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်သော MPT ၏ 'ရှေ့သို့လှမ်းချီ ဒီဂျစ်တယ်ပညာရေးဆီ' အစီအစဉ်နှင့်ပတ်သက်သည့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများအား ရှင်းလင်းပြောကြားခြင်းနှင့် အမေ့အိမ်ပညာရေးစင်တာ၊ ကွန်ပျူတာသင်တန်းကျောင်းများမှသင်တန်းပြီးမြောက်သွားသူ ကျောင်းသား လူငယ်များအား သင်တန်းဆင်းလက်မှတ်ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက်က ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ နံနက် ၁၀ နာရီမှ စတင်ကျင်းပခဲ့သည်။

NLD ပညာရေးကွန်ရက်ဖြင့် ပူးပေါင်းကာ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ရှိ အမေ့အိမ်ပညာရေးစင်တာများတွင် ဆောင်ရွက်လျက်ရှိနေပြီး ၎င်းအစီအစဉ်အား ထပ်မံ၍ ကရင်ပြည်နယ်၊ တနင်္သာရီ၊ ဧရာဝတီ၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများတွင် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအစီအစဉ်တွင် လိုအပ်သည့် လက်တော့ပ် ကွန်ပျူတာ အလုံး ၁၀၀၊ ကြိုးမဲ့အင်တာနက်ဒေတာ ပံ့ပိုးခြင်းအပြင် သင်တန်းဆရာများဖြင့် လေ့ကျင့်သင်ကြားပေးခြင်းကို ထပ်မံ ထောက်ပံ့ပေးသွားမည်ဟု သိရသည်။

အဆိုပါ အစီအစဉ်မှာ မြို့ပြနှင့် အလှမ်းဝေးကွာသည့်ဒေသများရှိ လူငယ်များ နည်းပညာကိုအသုံးပြု၍ ပညာရေးကဏ္ဍများတွင် ပိုမိုအသုံးချလာနိုင်စေရန်အတွက် လွန်ခဲ့သည့်နှစ်ကပင်စတင်ခဲ့ခြင်းဖြစ်ပြီး ဝေးလံခေါင်ဖျား ဒေသများတွင် နေထိုင်ကြရသည့် လူငယ်များအနေဖြင့် ရန်ကုန်ကဲ့သို့မြို့ပြများသို့ သွားရောက်သင်ကြားရခြင်းထက် ၎င်းတို့နေထိုင်ရာဒေသများ၌ပင် နည်းပညာဗဟုသုတနှင့် သင်ကြားထောက်ပံ့မှုများ ရရှိနိုင်မည်ဖြစ်သည်။ လက်ရှိတွင် ကျောင်းသားပေါင်း ၁၀၀၀ ကျော်သည် သင်တန်းများပြီး ဆုံးခဲ့ပြီးဖြစ်သကဲ့သို့ လုပ်ငန်းခွင်အတွင်း ဝင်ရောက်နေခြင်းများလည်း ရှိနေပြီဖြစ်ကြောင်း သိရသည်။ ယခင်နှစ်များက စတင်ဆောင်ရွက်ခဲ့သည့် ယခုအစီအစဉ်ကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရန်အတွက် လိုအပ်သည့်အထောက်အပံ့များကို NLD ပညာရေးကွန်ရက်နှင့် MPT တို့ပူးပေါင်းကာ အထောက်အပံ့ကောင်းများ ပေးနိုင်ခြင်းကြောင့် ကွန်ပျူတာအတတ်ပညာသင်တန်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။



အဆိုပါအခမ်းအနားကို NLD ပညာရေးကွန်ရက်မှ တာဝန်ရှိသူများနှင့် MPT-KSGM Joint Operations မှ တာဝန်ရှိသူများ၊ သင်တန်း ဆရာ၊ ဆရာမများနှင့် သင်တန်း ပြီးမြောက်အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြပြီး အမေ့အိမ် စင်တာ ၁၀ ခုတွင် သင်တန်း စတုတ္ထအသုတ်ပြီး မြောက်အောင်မြင်ခဲ့သည့် ကျောင်းသား ၂၆၀ ကို သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့ပြီး သက်ဆိုင်ရာ သင်တန်းကျောင်းအလိုက် ကိုယ်စားလှယ်သင်တန်းသားများက တက်ရောက်လက်ခံခဲ့ကြကြောင်း သိရသည်။

**စာဏီ**

# ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲ အင်းစိန်မြို့နယ်တွင် ဆင်နွှဲမည်

**ရန်ကုန် နိုဝင်ဘာ ၃၀**
အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၈ ရက် ညနေ ၃ နာရီက ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲကျင်းပရေး အစည်းအဝေးကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲကို စနေနေ့တိုင်း အင်အားပြည့်စုံပေါင်းပြီး လမ်းလျှောက်ပွဲပြုလုပ်ရန်အတွက် ကြိုတင်စီစဉ်ထားရှိရေး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာတို့သို့ ရပ်ကွက်ပြည်သူများနှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများပါ စည်းကားသိုက်မြိုက်စွာ လူထုလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲနိုင်ရေးကို မှာကြားသည်။

အင်းစိန်မြို့နယ် ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၏ စနေနေ့တိုင်း နံနက် ၄ နာရီခွဲတွင် အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှေ့ စုရပ်အဖြစ်သတ်မှတ်ပြီး လမ်းသစ်လမ်းတစ်လျှောက် ၎င်းလမ်းမှ ရွှေပြည်အေးလမ်းသို့ ဖြတ်လျှောက်ကြပြီး ၎င်းလမ်းမှ ဘူတာရုံလမ်းမှ မီးရထား ဘောလုံးအားကစားကွင်းပြန်လည်ပန်းဝင်မည်ဖြစ်ကာ ကိုယ်ကာယလေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ညဏ်ဟိန်း**

# ဒေါ်သိန်းတင်လမ်း ဝဲယာ ယာဉ်ရပ်နားမှု အဆင်ပြေစေရေး လမ်းသားတိုးချဲ့ ကွန်ကရစ်ခင်း

**မင်္ဂလာတောင်ညွန့် နိုဝင်ဘာ ၃၀**
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းတံတား) မှ မြို့တော်နေ မိဘပြည်သူများသွားလာမှုအဆင်ပြေစေရေး၊ ယာဉ်ပိတ်ဆို့မှုကင်းဝေးစေရေးနှင့် ယာဉ်ရပ်နားရန်နေရာများအတွက် လမ်းသားချဲ့ခြင်း၊ စကြံများအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ ရေနုတ်မြောင်းများချဲ့၍ အုတ်ရေနုတ်မြောင်းများ အသစ်တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

တောင်ပိုင်းခရိုင် ခရိုင်မှူးဦးတင်ထွန်းဦး ကြီးကြပ်လျက် ဌာနခွဲမှူး ဒေါ်တင်တင်စန်းနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၂၉ ရက် နံနက်က မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်သိန်းတင်လမ်း (သိမ်ဖြူလမ်းဆုံမီးပွိုင့်မှ အထက်ပန်းဆိုးတန်းလမ်းထိ) ပေ အရှည် ဝဲယာ ၃၆၀၀ ခန့် အကျယ် ၁၂ ပေ၊ ဒု ၆လက်မဖြင့် လမ်းသားချဲ့ထွင်ဆောင်ရွက်ပေးလျက်ရှိသည်။



"ဒေါ်သိန်းတင်လမ်း မြောက်ဘက်ခြမ်းက လမ်းချဲ့တာ ၉၀ ရာခိုင်နှုန်းပြီးပါပြီ၊ တောင်ဘက်ခြမ်းကိုချဲ့ပေးဖို့ မြေသားပြုပြင်တဲ့လုပ်ငန်းကို စက်ယန္တရားနဲ့ ဆောင်ရွက်ပေးနေပါတယ်၊ လမ်းခင်းပြီးရင်လည်း ရေစီးရေလာကောင်းမွန်အောင် ရေနုတ်မြောင်းတွေကို အနက် ၄ ပေ၊ အကျယ် ၄ ပေ အုတ်ရေနုတ်မြောင်းတွေ လုပ်ပေးမှာပါ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မိဘပြည်သူတွေအတွက် လိုအပ်နေတဲ့ လမ်းတံတားလုပ်ငန်းတွေကို အပြီးဆောင်ရွက်ပေးသွားမှာပါ"ဟု ဌာနခွဲမှူးဒေါ်တင်တင်စန်းက ပြောသည်။

ဒေါ်သိန်းတင်လမ်းနေ ဦးအောင်သန်းက "လမ်းချဲ့ပေးတာ အလွန်အဆင်ပြေပါတယ်၊ အရင်က ကားဘယ်နားရပ်ရမလဲဆိုတာ ရှာနေရတယ်၊ လမ်းဘေးရပ်ရင်လည်း ကရိန်းကားအန္တရာယ်လည်း ကြောက်ရသေးတယ်၊ အခုကားရပ်နားဖို့ အဆင်ပြေတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

**၁၉၇**



တိုက်ကြီးမြို့နယ် ဥက္ကံမြို့တဘူးရေသိုးကျေးရွာ ဘုန်းကြီးကျောင်း၌ နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက ဥက္ကံနယ်မြေရဲစခန်းမှူး ရဲအုပ်သန်းနိုင်က သက်ငယ်မုဒိမ်းမှု ပပျောက်ရေး မှုခင်းအသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းနှင့် ကျေးရွာနေပြည်သူ ၁၅၀ ခန့် တက်ရောက်ခဲ့သည်။ **၁၁၈**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ဥပဒေဘာဝနာပွားများကြလေ

**မောင်စာဂ**

လူ့ဘောင်လောက ရခဲလှသောလူ့ဘဝတွင် "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား" ဆိုသော တရားစကားနှင့်အညီ စိတ်ကောင်းစေတနာကောင်းထားတတ်ဖို့သည် အဓိကလိုအပ်ချက်ဖြစ်သည်။ စိတ်ထားတတ်လျှင် မြတ်သည်။ နေတတ်လျှင် ကျေနပ်စရာဖြစ်သည်။ နေတတ်က အသေလှသည်။ နေရင်း ထိုင်ရင်း၊ သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်း၊ တာဝန်ထမ်းဆောင်ရင်း ကောင်းမှုကုသိုလ်တွေ ယူတတ်လျှင် ရသည်။ ကြည့်တတ်လျှင် မြင်သည်။ မြင်လျှင် သိသည်။ သိလျှင်ပွားများအားထုတ်၍ ရသည်။

ဤတွင် "ဥပဒေဒါနပြုကြပါလေ" ဆောင်းပါးနှင့် "ဥပဒေသီလစောင့်ထိန်းကြလေ" ဆောင်းပါးများရေးသား၍ ကုသိုလ်ကောင်းမှု ရယူခဲ့သည်။ ဆက်လက်၍ "ဥပဒေဘာဝနာပွားများကြပါ" ဆောင်းပါးကိုလည်းရေးရပေဦးတော့မည်။ ဒါန၊ သီလ၊ ဘာဝနာ သုံးခုစုံမှ ပြည့်စုံမည်။ အနှစ်ချုပ်၍ မျှဝေပါရစေ။

## ဘာဝနာဟူသည်

ဘာဝနာဟူသည် ပွားများအားထုတ်ခြင်း၊ တိုးပွားအောင် လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မိမိတို့၏ နောက်ဆုံးပန်းတိုင်ဖြစ်သော အမတနိဗ္ဗာန်သို့ အရောက်သွားကြရာတွင် ဝိပဿနာဘာဝနာပွားများ အားထုတ်ကြရသည်။ ထိုသို့အားထုတ်ရာတွင် လမ်းနှစ်သွယ်ရှိသည်။ ထိုလမ်းနှစ်သွယ်မှာ -

(၁) သမထယာနိကလမ်း၊
(၂) ဝိပဿနာယာနိကလမ်း ဟူ၍ဖြစ်သည်။

## သမထယာနိကလမ်း

သမထယာနိကလမ်းသည် သမထယာနိကကျင့်စဉ်ကို ပွားများအားထုတ်သော လမ်းဖြစ်သည်။ ဤကျင့်စဉ်လမ်းသည် နိဗ္ဗာန်သို့ ဈာန်ယာဉ်စီး၍ သွားသောလမ်း ဖြစ်သည်။

ဤကျင့်စဉ်လမ်းသည် နိဗ္ဗာန်သို့သွားရာ ကျင့်စဉ်လမ်း တစ်ခုဖြစ်သော်လည်း သမထပွားများ အားထုတ်ခြင်း သက်သက်၌သာ အားရတင်းတိမ်ကျေနပ်နေပါက နိဗ္ဗာန်သို့ အရောက်ကူးမြောက်နိုင်မည် မဟုတ်။ သမထကျင့်စဉ်လုပ်ငန်း၏ အမြင့်ဆုံးအကျိုးရလဒ်သည် ဈာဉ်အဘိညာဉ်ရခြင်းနှင့် ဗြဟ္မာပြည်သို့ ရောက်ရခြင်းသာဖြစ်သည်။

သမထယာနိက ကျင့်စဉ်ဖြင့်သွားသော သမထယာနိက ပုဂ္ဂိုလ်သည် သမထကမ္မဋ္ဌာန်းတစ်ခုခုကို ပွားများအားထုတ်၍ ဥပစာရသမာဓိကို ဖြစ်စေ၊ အပ္ပနာသမာဓိ(ဈာန်)ကိုဖြစ်စေ ရရှိပြီးနောက် ထိုသမာဓိကို အခြေခံ၍ ရုပ်နာမ်တရားတို့ကို ဝိပဿနာရှုသည်။ ထိုသို့ရှုရာတွင် ဈာန်ရသော ပုဂ္ဂိုလ်သည် ပထမဈာန်ကို ဝင်စား၍ ထိုဈာန်ကို ဝိပဿနာရှု၏။ တစ်ဖန်ဒုတိယဈာန်ကို ဝင်စား၍ ထိုဈာန်ကို ဝိပဿနာရှုသည်။ ဤနည်းဖြင့် ဈာန်ကို အစဉ်အတိုင်း တစ်ကြိမ်စီ ဝင်စား၍ တစ်ကြိမ်စီ ဝိပဿနာ ရှုသည်။

ဤကဲ့သို့ သမထနှင့် ဝိပဿနာကို ဒွန်တွဲလျက်၊ အစုံ အစုံတွဲလျက်မဂ်ဖြစ်ပေါ်သည့်တိုင်အောင် ပွားများအပ်သောနည်းကို "ယုဂနဒ္ဓဘာဝနာနည်း" ဟုခေါ်သည်။ သမထကို ရှေ့သွားပြု၍ ဝိပဿနာပြုသောကြောင့် သမထပုဗ္ဗင်္ဂမနည်းဟုလည်း ခေါ်သည်။ သမထယာနိက ကျင့်စဉ်လမ်းဟုလည်း ခေါ်သည်။

## ဝိပဿနာယာနိကလမ်း

ဝိပဿနာယာနိကလမ်းသည် ဝိပဿနာယာနိက ကျင့်စဉ်ကိုပွားများအားထုတ်သော လမ်းဖြစ်သည်။ ဤ ကျင့်စဉ်လမ်းသည် နိဗ္ဗာန်သို့ ဉာဏ်ယာဉ်စီး၍သွားသောလမ်းဖြစ်သည်။

ဝိပဿနာယာနိကလမ်းဖြင့် သွားသော ဝိပဿနာယာ နိကပုဂ္ဂိုလ်သည် ဥပစာရသမာဓိ၊ အပ္ပနာ သမာဓိရရှိရန် သမ္မထကမ္မဋ္ဌာန်းတစ်ခုခုကို ပွားများအားထုတ်မှုမပြုဘဲ ရုပ်နာမ်နှစ်ပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟုဆင်ခြင်၍ရရှိသော ခဏိကသမာဓိကို အခြေခံလျက် ဝိပဿနာသက်သက်ကိုရှုသည်။ ထိုသို့ သမထမဖက်ဘဲ ဝိပဿနာသက် သက်ရှုသောနည်းကို သုဒ္ဓဝိပဿနာယာနိကကျင့်စဉ်လမ်းဟု ခေါ်သည်။

## ပြည့်စုံရမည့်တရား ၇ ပါး

ဝိပဿနာဘာဝနာပွားများအားထုတ်မည့် ပုဂ္ဂိုလ်သည် အထူးဖြူစင်သန့်ရှင်းစင်ကြယ်ခြင်းတည်းဟူသော အောက်ပါ ဝိသုဒ္ဓိတရား ၇ ပါးနှင့် ပြည့်စုံရမည် -

(၁) သီလဝိသုဒ္ဓိ = သီလစင်ကြယ်ခြင်း၊
(၂) စိတ္တဝိသုဒ္ဓိ = စိတ်စင်ကြယ်ခြင်း၊
(၃) ဒိဋ္ဌိဝိသုဒ္ဓိ = အယူအမြင် စင်ကြယ်ခြင်း၊
(၄) ကင်္ခါဝိတရဏဝိသုဒ္ဓိ = ယုံမှားသံသယကို လွန်မြောက်သော ဉာဏ်၏စင်ကြယ်ခြင်း၊
(၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ = လမ်းမှန် မမှန်ကို သိသောဉာဏ်အမြင်၏ စင်ကြယ်ခြင်း၊
(၆) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ = မဂ်သို့ရောက်ကြောင်း ဖြစ်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း၊
(၇) ဉာဏဒဿနဝိသုဒ္ဓိ = သစ္စာလေးပါးကို သိသော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း။

## ဥပဒေဘာဝနာ မည်သို့ ပွားများအားထုတ်မည်နည်း

ဥပဒေဘာဝနာ ပွားများအားထုတ်မည်ဆိုလျှင် ဝိသုဒ္ဓိတရား ၇ ပါးကို အမြဲအစဉ် ဆင်ခြင်သတိပြု၍ နှလုံးသွင်းထားရမည်။ ဥပဒေ၏ ပင်ကိုသဘော၊ ဥပဒေ၏ ပင်ကိုဥပမိရုပ်ကို ပီပီပြင်ပြင်၊ ထင်ထင်ရှားရှား သိနားလည်ရမည်။ ဥပဒေ၏စေတနာကို နှလုံးသားထဲတွင် အမြဲကိန်းဝပ်နေရမည်။ ဥပဒေဟူသည် မိမိ၏ကောင်းကျိုးအတွက်အတွက်မဟုတ်၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကောင်းကျိုးအတ္တအတွက်မဟုတ်၊ လူ့ဘောင်အဖွဲ့အစည်းအတွက်ဖြစ်သည်။ ပြည်သူတွေအတွက် ဖြစ်သည်။ နိုင်ငံအတွက်ဖြစ်သည်ဆိုသည်ကို သဘောပေါက်နေရမည်။

## ဥပဒေ၏ပင်ကိုသဘော၊ ပင်ကိုဥပမိရုပ်

ဥပဒေ၏ပင်ကိုသဘော၊ ပင်ကိုဥပမိရုပ်ကို အနှစ်ချုပ်၍ဆန်းစစ်ရလျှင် ကြက်ဥပမာ အနှစ်နှင့်အကာ ဒွန်တွဲပေါင်းစပ်နေသည်။ သစ်ပင်အသွင် ပင်စည်နှင့် အကိုင်းအခက်၊ အရွက်၊ အဖူးအငုံ၊ အသီးအပွင့်များနှင့် ဝေဆာနေသည်။

တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားသည် ကြက်ဥ၏ အနှစ် သို့မဟုတ် သစ်ပင်၏ ပင်စည်နှင့် အလားသဏ္ဍာန်တူသည်။ လောကပါလတရားကို အခြေခံ၍ ပေါ်ပေါက်လာရသည့် လူမှုဆက်ဆံရေးတရားမျှတမှု၊ လွတ်လပ်စွာတွေးကြံနိုင်မှု၊ လွတ်လပ်စွာဖွင့်ဟပြောဆိုနိုင်မှု၊ လွတ်လပ်စွာယုံကြည်နိုင်မှု၊ လွတ်လပ်စွာကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ဘုရားကျောင်းကန် စသည်တို့ကို သွားလာဝတ်ပြုနိုင်မှု၊ လွတ်လပ်စွာ ပရိယေသနဝမ်းစာ ရှာမှီးနိုင်မှု၊ လွတ်လပ်စွာစည်းရုံးနိုင်မှု၊ လွတ်လပ်စွာပြောဆိုပြုမူဆောင်ရွက်နိုင်မှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှု စသည်တို့သည် ကြက်ဥ၏ အကာသဖွယ် ထည်ဝါလျက်ရှိသည်။ သစ်ပင်၏ အကိုင်းအခက်၊ အရွက်၊ အဖူးအငုံ၊ အသီးအပွင့်များအလား၊ ဝံ့ကြွားလျက်ရှိသည်။

## ဝိပဿနာ ဘာဝနာပွားများအားထုတ်ခြင်းနှင့် ဥပဒေဘာဝနာ ပွားများအားထုတ်ခြင်း

အနှစ်ချုပ်သဘောဆိုပါရစေ။ ဝိပဿနာဘာဝနာပွားများအားထုတ်ခြင်းနှင့် ဥပဒေဘာဝနာပွား များအားထုတ်ခြင်းတို့သည် အမှန်တရားကို ရှာဖွေကြခြင်းဖြစ်သည်။ သို့ရာတွင် မတူညီသည့် အဓိကအချက်များမှာ -

ဝိပဿနာဘာဝနာ ပွားများအားထုတ်ခြင်းသည် လောကုတ္တရာအမှန်တရားကို ပွားများအားထုတ်ခြင်း ဖြစ်သည်။ ပရမတ်ကို ရှုမှတ်ပွားများသည်။ ပရမတ်ဟူသည် ပရမတ္ထကလာသည်။ အဓိပ္ပါယ်မှာ အဟုတ်အမှန် ဧကန်ရှိသောတရားဖြစ်သည်။ ဉာဏ်မျက်စိဖြင့် ခွဲခြမ်းစိတ်ဖြာစိစစ်လျှင် ပျောက်ကွယ်ဖောက်ပြန်ခြင်းမရှိဘဲ မြဲမြံမှန်ကန်သော တရားဖြစ်သည်။ ပရမတ္ထသဘောသည် အဆုံးစွန်မှန်ကန်သောသဘောတရား (Ultimate Reality) ဖြစ်သည်။ ပရမတ္ထသစ္စာသည် အကြွင်းမဲ့ မှန်ကန်သောသစ္စာတရား ( Absolute Truth) ဖြစ်သည်။ ထို့ကြောင့် ဝိပဿနာဘာဝနာ ပွားများအားထုတ်ခြင်းသည် ပရမ္မတ္ထသစ္စာကို မြင်အောင်ကြည့်၍ သိအောင်ရှုမှတ်ပြီး ပွားများအား ထုတ်ရသည်။ သံသရာမှလွတ်မြောက်ရာ လွတ်မြောက်ကြောင်းဖြစ်သော မြတ်နိဗ္ဗာန်သို့ အရောက်လှမ်းနိုင်ရေး ဦးတည်သည်။

ဥပဒေဘာဝနာ ပွားများအားထုတ်ခြင်းသည် လောကီရေးရာအမှန်တရားကို ပွားများအားထုတ် ခြင်းဖြစ်သည်။ ပညတ်ကို ရှုမှတ်ပွားများသည်။ ပညတ်ဟူသည် လူတို့၏ သတ်မှတ်ချက်၊ ပြဋ္ဌာန်းချက်၊ သမုတ်ခေါ်ဝေါ်ချက်ဖြစ်သည်။ လူအများတို့၏ သာမညယူဆချက်တွင် ပညတ်သဘောတရားများသည် အမှန်ရှိ၏။ လူရှိ၏၊ ခွေးရှိ၏၊ အိမ်ရှိ၏။ ဉာဏ်မျက်စိဖြင့် ခွဲခြမ်းစိတ်ဖြာစိစစ်လျှင် ပျောက်ကွယ်သွားသည်။ ပညတ်သဘောသည် အထင်အရသာမှန်ကန်သောသဘောတရား (Apparent Reality) ဖြစ်သည်။ သမားရိုးကျအခြေအနေအချိန်အခါအလိုက် အထင်အရသာ မှန်ကန်သောသစ္စာတရား (Conventional Truth) သည် သမုတိသစ္စာ ဖြစ်သည်။ ထို့ကြောင့် ဥပဒေဘာဝနာ ပွားများအားထုတ်ခြင်းသည် သမုတိသစ္စာကို မြင်အောင်ကြည့်၍ သိအောင်ရှုမှတ်ပြီး ပွားများအားထုတ်ရသည်။ ငြိမ်းချမ်းသော၊ တည်ငြိမ်သော၊ အေးချမ်းသော၊ ယဉ်ကျေးသော၊ သာယာဝပြောသော၊ ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော၊ တရားဥပဒေစိုးမိုးသော လောကနိဗ္ဗာန်သို့ အရောက်လှမ်းနိုင်ရေး ဦးတည်သည်။

## ဥပဒေဘာဝနာပွားများအားထုတ်ခြင်း လမ်းနှစ်သွယ်

ဥပဒေဘာဝနာပွားများအားထုတ်ခြင်းကို မည်သည့်လမ်းဖြင့်သွားရမည်နည်းဟုဆိုလျှင် ဝိပဿနာဘာဝနာ ပွားများအားထုတ်ရာဖြစ်သော -

(၁) ဈာန်ယာဉ်စီး၍ သွားသော "သမထယာနိက" လမ်းနှင့်
(၂) ဝိပဿနာယာဉ်စီး၍သွားသော သို့မဟုတ် ဉာဏ်ယာဉ်စီး၍သွားသော "ဝိပဿနာယာနိက" လမ်းနှစ်သွယ်ကိုပင် စံထား၍ အာရုံပြုဆင်ခြင်ကာ သွားနိုင်သည်ဟု ယုံကြည်သည်။ ဤတွင် လမ်းနှစ်သွယ်၌ ဖော်ပြထားသော စကားရပ်များ၏ အဓိပ္ပာယ်ကို သိရှိဖို့လိုသည်။

ဈာန်ဟူသည် စူးစူးစိုက်စိုက် အထူးမြဲမြံစွာ ရှုသောတရားဟု အဓိပ္ပာယ်ရသည်။ သမထဆိုသည်မှာ သမာဓိရအောင် ကျင့်ကြံအားထုတ်ရသော ကမ္မဋ္ဌာန်းကိုဆိုသည်။ သမာဓိဆိုသည်မှာ စိတ်တည် ကြည်ခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်းကိုဆိုသည်။ ဝိပဿနာဟူသည် ရုပ်နာမ်နှစ်ပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုမှတ်ဆင်ခြင်ခြင်းဖြစ်သည်။ ဉာဏ်ဟူသည် သိမြင်တတ်သော အသိတရား၊ ပညာကိုဆိုသည်။ နိကာယဟူသည် နိကာယ်ကလာသည်။ အဓိပ္ပါယ်မှာ ဘုရားဟော သုတ္တန်ပါဠိတော်များကို အရှည်၊ အတို၊ အလတ် စသည်ဖြင့် စုပေါင်းထားသော သုတ်အစုအပေါင်းနှင့် ရုပ်အသွင်အပြင်အနေအထားကိုဆိုသည်။ ဤသည်တို့ကို နားလည်သဘောပေါက်သည်နှင့် ဖော်ပြပါလမ်းနှစ်သွယ်ဖြင့် လွယ်ကူအောင်မြင်စွာ ဥပဒေဘာဝနာပွားများ အားထုတ်နိုင်မည်ဖြစ်သည်။

## ဈာန်ယာဉ်စီး၍ သွားသောလမ်း

ဥပဒေ၏ ပင်ကိုသဘော၊ ပင်ကိုဥပမိရုပ်နှင့်စပ်လျဉ်း၍ အထက်တွင် တင်စားပြောဆိုခဲ့သော ဥပဒေ၏ အနှစ်နှင့်အကာ၊ ဥပဒေ၏ ပင်စည်နှင့် အကိုင်းအခက်၊ အရွက်၊ အဖူးအငုံ၊ အသီးအရွက်တို့ကို စူးစူးစိုက်စိုက် အထူးမြဲမြံ၍ ရှုမှတ်ပါ။ သိနားလည်အောင် ပွားများအားထုတ်ပါ။ စိတ်၏တည်ကြည်ခြင်း၊ စိတ်၏ဖြောင့်မတ်ခြင်း၊ စိတ်၏စင်ကြယ်သန့်ရှင်းခြင်း၊ စိတ်၏ခိုင်မာ ထက်သန်ခြင်းတို့ ရရှိကာ သမာဓိတရားအားကောင်းမှု ဖြစ်ပေါ်လာပါမည်။ ဤတွင် ရပ်မနေပါနှင့် ဆန်ကွဲနှင့်ဆန်၊ အမှန်နှင့်အမှား ခွဲခြားသိနိုင်ရန် ဆက်လက်ပွားများ အားထုတ်ရမည်။

## ဉာဏ်ယာဉ်စီး၍ သွားသောလမ်း

ဥပဒေ၏ အနှစ်နှင့်အကာ၊ ဥပဒေ၏ ပင်စည်နှင့်အကိုင်းအခက်၊ အရွက်၊ အဖူးအငုံ၊ အသီးအပွင့်တို့ကို အခြေခံ၍ဆိုင်ရာဆိုင်ရာကိစ္စအလိုက်၊ ဘာသာရပ်အလိုက် ဥပဒေများကို ပြဋ္ဌာန်းသည်။ ထို့သို့ပြဋ္ဌာန်းထားသည့် ဥပဒေစာအုပ်အရှည်၊ အလတ်၊ အငယ်တို့ကို ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါ။ ဥပဒေ၏ ဝိညာဉ် (Sprit of Law)နှင့် ဥပဒေ၏ အသွေးအသား (Blood of Law)တို့ကို ခွဲခြမ်းစိတ်ဖြာ စိစစ်ပါ။ အကောင်းနှင့်အဆိုး၊ အမှန်နှင့်အမှား၊ တရားမျှတမှုနှင့် မတရားမှုတို့ကို ကွဲကွဲပြားပြား သိမှတ်နိုင်အောင် ရှုပါ၊ ပွားများအားထုတ်ပါ။ စိတ်တည်ကြည်ခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်းဆိုသည့် သမာဓိကို အခြေခံလျက် ကောင်းမွန်သော၊ မှန်ကန်သော၊ တရားမျှတသော အဆုံးအဖြတ်များကို ပေးနိုင်စွမ်းရှိသည့် အသိတရား၊ ပညာတွေရရှိပါမည်။ လောကီလူသားတို့ မျှော်မှန်းတောင့်တကြသော လောကနိဗ္ဗာန်ကို တည်ဆောက်နိုင်ကြမည်ဖြစ်သည်။

## ဥပဒေဘာဝနာပွားများအားထုတ်ခြင်း အကျိုးကျေးဇူး

ဥပဒေဘာဝနာပွားများ အားထုတ်နိုင်ကြသူများသည် လောကီကောင်းကျိုးအဖြာဖြာတို့ကို ရရှိခံစားနိုင်မည်ဖြစ်သည်။ အသိပညာတိုးပွားသည်။ စိတ်ငြိမ်းချမ်းသည်။ စိတ်စင်ကြယ်သည်။ အယူအမြင် စင်ကြယ်သည်။ ဖြောင့်မတ်သည်။ သမာဓိ ခိုင်မြဲသည်။ သီလလုံသည်။ လောကီသူတော်စင်တစ်ဦးအဖြစ်ရောက်ရှိနေမည်။ ဝိပဿနာ ဘာဝနာပွားများ အားထုတ်ဖို့ နီးနီးစပ်စပ်၊ လွယ်လွယ်ကူကူ အဆင်သင့်ရှိနေမည်။

**ဝိပဿနာဘာဝနာ ပွားများအားထုတ်ခြင်းဖြင့် မြတ်နိဗ္ဗာန်သို့ အရောက်လှမ်းနိုင်ကြပါစေ။**

**ဥပဒေဘာဝနာပွားများ အားထုတ်ခြင်းဖြင့် လောကနိဗ္ဗာန်တည်ဆောက်နိုင်ကြပါစေ။**

# Mulan ရုပ်ရှင်ရဲ့ ဇာတ်ဆောင်ကို ရွေးချယ်ပြီးဖြစ် တရုတ်မင်းသမီး လျူရီဖိုင်ကို ရွေးချယ်ထား





ဒစ်စနေးရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သွားမယ့် “Mulan”လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ်မှာ ပါဝင်သရုပ်ဆောင်ဖို့အတွက် ဇာတ်ဆောင်မင်းသမီးကို ရှာဖွေနေရာမှ နောက်ဆုံးမှာတော့ တရုတ်မင်းသမီး ခရစ္စတယ်လျူရီဖိုင်ကို ရွေးချယ်လိုက်ပြီဖြစ်ကြောင်း အမ်တီဗွီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ ယင်းရုပ်ရှင်မှာ ခရစ္စတယ်လျူလို့ လူသိများတဲ့ မင်းသမီးဟာ အမျိုးသမီးလူစွမ်းကောင်းတစ်ဦးအဖြစ် ပါဝင်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးရဲ့ မူလန် ဇာတ်ကောင်ရှာဖွေခြင်း လုပ်ငန်းစဉ်ဟာ လတ်တလောမှာတော့ အဆုံးသတ်သွားခဲ့ပြီဖြစ်ကာ တရုတ်မင်းသမီး လျူရီဖိုင် မူလန်အဖြစ် ပါဝင်သရုပ်ဆောင်ပေးသွားမယ့် ၁၉၉၈ ခုနှစ်ထုတ် ရုပ်သံဖန်တီးမှုရုပ်ရှင် “Mulan”ကို ပြန်လည်ဆန်းသစ်သွားမယ့် လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ်ကိုတော့ ဒါရိုက်တာ နီကီကာရိုက တာဝန်ယူရိုက်ကူးပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ဟောလိဝုဒ် ရက်ပ်ပေါ်တာသတင်းစာရဲ့ ဖော်ပြချက်တွေအရ ယင်းလိုက်ဖ်အက်ရှင်ရုပ်ရှင်သစ်မှာ မူလန်အဖြစ် ပါဝင်သရုပ်ဆောင်စေဖို့အတွက် ဒါရိုက်တာအဖွဲ့က တိုက်ကြီးငါးတိုက်မှ သရုပ်ဆောင်ပေါင်း ၁၀၀၀ ခန့်ကို ဆန်းစစ်ခဲ့ပြီးနောက် လျူရီဖိုင်ကို သဘောတူရွေးချယ်ခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။ မူလန်ဟာ အမျိုးသမီး လူစွမ်းကောင်းတစ်ဦးဖြစ်ပြီး အိမ်မှထွက်ပြေးကာ သူ့ကိုယ်သူ ယောက်ျားလေးတစ်ဦးလို ရုပ်ဖျက်ပြီးနောက် ကျူးကျော်လာသူတွေကို တိုက်ထုတ်ဖို့အတွက် တရုတ်တပ်မတော်ထဲကို ဝင်ခဲ့တာဖြစ်ပါတယ်။ ယင်းဇာတ်ကောင်အတွက် ပါဝင်သရုပ်ဆောင်ပေးဖို့ အနုပညာရှင်တွေကို အချိန်အတော်ကြာ စိတ်ကြိုက်ရှာဖွေခဲ့ပြီးနောက်မှာမှ လျူရီဖိုင်ကို ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။

ယခုနှစ်အစောပိုင်းမှာ “Mulan” လိုက်ဖ်အက်ရှင်ရဲ့ ဒါရိုက်တာ ကာရိုက မူလန် ဇာတ်ကောင်နဲ့ပတ်သက်ပြီး သူ့ရဲ့အမြင်ကို ထုတ်ဖော်ပြောကြားခဲ့ရာမှာတော့ မူလန်ဟာ မိန်းကလေးဖြစ်ပေမယ့် ကိုယ်ခံသိုင်းပညာကို ကျွမ်းကျင်တဲ့ အများနဲ့မတူတဲ့ မိန်းကလေးတစ်ဦးဖြစ်တာကြောင့် ဇာတ်ကောင်စရိုက်နဲ့ လိုက်ဖက်ညီစွာ ကိုယ်ခံပညာနဲ့ပတ်သက်ပြီး အရည်အချင်းကောင်းမွန်သူ၊ ဒ့ါအပြင် အဓိက အားဖြင့် အင်္ဂလိပ်စကားကိုလည်း ကျွမ်းကျွမ်းကျင်ကျင်ပြောနိုင်သူ မင်းသမီးတစ်ဦးကို ရှာဖွေနေကြောင်း ဆိုပါတယ်။ ဒစ်စနေအတွက်တော့ လျူဟာ မူလန်ဇာတ်ကောင်အတွက် အတော်လေးကို ကိုက်ညီတဲ့ မင်းသမီးတစ်ဦးဖြစ်တယ်ဆိုတာ အထင်အရှားပါပဲလို့ ဆိုရမှာပါ။

လျူဟာ တရုတ်နိုင်ငံရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့အပြင် မော်ဒယ်လ်နဲ့ တေးသံရှင်တစ်ဦးအဖြစ်လည်း အောင်မြင်ခဲ့တဲ့ အနုပညာရှင်တစ်ဦးဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်အတွင်း အင်္ဂလိပ်စကားပြော “The Forbidden Kingdom” လို့ အမည်ရတဲ့ ရုပ်ရှင်မှာတော့ ကမ္ဘာကျော် ဟောင်ကောင်မင်းသားတစ်ဦးဖြစ်တဲ့ ဂျက်ကီချန်းနဲ့ စတင်တွဲဖက်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ဟောလိဝုဒ်မင်းသား နီကိုလက်စ်ကေ့ဂျ်နဲ့ တွဲဖက်ကာ ၂၀၁၄ ခုနှစ်အတွင်းမှာ “Outcast” ရုပ်ရှင်ကို ပါဝင်ရိုက်ကူးပေးခဲ့တာဖြစ်ပါတယ်။ “Mulan” လိုက်ဖ်အက်ရှင် ရုပ်ရှင်သစ်မှာတော့ ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်တဲ့ ဒစ်စနေရဲ့ လိုက်ဖ်အက်ရှင် “Beauty and the Beast” မှာကဲ့သို့ အောင်မြင်တဲ့ ဇာတ်ဝင်သီချင်းကောင်းတွေကို ထည့်သွင်းဖန်တီးသွားမှာလား ဆိုတာကို လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေမယ့် ပါဝင်မယ်ဆိုပါက လျူရဲ့ အဆိုပညာပိုင်းကိုလည်း အသုံးချခွင့်ရနိုင်မှာဖြစ်ပါတယ်။ လျူရီဖိုင်ရဲ့ အဆိုပိုင်နိုင်မှုစွမ်းရည်ဟာလည်း သူ့ရဲ့ကျော်ကြားမှုကို အထောက်အပံ့ပေးခဲ့တဲ့အရာတွေထဲက တစ်ခုဖြစ်ပါတယ်။

တရုတ်ဒဏ္ဍာရီပုံပြင်တစ်ပုဒ်ပေါ်ကို အခြေခံကာ ရိုက်ကူးဖန်တီးခဲ့တဲ့ မူလ “Mulan”ရုပ်ရှင်ကားရုံတင်ပြသခဲ့ရာမှာတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀၄ ဒသမ ၃ သန်းရရှိခဲ့ပြီး ဝင်ငွေအရ အောင်မြင်တဲ့ ရုပ်ရှင်တစ်ကားဖြစ်ခဲ့ပါတယ်။ ဒ့ါအပြင် အကယ်ဒမီဆုများစွာကိုလည်း ပိုင်ဆိုင်ခဲ့ပြီး ရွှေကမ္ဘာလုံးဆုပေးပွဲကြီးမှာလည်း ဆုလျာထားစာရင်းမှာ နေရာများစွာရခဲ့တာ ဖြစ်ပါတယ်။

ပြန်လည်ဆန်းသစ်ထားတဲ့ “Mulan”လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ်မှာ ပါဝင်သွားမယ့်အခြားသော ဇာတ်ဆောင်တွေကိုတော့ လတ်တလောအချိန်အထိ တရားဝင် ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေမယ့် ရုပ်ရှင်သစ်ကိုတော့ လာမယ့် ၂၀၁၉ ခုနှစ်အတွင်း စတင်ရုံတင်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

# တရုတ် မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်ဖြစ်လာတဲ့ ယွန်န

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်ပြီး အောင်မြင်တဲ့ သရုပ်ဆောင်တစ်ဦးလည်းဖြစ်တဲ့ ယွန်နဟာ တရုတ်နိုင်ငံထုတ် မဂ္ဂဇင်းတစ်ခုဖြစ်တဲ့ “CeCi China” ရဲ့ ဒီဇင်ဘာလထုတ်မဂ္ဂဇင်းမှာ မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခြင်းခံခဲ့ရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယွန်နဟာ တရုတ်နိုင်ငံရဲ့ ရုပ်ရှင်ချစ်ပရိသတ်တွေအကြားမှာ အထူးအားပေးခံရတဲ့ တောင်ကိုရီးယားအနုပညာရှင်တစ်ဦး ဖြစ်ပါတယ်။ သူဟာ တရုတ်နိုင်ငံနဲ့ ပူးပေါင်းရိုက်ကူးခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲ ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး ဒေသတွင်းမှာသာမက တရုတ်နိုင်ငံမှာပါ ကျော်ကြားတဲ့ အနုပညာရှင်တစ်ဦး ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့်လည်း တောင်ကိုရီးယားအနုပညာရှင်တစ်ဦး ဖြစ်ပေမယ့် “CeCi China” မဂ္ဂဇင်းကြီးရဲ့ မျက်နှာဖုံးရှင်ဖြစ်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။

ယွန်နရဲ့ “CeCi China” မဂ္ဂဇင်းမှ မျက်နှာဖုံးဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ပြီး သူ့ရဲ့ အားလပ်ရက်အတွင်း ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကိုလည်း ယွန်နက သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် ယွန်နဟာ တောင်ကိုရီးယားနိုင်ငံထုတ် “Marie Claire” မဂ္ဂဇင်းကြီးရဲ့ ဒီဇင်ဘာလထုတ် မဂ္ဂဇင်းမှာလည်း မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခံခဲ့ရပါတယ်။ အဆိုပါမဂ္ဂဇင်းနှစ်ခုလုံးရဲ့ မျက်နှာဖုံးဓာတ်ပုံတွေကို ရိုက်ကူးရာမှာတော့ ရွှေရောင်အပြင်အဆင်တွေနဲ့ ဖန်တီးရိုက်ကူးထားတာကိုလည်း တွေ့ရပါတယ်။



အေးပြည့် ရေးသားသည်




# Fire ကို ပြန်လည်ဆန်းသစ်သီဆိုသွားမယ့် ဒါရာ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “2NE 1”ဟာ ပြီးခဲ့တဲ့နှစ်အတွင်း အဖွဲ့ဖျက်သိမ်းကာ နုတ်မထွက်ဘဲ ကျန်ရှိနေတဲ့ အဖွဲ့ဝင်တွေကလည်း တစ်ကိုယ်တော်တေးသံရှင်တွေအဖြစ်သာ အနုပညာခရီးဆက်ကြမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ အဖွဲ့မှာ ဆက်လက်ကျန်ရှိနေခဲ့တဲ့ ဒါရာက တစ်ချိန်က “2NE1”ရဲ့ နာမည်ကျော်တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး အဖွဲ့ဝင်လေးယောက်လုံး ပါဝင်သီဆိုခဲ့တဲ့ “Fire”ကို ကိုယ်ပိုင်ဟန်ဗားရှင်းအသစ်နဲ့ တစ်ကိုယ်တည်း ပြန်လည်သီဆိုဖန်တီးသွားမှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒီဇင်ဘာ ၁ ရက်မှာ ပြုလုပ်သွားမယ့် သူ့ရဲ့ တေးဂီတဖျော်ဖြေပွဲမှာတော့ ဒါရာက “Fire”ကို တစ်ကိုယ်တော်ဖျော်ဖြေတင်ဆက်သွားမှာဖြစ်ပြီး ဒီလိုအဖွဲ့ရဲ့ နာမည်ကျော်တေးသီချင်းကို တစ်ကိုယ်တည်း သီဆိုသွားမှာဖြစ်ကြောင်းကိုတော့ ဒါရာက မကြာသေးမီက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာလည်း ဖြစ်ပါတယ်။ ဒါရာဟာ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာလည်း ပရိသတ်တွေနဲ့ တွေ့ဆုံနှုတ်ဆက်ပွဲတွေနဲ့ ဖျော်ဖြေပွဲတွေ ပြုလုပ်သွားဖို့ရာ စီစဉ်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

# လှိုင်ကော်မြို့ပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများအား စစ်ဆေး

**လှိုင်ကော် နိုဝင်ဘာ ၃၀**

ကယားပြည်နယ် လှိုင်ကော်မြို့တွင် နောင်ယားဈေးရုံ တည်ဆောက်ခြင်း၊ ကယားဒေးကွင်းအနီး ဘောလုံးကွင်းနှစ်ကွင်း ဖော်ထုတ်ဆောင်ရွက်ခြင်း၊ သီရိမင်္ဂလာဈေးရှေ့ ကွန်ကရစ်လျှောက်လမ်း တိုးချဲ့ပြင်ဆင်ခြင်း၊ ဈေးရှေ့ ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်း၊ ဘီလူးချောင်းကမ်းဘေး ယာဉ်ရပ်နားရန် နေရာဆောက်လုပ်ခြင်း၊ လောခမ္မ၊ ဒေါ်တမ၊ နမ့်ဘော်ဝမ် (ခ) ရပ်ကွက်များတွင် အများပြည်သူကစားနိုင်သည့် ဘောလုံးကစားကွင်းများတွင် လိုအပ်သည်များ ကူညီပံ့ပိုး ညွှန်ကြားဆောင်ရွက်နိုင်ရန်အတွက် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လှိုင်ကော်မြို့ နောင်ယားဈေးရှိ နောင်ယားဈေးရုံ ဆောက်လုပ်သည့်နေရာသို့ ကွင်းဆင်းစစ်ဆေးပြီး ဈေးရုံပြီးစီးပါက ပုံကျဈေးအပါအဝင် ဆိုင်ခန်း ၅၀၀ ခန့် ရရှိမည်ဖြစ်ရာ ပွင့်လင်းမြင်သာစွာဖြင့် ထင်သာမြင်သာ ဆောင်ရွက်နိုင်ရေး၊ မီးသတ်ကားအလွယ်တကူ ဝင်ရောက်နိုင်အောင် ဆောင်ရွက်နိုင်ရေး၊ ဈေးသန့်ရှင်းရေးအတွက် ရေမြောင်းများ စနစ်တကျဆောင်ရွက်နိုင်ရေး လမ်းညွှန်မှာကြားပြီး ဈေးကော်မတီဝင်များအား တင်ပြစေခြင်းနှင့် ဈေးရုံအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေအား Power Point ဖြင့် အသေးစိတ် စနစ်တကျတင်ပြနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ လူငယ်လူရွယ်များ ရာသီမရွေးကစားနိုင်ရန်အတွက် လှိုင်ကော်မြို့ လေယာဉ်ကွင်းဘေးရှိ ကယားဒေးပြခန်းများ ပြုလုပ်သည့်နေရာတွင် ဘောလုံးကွင်းနှစ်ကွင်းအား ပြည်နယ်အစိုးရအဖွဲ့ ထောက်ပံ့ငွေ ၉၄၆၄၂၃၅ ကျပ်ဖြင့် ဆောင်ရွက်ခဲ့ရာ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး တစ်ဆက်တည်းပင် ဘောလုံးကွင်း နှစ်ကွင်း ဖော်ထုတ်ရာတွင် လူငယ်များကစားနိုင်ရန်အတွက် ဘော်လီဘောကွင်းတစ်ခုပါ ထည့်သွင်းဆောင်ရွက်ပေးသွားရန် လမ်းညွှန်မှာကြားသည်။ ဆက်လက်၍ ကွင်းအနီး လမ်းမကြီးဘေးတွင် နံနက်ခင်း ကိုယ်လက်လေ့ကျင့်ခန်း ဆောင်ရွက်နိုင်ရန်အတွက် Outdoor Fitness ပစ္စည်းသုံးစုံ တပ်ဆင်ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လှိုင်ကော်မြို့ လောခမ္မရပ်ကွက် သီရိမင်္ဂလာဈေးရှေ့ ကွန်ကရစ်လျှောက်လမ်း တိုးချဲ့ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ဈေးရှေ့ ကွန်ကရစ်တံတား နှစ်စင်း ဆောင်ရွက်မည့်လုပ်ငန်းများ၊ ဈေးရှေ့ ကွန်ကရစ်(ကားပါကင်) ပြုလုပ်ခြင်းလုပ်ငန်းများနှင့် ဈေးအနီး ဘီလူးချောင်းကမ်းဘေးယာဉ်ရပ်နားရန်နေရာ ဆောက်လုပ်ခြင်းလုပ်ငန်းများကို ကွင်းဆင်း စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လောခမ္မရပ်ကွက်(ကြည်သာယာတိုးချဲ့) ရှိ ရပ်ကွက်နေပြည်သူများကစားသည့် ဘောလုံးကွင်းအားကြည့်ရှုစစ်ဆေးပြီး ကွင်းအတွက် လိုအပ်သည်များ ဆောင်ရွက်နိုင်ရန်နှင့် လတ်တလောလိုအပ်သည့် ဘောလုံး ဂိုးတိုင်၊ ပိုက်နှင့် ဘောလုံးများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။ အလားတူ ဒေါ်တမရပ်ကွက် ဘောလုံးကွင်းအတွက်လိုအပ်သော ဘောလုံးဂိုးတိုင်၊ ပိုက်နှင့် ဘောလုံးများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နမ့်ဘော်ဝမ်(ခ)ရပ်ကွက်ရှိ ဘောလုံးကွင်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် ဘောလုံးဂိုးတိုင်၊ ပိုက်နှင့် ဘောလုံးများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့အပြင် နမ့်ဘော်ဝမ် ဂေါ်ရခါးလူငယ်အဖွဲ့အတွက် အလှူငွေကျပ် ၁၅၀၀၀၀ နှင့် မီးပူဖော်ရန်အတွက် အလှူငွေကျပ် ၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၂၀၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကမ္ဘာ့အမွေအနှစ်စာရင်းဝင် စေတီပုထိုးများအား ရှေးမူနှင့်အညီ ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်

**ပြည် နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့အနီးရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ရှေးဟောင်းသရေခေတ္တရာ ပျူမြို့ဟောင်းအတွင်းရှိ စေတီပုထိုးများအား ရှေးမူလက်ရာနှင့်မညီသည့် ပြုပြင်ထိန်းသိမ်းမှုများအား ဖယ်ရှား၍ မူလရှေးဟောင်း လက်ရာအတိုင်း ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြုပြင်ထိန်းသိမ်းမှုများအတွက် နိုင်ငံတော်၏ ဘတ်ဂျက်မှ သိန်း ၂၀၀ အကုန်အကျခံ၍ ပြုပြင်မှုများပြုလုပ်ပြီး ယခုနှစ်တွင် သရေခေတ္တရာရှေးဟောင်းဇုန်အတွင်းရှိ သရေခေတ္တရာ၏ တောင်ဘက်ရှိ မသီးကျဘုရားကုန်းနှင့် သရေခေတ္တရာတောင်ဘက် အပြင်ဘက်ရှိ ဘောဘောကြီးဘုရားအား ပြန်လည်ပြုပြင်ထိန်းသိမ်းမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

"ရှေးဟောင်း အဆောက်အအုံတွေကို ထိန်းသိမ်းဖို့အတွက် ခေတ်ပေါ်အင်္ဂတေတွေ၊ အုတ်တွေနဲ့ ထိန်းသိမ်းထားတဲ့ ထိန်းသိမ်းမှုတွေက ခိုင်ခံ့မလိုလိုနဲ့နှစ်ပေါင်းများလာတဲ့အခါကျတော့ ဒါတွေက ပိုပြီးတော့ ရှေးဟောင်းအဆောက်အအုံအတွက် အန္တရာယ်ဖြစ်လာတယ်၊ သဘာဝသစ်ပင်တွေထဲ စေးကပ်တဲ့ အပင်တွေကသုံးမယ်၊ အင်္ဂတေမသုံးတော့ဘူး အုတ်နီမှုန့်ရယ်၊ ထုံးရယ်၊ သဲရယ် နောက်ပြီးတော့ ဥသျှစ်သီးကရတဲ့ အစေးရယ်၊ ကြံပင်တွေကို ကြိတ်တဲ့အခါမှာရတဲ့စေးကပ်မှုတွေကို ပေါင်းစပ်ပြီးတော့ ကာလာမှာလည်း ဟိုးအရင်တုန်းက ပျူခေတ်က ပုံစံအတိုင်း အုတ်အလွှာတွေကိုလည်း သူ့နေရာနဲ့သူ နံပါတ်တွေတပ်ပြီး ပြန်လည်ပြုပြင်မှုတွေလုပ်မှာပါ" ဟု ကမ္ဘာ့အမွေအနှစ်များဌာနခွဲ (သရေခေတ္တရာဌာနစု)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ရှင်းလင်းပြောကြားသည်။

**ကိုလွင်(ဆွာ)**

# ပဲခူး စစ်မှုထမ်းဟောင်းအဖွဲ့မှ အသက် ၇၅ နှစ်ပြည့် သက်ကြီးစစ်မှုထမ်းဟောင်း ၂၃ ဦးအား ထောက်ပံ့ငွေပေး

**ပဲခူး နိုဝင်ဘာ ၃၀**

ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ၂၀၁၇-၁၈ ပညာသင်နှစ် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲနှင့် သက်ကြီး စစ်မှုထမ်းဟောင်း ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးလှတင်ဦး (ငြိမ်း)က အဖွင့်အမှာစကားနှင့်ထောက်ပံ့ငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပညာသင်ထောက်ပံ့ငွေများနှင့် သက်ကြီးစစ်မှုထမ်းဟောင်းထောက်ပံ့ငွေများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းအလုပ်အမှုဆောင်အဖွဲ့မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ ၁၄ ဦး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားကျောင်းသူ ၃၀၁ ဦးတို့အား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ကျပ် ၃၉၈၀၀၀၀၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ကျပ် ၃၅၂၀၀၀၀၊ တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗလာစာအုပ် ၁၆၁ ဒါဇင်တို့အားလည်းကောင်း၊ အသက် ၇၅ နှစ်ပြည့် သက်ကြီးစစ်မှုထမ်းဟောင်း ၂၃ ဦးအတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ငွေကျပ် ၁၁၅၀၀၀၀၊ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့အတွက် ငွေကျပ် ၄၆၀၀၀၀ စုစုပေါင်း ကျပ် ၉၁၁၀၀၀၀ တို့အား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



**တင်စိုး(ပဲခူး)**

# နည်းပညာဆွေးနွေးပွဲ ရှမ်းပြည်နယ် တောင်ကြီးမြို့၌ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)က ကြီးမှူး၍ နည်းပညာဆွေးနွေးပွဲဖွင့်ပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(ပြည်နယ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲမစတင်မီ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးညွှန့်ရွှေက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် (ရုံးချုပ်) သတင်းအချက်အလက်နှင့် သုတေသနဌာနမှ ဦးထွန်းလင်းမောင်က နည်းပညာဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်အတွင်းရှိ တောင်ကြီး၊ လွိုင်လင်၊ လင်းခေးခရိုင် သုံးခရိုင်မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်း ၃၇ ဦးတို့ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို နှစ်ရက်ကြာပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲတွင် Google Drive အသုံးပြုခြင်း၊ Browser နှင့် Application အသုံးချနည်းပညာ၊ နယ်သတင်းကဏ္ဍ EDMS System ပါဝင်တည်ဆောက်ခြင်း နည်းပညာအကြောင်း သိကောင်းစရာများကို ဦးထွန်းလင်းမောင်က ရှင်းလင်းဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းဇော်လတ် (လင်းခေး)**

# ကျောက်ဖြူမြို့၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ



**ကျောက်ဖြူ နိုဝင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်ဖြူခရိုင်က ကြီးမှူးကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် အခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

ကျောက်ဖြူခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မြန်မာနိုင်ငံ၏ အနာဂတ်တွင်ခေါင်းဆောင်များဖြစ်လာမည့် ကလေးများ၏ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးစာပေနှင့် ရင်းနှီးပြီး စာဖတ်ဝါသနာ ပါလာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုဖန်တီးပေးရန် စသည့် ရည်ရွယ်ချက်တို့ဖြင့် ကလေးစာပေပွဲတော်များကို စီစဉ်ကျင်းပပေးလျက် ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ကျောက်ဖြူမြို့အတွင်းရှိ အ-ထ-က ကျောင်းများမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်း၊ အလှကမ္ဘာမြေသီချင်းနှင့် မဟာနွယ် သီချင်းတို့ဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက ခန်းမအတွင်းပြသထားသော စာအုပ်ပြခန်း၊ ကလေးစာဖတ်ခန်း၊ စာအုပ်အရောင်းဆိုင်၊ ဆေးရောင်ခြယ် ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ ကျင်းပနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ စာပေဟောပြောပွဲကို ကျင်းပရာ စာရေးဆရာမမွန်(ကျောက်ဖြူ)က 'စာပေကပေးသောအသိ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ဝတီထွန်းက 'ယဉ်ကျေးလိမ္မာဆုံးမစာ' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခိုင်ရမ္မာ(ကျောက်ဖြူ)က 'လူငယ်နှင့်ကိုယ်ကျင့်တရား' ခေါင်းစဉ်များဖြင့် အသီးသီး ဟောပြောခဲ့ကြပြီး ပုံပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရကျောင်းသား ကျောင်းသူများအား ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးကလည်းကောင်း၊ အလယ်တန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌကလည်းကောင်း၊ အလယ်တန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းသား ကျောင်းသူများအား ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း၊ ကလေးစာပေပွဲတော်ဖြစ်မြောက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန ဦးစီးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီးပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်၊ ကျောက်ဖြူခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့မိမြို့ဖများနှင့် ကျောင်းသားမိဘများ၊ ဒေသခံစာရေးဆရာများနှင့် စာပေစိတ်ဝင်စားသူများ တက်ရောက်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ဝမ်းချုပ်ခြင်းအကြောင်း သိကောင်းစရာ

ပါမောက္ခ ဒေါက်တာသိန်းမြင့် (YGH-GI)

'ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ၊ မျက်စိအကျင့် ဝမ်းအချင့်' ဆိုတဲ့ ဆိုရိုးစကားတွေအတိုင်း နေ့စဉ်ပုံမှန် ဝမ်းသွားဖို့ ချင့်ချိန်ပြီး နေထိုင်စားသောက်သင့်ပါကြောင်း ရှေးဦးစွာအကြံပြုလိုပါတယ်။

ဝမ်းချုပ်ခြင်းကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုလေ့ရှိကြသော်လည်းလူနာတစ်ဦးနှင့်တစ်ဦး၊ နေထိုင်သည့် ပတ်ဝန်းကျင်ဒေသ၊ အစားအသောက်၊ အနေအထိုင်နှင့် ဓလေ့ထုံးစံများပေါ် မူတည်၍ ကွဲပြားခြားနားလေ့ရှိတတ်ပါသည်။ တစ်နေ့တစ်ကြိမ် ဝမ်းသွားတာ၊ နှစ်ရက်သုံးရက်နေမှ တစ်ခါ ဝမ်းသွားတာဟာ အချို့လူတွေအတွက် ပုံမှန်ဖြစ်ပေမယ့် နေ့စဉ် ပုံမှန်ဝမ်းသွားနေကျလူများတွင် နှစ်ရက်မှသုံးရက်အထိ ဝမ်းမသွားခြင်းကို ဝမ်းချုပ်သည်ဟု အဓိပ္ပာယ်ဖွင့်နိုင်ပါသည်။ ထို့ပြင်ဝမ်းသွားရတာပုံမှန်ထက် ညှစ်နေရခြင်း၊ ဝမ်းသွားချိန်ကြာမြင့်ခြင်း၊ ဝမ်းမာခြင်း၊ ဝမ်းပျော့ဆေးမသောက်ဘဲ ဝမ်းမသွားခြင်းစတဲ့လက္ခဏာတွေ ခံစားနေရရင်လည်း ဝမ်းချုပ်တယ်လို့ ယူဆလို့ရပါတယ်။

**ဝမ်းချုပ်စေတဲ့ အကြောင်းအရာတွေကတော့**

(က) ဆေးဝါးများအနေနဲ့ ကယ်လ်ဆီယမ်၊ အလူမီနီယံပါသောအစာအိမ်ဆေး၊ ကိုဒင်းပါသော အကိုက်အခဲပျောက်ဆေး၊ NSAID အကိုက်အခဲပျောက်ဆေး၊ သံဓာတ်၊ ကယ်လ်စီယမ် ဓာတ်ပါသောဆေးများ၊ စိတ်ကျရောဂါကုသဆေး၊ သွေးတိုးကျဆေး၊ အတက်ကျဆေး၊ ဆီးဆေးနှင့် မူးယစ်ဆေးဝါးများစသည်တို့ကို သောက်သုံးခြင်းကြောင့် ဖြစ်တတ်ပါတယ်။

(ခ) ကိုယ်တွင်း ရောဂါများအနေနဲ့ ဆီးချိုရောဂါ၊ ကျောက်ကပ်အားနည်းရောဂါ၊ ကိုယ်အောက်ပိုင်းမလှုပ်ရှားနိုင်သူများ၊ လေဖြတ်နေသူများ၊ ပိုတက်စီယမ် ဓာတ်များနေခြင်း၊ သိုင်းရွိုက်ဂလင်းအားနည်းရောဂါ၊ စိတ်ကျရောဂါ၊ ပါကင်ဆန်ရောဂါ၊ ကိုယ်ဝန်ရှိခြင်းနှင့် အူလမ်းကြောင်း ပြင်ပမှ အလုံးအကျိတ်များဖိနေခြင်း စတဲ့ ရောဂါများကြောင့်လည်း ဝမ်းချုပ်နိုင်ပါတယ်။

(ဂ) အခြားအကြောင်းအရင်းများအနေနဲ့ အစားအစာစားသောက်မှုပုံစံ လွဲမှားခြင်း၊ ရေသောက်နည်းခြင်း၊ အသီးအနှံအသီးအရွက် အမျှင်ဓာတ်များမစားခြင်း၊ ဝမ်းသွားအကျင့်မမှန်ခြင်း၊ အသက်ကြီးသူများ၊ ကာလရှည်ကြာအိပ်ရာထဲလဲနေသူများ၊ လှုပ်ရှားမှု အလွန်နည်းပါးသူများ၊ အချိန်ကြာမြင့်စွာကား၊ရထားစီးသူများနှင့် ဝမ်းကိုပုံမှန်မသွားဘဲ ချုပ်တည်းထားခြင်း စသည်တို့ကြောင့်လည်း ဖြစ်နိုင်ပါတယ်။

(ဃ) အူလမ်းကြောင်းနဲ့ သက်ဆိုင်တဲ့အကြောင်းအရင်းများကြောင့်လည်း ဝမ်းချုပ်နိုင်ပါတယ်။ ဥပမာ - အူလမ်းကြောင်း လှုပ်ရှားမှုပုံမမှန်ခြင်း၊ အူမကြီးပုံမှန်ထက် အဆမတန်ကျယ်ခြင်း၊ စအို ကျွံခြင်း၊ စအိုကွဲခြင်း၊ ဝမ်းညှစ်ကြွက်သားအားနည်းခြင်းနှင့် အူလမ်းကြောင်းတွင် အတက်များရှိနေခြင်းစတဲ့ အခြေအနေများ။

